တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့် အတင့် ဖြစ်ထွန်းမည်။

■ အတွဲ [၅၅]
အမှတ် [၀၅၃]

# မြန်မာ့အလင်း

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက် [22-11-2015]

MYANMA ALINN SUNDAY ISSUE


အရိယ သစ္စာန ဒဿနံ
ဧတံမင်္ဂလ မုတ္တမံ
သစ္စာလေးပါးကို
သိခြင်းသည် မြတ်သော
မင်္ဂလာမည်၏။

# အာဆီယံအသိုက်အဝန်း ရည်မှန်းချက်များ အောင်မြင်ရန် မြန်မာနိုင်ငံသည် အားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်




(၂၇)ကြိမ်မြောက် အာဆီယံထိပ်သီး မျက်နှာစုံညီအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကြစဉ်။ (သတင်း၊ စာမျက်နှာ-၆) Photo-YHT

## တနင်္ဂနွေ ဖတ်စရာများ


ရန်ကုန်မြို့ပြအမွေအနှစ်များရဲ့ရာဇဝင်
ရန်ကုန်မြို့အတိတ်ကို ဟိုတယ်အဟောင်းကြီးပေါ်ကနေ ပြန်မျှော်ကြည့်ရအောင် စာ ➢ ၁၅

ကျန်းမာရေးဖတ်စရာ
ဂီတထဲက ကျန်းမာရေးဆုလာဘ်တွေ စာ ➢ ၁၈

ခရီးသွားဆောင်းပါး
မရိုးနိုင်တဲ့ တွံတေးအိုးများဆီသို့ စာ ➢ ၁၆

ရှေးဟောင်းသုတေသန
မောင်းမကန်သို့ စာ ➢ ၁၉





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မြန်မာ့သယံဇာတ စနစ်တကျထုတ်ယူသုံးစွဲရေး

ကျွန်ုပ်တို့မြန်မာနိုင်ငံ၏စီးပွားရေးသည် အဓိကအားဖြင့် ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက် နှင့် ကျွန်းသစ်စသော သဘာဝသယံဇာတထွက်ကုန်များကို တင်ပို့ရောင်းချမှုအပေါ်တွင် ရပ်တည်လျက်ရှိပါသည်။ သဘာဝသယံဇာတဟူသည် အလွန်အကျွံထုတ်ယူသုံးစွဲနေလျှင် ကုန်ဆုံးသွားနိုင်ပါသည်။ စနစ်တကျထုတ်ယူပြီး စီမံခန့်ခွဲသုံးစွဲတတ်မှသာ ရေရှည်အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း ကျွန်ုပ်တို့မြန်မာနိုင်ငံအနေဖြင့် သဘာဝသယံဇာတများကို ပြည်သူလူထုအတွက် မည်ရွေ့မည်မျှ စနစ်တကျစီမံခန့်ခွဲ အကျိုးရှိစွာ ထုတ်ယူသုံးစွဲနေမှုကို နိုင်ငံတကာ စိစစ်အကဲဖြတ်မှုကိုခံယူနိုင်မည့် တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု (Extractive Industry Transparency Initiative-EITI)၏ တင်းပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်ရေး ကြိုးပမ်းလျက်ရှိပါသည်။ တွင်းထွက်သယံဇာတများနှင့်ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုရှိရေးအတွက် ကမ္ဘာပေါ်တွင် EITI ဆိုသည့်အဖွဲ့ကို ထူထောင်လျက် လှုပ်ရှားဆောင်ရွက်လျက်ရှိပါသည်။ အသင်းဝင်ဖြစ်ရေးအတွက် နိုင်ငံတိုင်းဝင်ခွင့်မရပါ။ သတ်မှတ်ထားသည့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီမှသာ အသင်းဝင်နိုင်ငံဖြစ်ခွင့်ရှိမည်ဖြစ်ပါသည်။

EITI အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခြင်းဖြင့် သယံဇာတကရရှိလာသော ငွေကြေးနှင့်ဝင်ငွေများကို အလွဲသုံးစားမပြုဘဲ ပြည်သူလူထုအတွက် ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျစီမံခန့်ခွဲ၍ သုံးစွဲလာနိုင်မည်ဖြစ်ပါသည်။ EITI အဖွဲ့ဝင်နိုင်ငံတိုင်းသည် တင်းပြည့်အဖွဲ့ဝင်နိုင်ငံမဖြစ်မီ သယံဇာတများထုတ်ယူသုံးစွဲနေမှုနှင့်ပတ်သက်ပြီး အစီရင်ခံစာတစ်ရပ် ထုတ်ပြန်လေ့ရှိပါသည်။ ဤအစီရင်ခံစာသည် EITI အဖွဲ့ဝင်ဖြစ်ရေး ကြိုးပမ်းမှုတစ်ရပ်လည်းဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာအောင် အကောင်အထည်ဖော်ဆောင်ရွက်မှုကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ဦးဆောင်အဖွဲ့ကို ဖွဲ့စည်း၍ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ် ဧပြီလတွင် လုပ်ငန်းကော်မတီဖွဲ့စည်း၍ စတင်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ် ဧပြီလတွင် လုပ်ငန်းကော်မတီဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ရာ တစ်နှစ်ကျော်ကာလ ၂၀၁၄ ခုနှစ် ဇူလိုင်လတွင်ပင် EITI အဖွဲ့ဝင်လောင်း နိုင်ငံဖြစ်လာခဲ့ပါသည်။ အဖွဲ့ဝင်လောင်းနိုင်ငံဖြစ်ပြီးနောက် တင်းပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်ရေးကို ရည်မှန်းချက်ထား၍ အဆင့် ၁၀ ဆင့်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

ယခုအခါ EITI အဖွဲ့ဝင်နိုင်ငံပေါင်း ၅၀ ကျော်ရှိလာပြီဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ၄၅ နိုင်ငံမြောက်အဖွဲ့ဝင်ဖြစ်ပြီး မြန်မာနိုင်ငံနောက်တွင် အဖွဲ့ဝင် ၁၀ နိုင်ငံ ထပ်မံတိုးလာဦးမည်ဖြစ်ကြောင်း သိရသည်။ EITI သည် ဖွံ့ဖြိုးဆဲနိုင်ငံများသာမက အမေရိကန်နှင့် ဗြိတိန်ကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံများပါ အဖွဲ့ဝင်ဖြစ်ရေး ကြိုးပမ်းလျက်ရှိပါသည်။ EITI သည် ကမ္ဘာ့စံတစ်ခုဖြစ်ပြီး ကမ္ဘာ့စံထဲတွင် မြန်မာနိုင်ငံပါဝင်ခွင့်ရရှိခြင်းသည် သယံဇာတများကို စနစ်တကျစီမံခန့်ခွဲသုံးစွဲတတ်ရန် အခွင့်အလမ်းကောင်း တစ်ရပ်ပင်ဖြစ်ပါသည်။

သို့ပါ၍ EITI အဖွဲ့ဝင်နိုင်ငံဖြစ်လာသည်နှင့်အမျှ သယံဇာတများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စနစ်တကျထုတ်ယူပြီး အထူးသဖြင့် သယံဇာတထွက်ကုန်များမှရရှိလာသော ငွေကြေး၊ ဝင်ငွေများကို ပြည်သူလူထုအတွက် အခြေခံအဆောက်အအုံကဲ့သို့ စီမံကိန်းလုပ်ငန်းကြီးများတွင် အားလုံးက ပွင့်လင်းမြင်သာစွာ လုပ်ကိုင်တော့မည်ဖြစ်၍ မြန်မာ့သယံဇာတများ လေလွင့်ပြုန်းတီးမှုမရှိဘဲ စနစ်တကျ ထုတ်ယူသုံးစွဲလာနိုင်တော့မည်ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |

# တီဘီဝေဒနာရှင်များအား ရှာဖွေကုသ

**ကန့်ဘလူ နိုဝင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ တိုင်းဒေသကြီး တီဘီတိုက်ဖျက်ရေးဌာန တီဘီရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာငြိမ်းငြိမ်းအေးကြီးကြပ်စီမံခန့်ခွဲမှုဖြင့် ထောင်စုနှစ်ရည်မှန်းချက် ရောဂါသုံးမျိုးရန်ပုံငွေအစီအစဉ်ဖြင့် (3G Funn) ဆောင်ရွက်သော (Mobile Team) ရွေ့လျားဆေးအဖွဲ့များက ကျေးရွာအရောက်ကွင်းဆင်းပြီး ရွက်ပုန်းသီး တီဘီလူနာများရှာဖွေကုသခြင်းလုပ်ငန်းများကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ် စံပါယ်နံ့သာကျေးရွာတွင် နိုဝင်ဘာ ၁၉ ရက်က ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ တီဘီသံသယလူနာ ၁၃၆ ဦးကို ဓာတ်မှန်ရိုက်စစ်ဆေးပေးပြီး ၁၆ ဦးကို သလိပ်စစ်ဆေးပေးခဲ့သည်။ သလိပ်ပိုးတွေ့လူနာတစ်ဦးအပါအဝင် စုစုပေါင်း လူနာလေးဦးကို ဆေးကျွေးကုသခဲ့ကြောင်း မြို့နယ်တီဘီတိုက်ဖျက်ရေးဌာန ဆရာ ဦးအေးမင်းနိုင်က ပြောကြားသည်။

ကန့်ဘလူမြို့နယ်တွင် နိုဝင်ဘာ ၁၉ ရက်အထိ ဇီးကုန်း၊ ဘူးကုန်း၊ ထန်းကုန်းနှင့် စံပါယ်နံ့သာကျေးရွာများ၌ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ စုစုပေါင်းတီဘီ သံသယလူနာ ၅၈၁ ဦးကို ဓာတ်မှန်ရိုက်စစ်ဆေးပေးခဲ့ပြီး ၉၉ ဦးကို သလိပ်ပိုးစစ်ဆေးပေးခဲ့ရာ ပိုးတွေ့လူနာနှစ်ဦး အပါအဝင် စုစုပေါင်း လူနာ ၂၄ ဦးကို တီဘီရောဂါရှင်အဖြစ် ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးကုသခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာကျေးရွာများမှ ကျေးလက်ကျန်းမာရေးဌာနဆရာမများက ရွက်ပုန်းသီးလူနာများကို ကြိုတင်ရှာဖွေပေးခြင်း၊ ဆေးကုသပေးခြင်းလုပ်ငန်းများအဆင်ပြေစေရေးအတွက် ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးခြင်း၊ ကန့်ဘလူမြို့နယ် ခုတင် ၁၀၀ ပြည်သူ့ဆေးရုံမှ တီဘီတိုက်ဖျက်ရေးဌာနဝန်ထမ်းများ၊ ဓာတ်ခွဲခန်းမှူးများ၊ ဆရာ ဆရာမများနှင့် လူမှုရေးအဖွဲ့အစည်းများက ပူးပေါင်းကူညီ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# လမ်းမပေါ် စပါးလှန်းမှု ယာဉ်အန္တရာယ်စိုးရိမ်ရ


ထင်သာမြင်သာပြုပြင်စရာ

မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ကောက်ဦးစပါးများ ရင့်မှည့်လာသဖြင့် ရိတ်သိမ်းပြီးစပါးများ ဈေးကောင်းရရှိရန် ရိတ်သိမ်းခြွေလှေ့စက်များဖြင့် မိုးရှောင်ရိတ်သိမ်းလျက်ရှိပြီး စိုစွတ်နေသော စပါးများခြောက်သွေ့စေရန် ကျယ်ဝန်းသော မြေကွက်လပ်များတွင် နေလှန်းရမည့်အစား မော်တော်ယာဉ်များ၊ ခရီးသွားပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ နေ့စဉ်သွားလာနေသော လမ်းမကြီးပေါ်တွင် စပါးများလှန်းခြင်း၊ ချိန်တွယ်ခြင်း၊ ကားတင်ကားချလုပ်ခြင်းများကို ပဲခူးတိုင်းဒေသကြီး မြို့နယ်အချို့တွင် ပြုလုပ်နေကြသည်ကိုတွေ့ရသည်။ လမ်းမပေါ်တွင် သွားလာနေသော ယာဉ်ကြီး/ ယာဉ်ငယ် နှင့် ခရီးသွားပြည်သူများ ယာဉ်မတော်တဆမှုများဖြစ်ပွားနိုင်ခြင်း၊ ကျွဲ၊ နွား၊ လှည်းများနှင့် ရှောင်တိမ်းမှုအတွက် မလွတ်ကင်းခြင်းကြောင့် ခိုက်ရန် ဒေါသဖြစ်ခြင်းများ ကြုံတွေ့နေရခြင်းလည်းရှိရာ တာဝန်ရှိသူများက လမ်းမပေါ်တွင် စပါးလှန်းမှုများကို ထိရောက်စွာ တားမြစ်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ကျောင်းသားမိဘများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**သိန်းအေး**




# SVA ဒုတိယဥက္ကဋ္ဌ ကလေးစာဖတ်ခန်းကြည့်ရှု

**ဇီးကုန်း နိုဝင်ဘာ ၂၁**

ဇီးကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရှန်တီအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်ထားသော ကလေးစာဖတ်ခန်းတွင် ဂျပန်နိုင်ငံ SVA ဒုတိယဥက္ကဋ္ဌ Rev. Sanbe နှင့်ဇနီး Mrs. Tawako၊ အုပ်ချုပ်မှုဒါရိုက်တာ Aki Nakahara တို့သည် နိုဝင်ဘာလတတိယပတ်က ကလေးငယ်များ စာပေဖတ်ရှုနေမှုကို ကြည့်ရှုပြီး ကလေးများနှင့်အတူ ကျန်းမာရေးလှုပ်ရှားမှုနှင့် စက္ကူအရုပ်များခေါက်ခြင်းတို့ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**သိန်းတိုး(ဇီးကုန်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၁-၁၁-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၇၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၁၃၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် | မန္တလေး |
|---|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် | ၆၈၀/၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၇၀/၆၉၀ ကျပ် | ၇၄၀/၇၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၇၀/၇၉၀ ကျပ် | ၈၅၀/၉၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၇၀/၆၈၀ ကျပ် | ၇၄၀/၇၅၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၉၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၉.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၆.၈၀ |
| ထိုင်း | တစ်ဘတ် | ၃၆.၂၁၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၂၆ |
| တရုတ် | တစ်ယွမ် | ၂၀၃.၂၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀.၈၂ |

ခင်ရတနာ-စုစည်းသည်။




# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လူကုန်ကူးမှုဆန့်ကျင်ရေး အာဆီယံကွန်ဗင်းရှင်းလက်မှတ်ရေးထိုးပွဲသို့ တက်ရောက်

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၁**

လူကုန်ကူးမှုဆန့်ကျင်ရေး အာဆီယံကွန်ဗင်းရှင်းလက်မှတ်ရေးထိုးပွဲကို ယနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ကွာလာလမ်ပူကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကြပြီး လူကုန်ကူးမှုဆန့်ကျင်ရေး အာဆီယံကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။ **(အပေါ်ပုံ)**

ဒေသတွင်း လူကုန်ကူးမှုပြဿနာအား အရေးတကြီးဖြေရှင်းရန် လိုအပ်ကြောင်း အသိအမှတ်ပြုသည့်အားလျော်စွာ ၂၀၁၁ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များသည် လူကုန်ကူးမှုဆိုင်ရာ အာဆီယံကွန်ဗင်းရှင်းတစ်ရပ် ထည့်သွင်းစဉ်းစားရန် နိုင်ငံဖြတ်ကျော်မှုခင်းကို တာဝန်ယူသော ဝန်ကြီးများအား တာဝန်ပေးအပ်ခဲ့သည်။

လူကုန်ကူးခံရသူများ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များမှာ အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးရန် အခြေခံအခွင့်အရေးတစ်ရပ် ရှိကြောင်း အာဆီယံခေါင်းဆောင်များက ထပ်မံ၍ အလေးပေးပြောကြားခဲ့သည်။

လူကုန်ကူးမှုပြဿနာ ထိရောက်စွာဖြေရှင်းမည့် ဒေသတွင်းဥပဒေဆိုင်ရာ မူဘောင်တစ်ရပ်ထူထောင်သည့် အမျိုးသမီးနှင့် ကလေးငယ်များအပါအဝင် လူကုန်ကူးမှုဆန့်ကျင်ရေး အာဆီယံကွန်ဗင်းရှင်း (ACTIP) က လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ဒေသတွင်းလူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ နိုင်ငံရေးခံယူချက်နှင့် ကတိကဝတ်ကို ထင်ထင်ရှားရှားပြသသည်။

ACTIP ၏ ဦးတည်ချက်များမှာ အမျိုးသမီးနှင့် ကလေးငယ်များအပါအဝင် လူကုန်ကူးမှုအား ထိရောက်စွာ တားဆီးတိုက်ဖျက်ရန်နှင့် လူကုန်ကူးသူများအား တရားမျှတ၍ ထိရောက်သော ပြစ်ဒဏ်ပေးရန်၊ လူကုန်ကူးခံရသူများအား ၎င်းတို့၏လူ့အခွင့်အရေးများကို အပြည့်အဝလေးစားကာ ကာကွယ်စောင့်ရှောက်ရန်နှင့် ကူညီပေးရန်၊ ထိုဦးတည်ချက်များ ပြည့်မီစေရန် သက်ဆိုင်ရာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်တို့ဖြစ်သည်။

ACTIP မှာ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၃ ရက်က ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့၌ အာဆီယံခေါင်းဆောင်များ လက်မှတ်ရေးထိုးခဲ့သည့် တန်ပြန်အကြမ်းဖက်မှုဝါဒဆိုင်ရာ အာဆီယံကွန်ဗင်းရှင်းပြီးနောက် အာဆီယံဒေသအတွက် ဒုတိယမြောက် ကွန်ဗင်းရှင်းဖြစ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတွတ်ဆရီ မူဟာမက် နာဂျစ်ဘင်တွန်း အဗ္ဗဒူ ရာဇတ်က အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

# မဲခေါင်တိုယိုတာပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ရန်ကုန်နှင့် လာအိုတိုယိုတာအသင်းတို့ကစားမည်

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် နိုဝင်ဘာ ၂၁**

၂၀၁၅ မဲခေါင်တိုယိုတာဖလားကလပ်အသင်းပြိုင်ပွဲအုပ်စု ဒုတိယပွဲစဉ်အဖြစ် ရန်ကုန်ယူနိုက်တက်အသင်းနှင့် လာအိုတိုယိုတာအသင်းတို့မှာနိုဝင်ဘာ ၂၂ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို မဲခေါင်ဒေသတွင်း နိုင်ငံများမှ ကလပ်အသင်းငါးသင်း ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားကလပ်အသင်းများမှာ ပထမအဆင့်မှ စတင်ကစားရခြင်းဖြစ်သည်။ ဗီယက်နမ်ကလပ်အသင်းမှာ ဆီမီးဖိုင်နယ်၊ ထိုင်းကလပ်အသင်းမှာ ဗိုလ်လုပွဲအဆင့်တို့မှ စတင်ကစားရမည်ဖြစ်ပြီး ပထမအဆင့်မှ အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးတစ်သင်းသာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ရန်ကုန်အသင်းမှာ ၂၀၁၅ MNL အမှတ်ပေးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သောကြောင့် ယခုပြိုင်ပွဲကိုယှဉ်ပြိုင်ရခြင်းဖြစ်ပြီး လာအိုတိုယိုတာအသင်းနှင့်ပွဲကို အိမ်ကွင်း ကမ္ဘောဒီးယားကလပ် အန်ကောအသင်းနှင့်ပွဲကို အဝေးကွင်းပွဲစဉ် ကစားရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် လာအိုတိုယိုတာအသင်းနှင့် ယနေ့ကစားရမည်ဖြစ်ပြီး အန်ကောအသင်းနှင့်ပွဲကို နိုဝင်ဘာ ၂၉ ရက်တွင် အဝေးကွင်းပွဲစဉ်ကစားရမည်ဖြစ်သည်။ လာအိုတိုယိုတာအသင်းမှာ ပထမပွဲတွင် အန်ကောအသင်းကို အိမ်ကွင်း၌နှစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးနိမ့်ထားသည်။



နှစ်ဖက်အသင်းနည်းပြနှင့် အသင်းခေါင်းဆောင်တို့ ပွဲကြိုသတင်းစာရှင်းလင်းပွဲ၌ တွေ့ရစဉ်။

ရန်ကုန်အသင်းနှင့် လာအိုတိုယိုတာအသင်းတို့ပွဲကို ညနေ၄ နာရီတွင် စတင်မည်ဖြစ်ပြီး ပွဲမစတင်မီ နာမည်ကြီး တေးသံရှင်များဖြစ်သည့် Rဇာနည်၊ နီနီခင်ဇော်၊ အိမ့်ချစ်တို့က ဖျော်ဖြေမည်ဖြစ်ကာ ပရိသတ်များအတွက် ကံစမ်းမဲနှင့်ဂိမ်းအစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။ ရန်ကုန်အသင်းတွင် ပြည်တွင်းနာမည်ကြီး အစုံအလင်ပါဝင်မည်ဖြစ်သော်လည်း ဘရာဇီးတိုက်စစ်မှူး အက်ဒီဆင်နှင့် ဂါနာနောက်ခံလူ အဒန်တို့ကို ခေါ်ယူထားရာ နိုင်ငံခြားသားနှစ်ဦးသာ ပါဝင်မည်ဖြစ်သည်။

ယင်းပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက ဟိုတယ်ရန်ကုန်၌ ကျင်းပသည်။

ရန်ကုန် အသင်းနည်းပြချုပ် အီမာဆင်က "လာအိုတိုယိုတာအသင်းမှာ အသင်းကောင်းတစ်သင်းဖြစ်သောကြောင့် ခက်ခက်ခဲခဲကစားရမည်ဖြစ်ကြောင်း၊ သို့သော် မိမိတို့အနေဖြင့် ဆီမီးတက်မည်ဟု ယုံကြည်ကြောင်း၊ လာအိုတိုယိုတာအသင်းနှင့် ပွဲဦးထွက်ပွဲတွင် အနိုင်ရမည်ဟု ယုံကြည်ကြောင်း၊ ယင်းကဲ့သို့ ပြောကြားခြင်းမှာ ပြိုင်ဘက်အသင်းကို အထင်သေး၍မဟုတ်ဘဲ ပြိုင်ဘက်နှစ်သင်း၏ အနေအထားကို လေ့လာပြီး၍ဖြစ်ကြောင်း၊ လာအိုတိုယိုတာအသင်းကို အနိုင်ကစားရန်လိုသည့်အပြင် ဂိုးများစွာသွင်းယူနိုင်ရန် လိုကြောင်း၊ နိုင်ငံခြားသားနှစ်ဦးသာပါမည်ဖြစ်သော်လည်း ပြည်တွင်းကစားသမားများ၏ခြေစွမ်းကို အပြည့်အဝယုံကြည်ကြောင်း" ဖြင့် ပြောကြားသည်။

လာအိုတိုယိုတာအသင်း နည်းပြချုပ် ခမ်ဒါရာက "ပထမပွဲ၌ ရှုံးနိမ့်ထား၍ ယခုပွဲကိုမဖြစ်မနေ အနိုင်ကစားရမည်ဖြစ်ကြောင်း၊ ရန်ကုန်အသင်းကိုအနိုင်ကစားနိုင်ရန်ပြင်ဆင်ထားကြောင်း၊ ခက်ခဲသည့်ပွဲစဉ်တစ်ပွဲကို ကျော်ဖြတ်နိုင်မည်ဟု ယုံကြည်ကြောင်း"ဖြင့် ပြောကြားခဲ့သည်။

# ကျောင်းစာသင်ခုံများကို အခြေခံပညာကျောင်းများသို့ လွှဲပြောင်းပေးအပ်

**ကျောက်မဲ နိုဝင်ဘာ ၂၁**

ရှမ်းပြည်နယ် ကျောက်မဲခရိုင် ကျောက်မဲမြို့၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျောင်းစာသင်ခုံများကို အခြေခံပညာကျောင်းများသို့ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ နိုဝင်ဘာ ၂၁ ရက် နံနက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆောင်ဆီက အမှာစကားပြောကြားပြီး ခုံများကိုပေးအပ်ရာ သက်ဆိုင်ရာကျောင်းများမှ ကျောင်းအုပ်ကြီးများက လက်ခံရယူကြသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူးက ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အား ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါခုံများကို အထက(၁)၊ အထက(၂)၊ အထက(၄)တို့မှ အစုံ ၇၀ စီ၊ အထက(၃) မှ ၆၅ စုံနှင့် အလက ပန်ကွမ်နှင့် မူလွန်နမ့်ဟူးတောင်းတို့မှ အစုံ ၅၀ စီကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အိုင်အက်စ်အကြမ်းဖက်သမားများကိုတိုက်ဖျက်ချေမှုန်းရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်ချ

**ကုလသမဂ္ဂ နိုဝင်ဘာ ၂၁**

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် နိုဝင်ဘာ ၂၀ ရက်က အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွအုပ်စုနှင့် အလားတူအုပ်စုများ၏အကြမ်းဖက်တိုက်ခိုက်မှုများကို ပူးပေါင်းကာကွယ်နှိမ်နင်းရန် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ခဲ့သည်။

အများဆန္ဒနှင့်အညီ ချမှတ်ခဲ့သောဆုံးဖြတ်ချက်က အဖွဲ့ဝင်နိုင်ငံများအားလုံးကို အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွအုပ်စုနှင့် အလားတူအုပ်စုများ၏ အကြမ်းဖက်တိုက်ခိုက်မှုနှင့်ပက်သက်ပြီး လိုအပ်သော အရေးယူဆောင်ရွက်မှုများနှင့် ၎င်းတို့ကိုနှိမ်နင်းတိုက်ဖျက်သွားရန်အတွက် စွမ်းရည်ပြည့်စုံပြီး ပူးပေါင်းဆောင်ရွက်မှုရှိရန် တိုက်တွန်းလိုက်သည်။

အဆိုပါဆုံးဖြတ်ချက်က ဆောက်စီ၊ အန်ကာရာ၊ ဆိုင်းနိုင်း၊ ဘေရွတ်နှင့် ပါရီတို့တွင်ပြုလုပ်ခဲ့သော ကြောက်မက်ဖွယ်ကောင်းသည့် အိုင်အက်စ်အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ပြန်ပေးဆွဲသတ်ဖြတ်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ထားခြင်းအပါအဝင် အခြားအကြမ်းဖက်မှုများကိုလည်း အပြင်းအထန်ဝေဖန်ရှုတ်ချထားသည်။

ထို့အပြင် ယင်းဆုံးဖြတ်ချက်က ကြောက်မက်ဖွယ်ကောင်းသည့် အိုင်အက်စ်အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ပြန်ပေးဆွဲသတ်ဖြတ်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ထားခြင်းအပါအဝင် အခြားအကြမ်းဖက်မှုများကိုခံစားခဲ့ရသော တူနီရှား၊ တူရကီ၊ ရုရှား၊ လက်ဘနွန်နှင့် ပြင်သစ်နိုင်ငံအစိုးရများနှင့် ပြည်သူများအတွက် ထပ်တူဝမ်းနည်းကြေကွဲခံစားရကြောင်း ဖော်ပြခဲ့သည်။

အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံပေါင်းစုံတွင် ပြုလုပ်ခံရလျက်ရှိသည်။ ထိုသို့ပြုလုပ်ခဲ့သော အကြမ်းဖက်လုပ်ရပ်များအနက် ကမ္ဘာကြီးအားထိတ်လန့်တုန်လှုပ်စေသော အကြမ်းဖက်မှုမှာ လွန်ခဲ့သောသောကြာနေ့က ဖြစ်ပွားခဲ့သော ပြင်သစ်နိုင်ငံပါရီတိုက်ခိုက်မှုဖြစ်ပြီး ယင်းတိုက်ခိုက်မှုတွင် လူပေါင်း ၁၃၀ သေဆုံးခဲ့ကာ အများအပြားဒဏ်ရာရခဲ့ကြသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ပြီးနောက် ကုလသမဂ္ဂဆိုင်ရာ ပြင်သစ်နိုင်ငံ အမြဲတမ်းကိုယ်စားလှယ် ဖရန်ဆွာ ဒီလက်တာ



က အိုင်အက်စ်အကြမ်းဖက်အဖွဲ့နှင့် အလားတူအခြားအကြမ်းဖက်အဖွဲ့များက ပြုလုပ်သည့် ကြောက်မက်ဖွယ်ကောင်းသည့် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ပြန်ပေးဆွဲသတ်ဖြတ်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ထားခြင်းအပါအဝင် အခြားအကြမ်းဖက်မှုများကို နှိမ်နင်းတိုက်ဖျက်ရန် ပူးပေါင်းညှိနှိုင်းလုပ်ဆောင်သွားကြရန်အတွက် အမေရိကန်နိုင်ငံ နယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ်တွင် နိုဝင်ဘာ ၂၀ ရက်က တိုက်တွန်းပြောကြားခဲ့သည်။ **(ဆင်ဟွာ)**



# မာလီဟိုတယ်တိုက်ခိုက်မှု သေဆုံးသူ ၁၉ ဦးရှိ

**ဘာမာကို နိုဝင်ဘာ ၂၁**

မာလီမြို့တော် ထိပ်တန်းဟိုတယ်တစ်ခုတွင် နိုင်ငံခြားသားအများအပြားအပါအဝင် လူပေါင်း ၁၇၀ အား မာလီကွန်မန်ဒိုများက ဝင်ရောက်ကယ်တင်မှု မပြုလုပ်မီ အစ္စလာမ္မစ်စစ်သွေးကြွများ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည်။ လူ ၁၉ ဦးသေဆုံးခဲ့ရပြီး စစ်သွေးကြွနှစ်ဦးလည်း သေဆုံးခဲ့ရသည်။

အဆိုပါ တိုက်ခိုက်မှုသည် ဂျီဟတ်အုပ်စုအယ်လ်မော်ရာဘီတွန်းနှင့် အစ္စလာမ္မစ် မာဂရက်ရှိအယ်လ်ခိုင်ဒါ (အေကျူအိုင်အမ်)တို့၏လက်ချက်ဖြစ်ကာ လူ ၁၉ ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း မာလီသမ္မတ အီဘရာဟင်ဘော်ဘာဘာကီတာက ကြေညာသည်။အိုင်အက်စ်စစ်သွေးကြွများက လူပေါင်း ၁၃၀ သေဆုံးခဲ့ရသည့် ပါရီမြို့တိုက်ခိုက်မှုအပြီး သီတင်းတစ်ပတ် အကြာ အဆိုပါ ရစ်ဒစ်ဆွန်ဘလူးဟိုတယ်ကို သောကြာနေ့က လျှပ်တစ်ပြက်တိုက်ခိုက်ခဲ့သည်။ အစ္စလာမ္မစ်စစ်သွေးကြွများသည် နှစ်များစွာ မာလီမြောက်ပိုင်း သဲကန္တာရအတွင်း ထကြွသောင်းကျန်းလျက်ရှိရာ ယခုတိုက်ခိုက်မှုသည် သေပျောက်မှုအများဆုံး သွေးထွက်သံယိုအဖြစ်ဆုံး တိုက်ခိုက်မှုကြီးဖြစ်သည်ဟု တာဝန်ရှိသူများက ဆိုသည်။

အဆိုပါတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး မာလီသမ္မတက ရုပ်မြင်သံကြားမှတစ်ဆင့် နိုင်ငံသို့အရေးပေါ် အခြေအနေ ၁၀ ရက်ကြေညာပြီး သေဆုံးသူများအတွက် ဝမ်းနည်းဖွယ်နေ့အဖြစ် သုံးရက်ကြာပြုလုပ်သွားမည်ဟု ဆိုသည်။ **(ရိုက်တာ)**

# အစ္စလာမ္မစ်အစွန်းရောက်များအား ထိပ်တိုက်ရင်ဆိုင်ရန် ကမ္ဘာ့ခေါင်းဆောင်များအား မလေးရှားတိုက်တွန်း

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၁**

ကမ္ဘာ့ခေါင်းဆောင်များအနေဖြင့် အစ္စလာမ္မစ် အစွန်းရောက်များအား ထိပ်တိုက် ရင်ဆိုင်ကြရမည်ဖြစ်ကြောင်း၊ ယင်းမှာ ဘာသာရေး၊ လူမျိုးရေး မဟုတ်ဘဲ အကြမ်းဖက်မှုများသာဖြစ်ကြောင်း ကွာလာလမ်ပူမြို့၌ကျင်းပသော အာဆီယံထိပ်သီးအစည်းအဝေးတွင် မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်က တိုက်တွန်းလိုက်သည်။

မာလီကွန်မန်ဒိုတပ်ဖွဲ့ဝင်များက မာလီမြို့ ဟိုတယ်တစ်ခုအတွင်း ဝင်ရောက်ကာ လူပေါင်း ၁၇၀ အား ကယ်တင်မှုမပြုလုပ်မီ ယင်းဟိုတယ်၌ အစ္စလာမ္မစ် စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် လူပေါင်း ၁၉ ဦးသေဆုံးခဲ့ရသည်။

အိုင်အက်စ် စစ်သွေးကြွများသည် ပါရီမြို့တွင် ညှိနှိုင်းတိုင်ပင်၍ တိုက်ခိုက်ခဲ့သည့် တိုက်ခိုက်မှုများအတွင်း လူပေါင်း ၁၂၉ ဦး သေဆုံးခဲ့ပြီးနောက် သီတင်း တစ်ပတ်အကြာ အဆိုပါ မာလီ ဟိုတယ်တိုက်ခိုက်မှု သတင်းပေါ်ထွက်လာခြင်းဖြစ်သည်။

“ဒီကိစ္စကလူမျိုးရေး၊ ဘာသာရေးနဲ့ မဆိုင်ပါဘူး။ အကြမ်းဖက်တိုက်ခိုက်မှု သက်သက်သာဖြစ်ပါတယ်”ဟု နာဂျစ်က အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားလိုက်သည်။ **(ရိုက်တာ)**

# အာဆီယံအစည်းအဝေးဖွင့်ပွဲတွင် တောင်တရုတ်ပင်လယ် ပိုင်နက်အငြင်းပွားမှုကို သံတမန်နည်းလမ်းအရ ဖြေရှင်းရန် မလေးရှားဝန်ကြီးချုပ်တိုက်တွန်း

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၁**

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)အဖွဲ့ဝင် ၁၀ နိုင်ငံမှ နိုင်ငံခေါင်းဆောင်များသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပသည့် (၂၇) ကြိမ်မြောက် အာဆီယံအစည်းအဝေးတွင် ဆွေးနွေးမှုများ စတင်ပြုလုပ်နေကြပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် နိုဝင်ဘာ ၂၁ရက်က ဖော်ပြသည်။

အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူရသော မလေးနိုင်ငံဝန်ကြီးချုပ် နာဂျစ်ရာဇတ်က တောင်တရုတ်ပင်လယ်အတွင်း ပိုင်နက်အငြင်းပွားမှုကို နိုင်ငံတကာဥပဒေကိုအခြေခံ၍ သံတမန်နည်းလမ်းအရ ဖြေရှင်းရမည်ဖြစ်ကြောင်း ပြောခဲ့သည်။

အဆိုပါဒေသတွင် တင်းမာမှုမဖြစ်ပေါ်ရေးအတွက် သက်ဆိုင်ရာနိုင်ငံများကို ထိန်းထိန်းသိမ်းသိမ်းလုပ်ကိုင်ဆောင်ရွက်ရန် ၎င်းကတိုက်တွန်းပြောကြားလိုက်သည်။

အမေရိကန်ရေတပ် ဖျက်သင်္ဘောတစ်စင်းက အငြင်းပွားတောင်တရုတ်ပင်လယ်ကျွန်းတုများအနီး ရေမိုင် ၁၂ မိုင်အထိ ခုတ်မောင်းသွားလာမှုပြုပြီးနောက် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့သည် အငြင်းပွားတောင်တရုတ်ပင်လယ်ကျွန်းများနှင့်ပတ်သက်ပြီး တင်းမာသော အခြေအနေဖြစ်ပေါ်နေသည်။ တရုတ်တို့က အမေရိကန်သင်္ဘောသည် တရားမဝင် ဝင်ရောက်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) သည် ဥပဒေဖြင့်ချည်နှောင်ထားသော ပင်လယ်ရေကြောင်းသွားလာမှုနှင့်သက်ဆိုင်သည့် ကျင့်ဝတ်စည်းကမ်းများကို အစောပိုင်းကတည်းက ချမှတ်လိုလျက်ရှိသော်လည်း သို့သော် တရုတ်က ယင်းကိစ္စတွင် နှောင့်နှေးကြန့်ကြာနေသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ခေါင်းဆောင်များက နိုဝင်ဘာ ၂၁ ရက်အစည်းအဝေးတွင် အငြင်းပွားတောင်တရုတ်ပင်လယ်ကျွန်း အရေးအပေါ် ၎င်းတို့၏သဘောတူဆုံးဖြတ်ချက်များကို အလျင်အမြန်ချမှတ်ရန် စိတ်ဆောလျက်ရှိသည်။ **(အင်န်အိတ်ချ်ကေ)**



# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) ရုံး/ဌာနမိသားစုများ မဟာဘုံကထိန်အလှူတော်မင်္ဂလာကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၁**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)ရုံး/ဌာန မိသားစုများ၏ မဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ထိန်ပင်ကျေးရွာကျောင်းတိုက်၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ဓမ္မာရုံအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်နှင့် သောက်တော်ရေချမ်းတို့ကို ကပ်လှူပူဇော်သည်။

ယင်းနောက် မဟာဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကို ကျင်းပရာ ပျဉ်းမနားမြို့ မင်္ဂလာဇေယျံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိအမှူးပြုသော သံဃာတော် ၄၅ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)ရုံး/ဌာနများမှ အရာရှိ စစ်သည်များနှင့် မိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရေဆင်းကန်ဦးကျောင်းတိုက် ပဓာနနာယကဆရာတော် သာသနဓဇဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ပရိသတ်အပေါင်းတို့က ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ထိန်ပင်ကျောင်းတိုက် ဆရာတော် ဦးနန္ဒာဘာသထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း၊ ပါဠိဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အရာရှိကြီးများ၊ ရပ်မိရပ်ဖများက သံဃာတော်အရှင်သူမြတ်တို့ထံ ကထိန်သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပါဠိဆရာတော်ကြီးထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ကထိန်အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး **(အပေါ်ပုံ)** သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ယနေ့ကျင်းပပြုလုပ်သော မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ရေ၊လေ) ရုံး/ဌာန မိသားစုများမှ ဇေယျာသီရိမြို့နယ်အတွင်း ကထိန်မရရှိသေးသော ဘုန်းတော်ကြီးကျောင်း ၄၁ ကျောင်းအတွက် ရည်မှန်းပြုလုပ်ခြင်းဖြစ်ပြီး ပဒေသာပင် စုစုပေါင်း ၅၀ ခု တန်ဖိုးငွေကျပ် ၃၁၄ သိန်းကျော် ပါဝင်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

**(မြဝတီ)**

✽ *ကျောဖုံးမှ*

ကိုယ်စားလှယ်များက UPDJC ဖွဲ့စည်းရာတွင် ပါဝင်မည့်နိုင်ငံရေးပါတီများကိုယ်စားပြု ကိုယ်စားလှယ် ၁၆ ဦးကို ရွေးချယ်နိုင်ရန် ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြောကြားရာတွင် ယနေ့ညှိနှိုင်းဆွေးနွေးပွဲသည် UPDJC ကော်မတီဖွဲ့စည်းရေးအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၁၆ ဦး ရွေးချယ်ပေးရန်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီပေါင်း ၈၃ ပါတီနှင့်လည်း နိုဝင်ဘာ ၁၂ ရက်က MPC တွင် အလွတ်သဘောဆွေးနွေးပြီးဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲသည်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်ရွေးချယ်ရာတွင် ဝိုင်းကူညီနိုင်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ အစိုးရဘက်က UPDJC ကိုယ်စားလှယ်များလည်း တက်ရောက်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ယခုရွေးချယ်ပွဲသည် နိုင်ငံရေးပါတီများ ကိုယ်တိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရွေးချယ်ရာတွင်လိုအပ်သည့်မူဝါဒများအား နိုင်ငံရေးပါတီများကသာချမှတ်ရမည်ဖြစ်ပါကြောင်း၊ ရွေးချယ်ရာတွင် အတတ်နိုင်ဆုံးမျှမျှတတ အများစုလက်ခံနိုင်အောင် ဆွေးနွေးရွေးချယ်ကြရန် လိုအပ်ကြောင်း၊ UPDJC သည် နိုင်ငံရေးဆွေးနွေးပွဲလုပ်ဆောင်ရန် မဟုတ်ဘဲ နိုင်ငံရေးဆွေးနွေးပွဲများ ဖြစ်ပေါ်စေရန်အတွက် ဆောင်ရွက်ပေးရမည့်ကော်မတီ"ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ" ဖြစ်ပါကြောင်း ပြောကြားသည်။

နိုင်ငံရေးပါတီများ ကိုယ်စားပြုကိုယ်စားလှယ် ရွေးချယ်ရာတွင် တိုင်းရင်းသားပါတီ ၅၅ ပါတီမှ ကိုယ်စားလှယ်လေးဦးနှင့် အကြံပေးလေးဦး၊ တိုင်းရင်းသားပါတီမဟုတ်သောပါတီ ၃၆ ပါတီမှ ကိုယ်စားလှယ်လောင်း သုံးဦးနှင့် အကြံပေးလေးဦးတို့ကို မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့သည်။

တိုင်းရင်းသားပါတီ ၅၅ ပါတီမှ ကိုယ်စားလှယ် လေးဦးအဖြစ် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ ဦးမင်းနွယ်စိုး၊ ဖက်ဒရယ်ပြည်ထောင်စုပါတီမှ ဦးစောသန်းမြင့်၊ ချင်းဒီမိုကရေစီအဖွဲ့ချုပ် ပါတီမှ ဦးငိုင်ဆာ့ခ်နှင့် ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီမှ ဦးမန်းအောင်ပြည်စိုးတို့ကို ရွေးချယ်ခဲ့သည်။ တိုင်းရင်းသားပါတီမဟုတ်သော ပါတီ ၃၆ ပါတီမှ ကိုယ်စားလှယ် သုံးဦးအဖြစ် ဒီမိုကရက်တစ်ပါတီ- မြန်မာမှ ဦးသုဝေ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ဦးခင်မောင်ဆွေနှင့် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီတို့မှ ဦးမျိုးညွန့်တို့ကို ရွေးချယ်ခဲ့ကြသည်။

ပါတီများကိုယ်စားပြု ရွေးချယ်သည့် UPDJC ကော်မတီဝင် ၁၆ ဦးအနက်တွင် ကိုးဦးကို မဲပေးသည့်စနစ်ဖြင့် ရွေးချယ်ခဲ့ခြင်းမပြုဘဲ တိုက်ရိုက်ရွေးချယ်ခဲ့သည်။ အဆိုပါကိုးဦးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နှစ်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ နှစ်ဦး၊ ရခိုင်အမျိုးသားပါတီမှ ဒေါက်တာအေးမောင်၊ ရှမ်းအမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ တစ်ဦး၊ ညီညွတ်သော တိုင်းရင်းသားလူမျိုးစုများ မဟာမိတ် (UNA)မှ တစ်ဦး၊ ဖက်ဒရယ် ဒီမိုကရေစီမဟာမိတ် (FDA) မှ ဦးစောထွန်းမြင့်နှင့် ညီနောင် တိုင်းရင်းသားပါတီများ ဖက်ဒရေးရှင်း(NBF)မှ ဦးဇိုဇမ်တို့ဖြစ်ကြသည်။

ကိုယ်စားလှယ်လောင်း ရွေးချယ်မှုနှင့် စပ်လျဉ်း၍ MPC မှ အထူးအကြံပေး ဦးလှမောင်ရွှေက "ဒီနေ့ဆွေးနွေးပွဲရဲ့ အခက်အခဲတစ်ခုကတော့ အားလုံးက စိတ်အားထက်သန်ပြီး ပါဝင်ချင်တာဖြစ်တဲ့အတွက် ကိုယ်စားလှယ် ရွေးချယ်တဲ့အပိုင်းမှာ အားလုံးကပါဝင်ချင်ကြတယ်။ ဒီအခက်အခဲကလွဲရင် အားလုံးအဆင်ပြေပါတယ်။ ကိုယ်စားလှယ်ရွေးချယ်ရာမှာ အများပြည်သူလူထုယုံကြည်မှုရှိရမယ်။ တကယ့်လက်တွေ့အလုပ်လုပ်နိုင်မယ့်သူကို စဉ်းစားပြီးရွေးချယ်ခဲ့တယ်။ (၁၀၀) ရာခိုင်နှုန်းမဟုတ်ပေမယ့် အများစုသဘောနဲ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု အခက်အခဲကို ပြောသည်။

အကြံပေး ရှစ်ဦးအဖြစ် ကချင်ပြည်နယ်ဒီမိုကရေစီပါတီမှ ဦးမနမ်တူးဂျာ၊ ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်မှ ဦးခွန်စိုးမြင့်၊ ကယားလူမျိုးစုပါတီမှ စောဒယ်နီယယ်၊ တအာင်း(ပလောင်) အမျိုးသားပါတီမှ တာလှဖေ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးသိန်းထွန်း၊ အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်ပါတီမှ ဦးကျော်သူအောင်၊ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီမှ ဦးအောင်မိုးဇော်၊ ဝံသာနုဒီမိုကရက်တစ်ပါတီမှ ဒေါ်နန်းရွှေကြာတို့အား ရွေးချယ်ခဲ့ကြသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွက် အစိုးရ၊ တပ်မတော်နှင့် လွှတ်တော်အစုအဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦး၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦးနှင့် နိုင်ငံရေးပါတီအစုအဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦးကို ရွေးချယ်နိုင်ခဲ့ပြီ ဖြစ်သည်။

UPDJC တွင် နိုင်ငံတော်အစိုးရဘက်မှ ကိုယ်စားလှယ်အဖြစ်ပါဝင်သူ ဦးလှမောင်ရွှေက "ပထမဦးဆုံးအကြိမ် နိုင်ငံရေးဆွေးနွေးပွဲတွေ လုပ်ဖို့သေချာသလောက်ရှိသွားပြီ။ ဒီအုတ်မြစ်တွေဟာနောက်ပိုင်းမှာ တာဝန်ယူမယ့် အစိုးရတွေအနေနဲ့ ဆက်ပြီးဆောင်ရွက်မယ်ဆိုရင် နိုင်ငံရေးဆွေးနွေးပွဲကနေတစ်ဆင့် ပြည်သူတွေလိုချင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီကိုနောင်နှစ်တွေမှာ ရနိုင်မယ်လို့ မျှော်လင့်ပါတယ်။ လာမယ့် နိုဝင်ဘာ ၂၄ ရက် ဆွေးနွေးပွဲကနေပြီးတော့ မူဘောင်ရေးဆွဲမယ့် မူကြမ်းကော်မတီကိုဖွဲ့စည်းမှာဖြစ်ပါတယ်။ ဒီအထဲမှာ အကြံပေးတွေ၊ အလုပ်အဖွဲ့တွေ ပါလာမယ်လို့ မျှော်လင့်ပါတယ်။ အဲ့ဒီကနေ NCA စာချုပ်အရ နိုင်ငံရေးမူဘောင်ဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်ထက် နောက်မကျဘဲ စတင်ရပါမယ်။ ဒါကြောင့် အလုပ်လုပ်ရမယ့် ရက် ၁၀ ရက်လောက်မှာ ကျွန်တော်တို့ ဒါတွေကို ဆောင်ရွက်ဖို့ ရှိပါတယ်"ဟု သုံးသပ်ပြောကြားသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)တွင်ပါဝင်မည့် အစုအဖွဲ့သုံးစုမှ ကိုယ်စားလှယ်များ၏ ပထမဆုံးအစည်းအဝေးကို နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန(MPC)တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း တရားဝင်မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီ ၉၁ ပါတီ ကိုယ်စားပြုကိုယ်စားလှယ်ရွေးချယ်ပွဲတွင် ပြောကြားစဉ်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၇)ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။
(ဓာတ်ပုံ-ပြန်/ဆက်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး တက်ရောက်

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၁**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ကွာလာလမ်ပူ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် (၂၇) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် အစည်းအဝေးကျင်းပမည့် ကွာလာလမ်ပူ ကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိလာရာ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတွတ် ဆရီ မူဟာမက် နာဂျစ် ဘင်တွန်း အဗ္ဗဒူ ရာဇတ်နှင့်ဇနီး တို့က ခင်မင် ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတွတ်ဆရီ မူဟာမက် နာဂျစ် ဘင်တွန်း အဗ္ဗဒူ ရာဇတ်နှင့်ဇနီးတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။
(ဓာတ်ပုံ-ပြန်/ဆက်)

ထို့နောက် (၂၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲကို Plenary Hall ၌ ကျင်းပရာ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားသည်။

ယင်းနောက် (၂၇) ကြိမ်မြောက် အာဆီယံထိပ်သီး မျက်နှာစုံညီ အစည်းအဝေးကို Conference Hall 2 ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတွတ်ဆရီ မူဟာမက် နာဂျစ် ဘင်တွန်း အဗ္ဗဒူ ရာဇတ်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများက မိန့်ခွန်းပြောကြား ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် စုစည်းညီညွတ်သည့် အာဆီယံအသိုက်အဝန်းသည် မိမိတို့ပြည်သူနှင့် မျိုးဆက်သစ်များအတွက် ပြည့်စုံကောင်းမွန်သော အနာဂတ်ကို ဖော်ဆောင်ပေးမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အာဆီယံအသိုက်အဝန်း၏ အသွင်လက္ခဏာနှင့် ဂုဏ်ကျက်သရေတို့ကို ကမ္ဘာ့နိုင်ငံများအလယ်တွင် မြှင့်တင်ကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ရေကြီးရေလျှံဖြစ်ခဲ့သော နေရာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အကူအညီများ ပေးခဲ့ကြသည့် အာဆီယံမိတ်ဆွေများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

အာဆီယံအသိုက်အဝန်းထူထောင်ရေးသည် ဒေသအတွင်း ပေါင်းစည်းရေးကို ပိုမိုခိုင်မြဲစေမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိစေမည့် အာဆီယံပေါင်းစည်းရေး ကနဦးအစီအစဉ် မဟာဗျူဟာ မူဘောင်နှင့် အာဆီယံပေါင်းစည်း ဆက်သွယ်ရေး မဟာစီမံကိန်းတို့ အပေါ်တွင်လည်း ကျေနပ်မှုရှိပါကြောင်း။

*စာမျက်နှာ ၇ ကော်လံ ၁ သို့*

**မြန်မာနိုင်ငံတွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့အကြား တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး မိမိတို့ သမိုင်းတွင် စာမျက်နှာသစ်တစ်ခု ဖွင့်လှစ်ခဲ့။**




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးမျက်နှာစုံညီအစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**
(ဓာတ်ပုံ-ပြန်/ဆက်)

*စာမျက်နှာ ၆ မှ*

၂၀၁၅ ခုနှစ်အလွန် အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက်နှင့် ပတ်သက်ပြီး ရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်ရန် မြန်မာနိုင်ငံသည် အားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုသည်ကို ကတိပြုပြောကြားလိုပါကြောင်း။

အကြိမ် (၇၀) မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ချမှတ်ခဲ့သည့် "အရှေ့တောင်အာရှ နျူကလီးယားကင်းမဲ့ရေးဇုန် စာချုပ်ဆိုင်ရာ ဆုံးဖြတ်ချက်"ကို ကြိုဆိုထောက်ခံပါကြောင်း၊ အာဆီယံ အဖွဲ့ကြီးသည် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးအတွက် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်နေသည့်အတွက် "နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် နိုင်ငံများက အရှေ့တောင်အာရှ နျူကလီးယားကင်းမဲ့ရေးဇုန် စာချုပ်၏ နောက်ဆက်တွဲစာချုပ်" ကို ဆောလျင်စွာ လက်မှတ်ရေးထိုးကြလိမ့်မည် ဟု မျှော်လင့်ပါကြောင်း။

နိုဝင်ဘာ ၇ ရက်တွင် ထိုင်ဝမ်ရေလက်ကြား တစ်ဖက်တစ်ချက်၏ ခေါင်းဆောင်နှစ်ဦး စင်ကာပူနိုင်ငံတွင် တွေ့ဆုံခဲ့ခြင်းသည် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ကြီးမားစွာ အထောက်အကူဖြစ်စေမည့် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ပါကြောင်း၊ ယင်းအခြေအနေ ပေါ်ပေါက်ရန် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့သည့် စင်ကာပူနိုင်ငံကိုလည်း ချီးကျူးဂုဏ်ပြုပါကြောင်း။

မြန်မာနိုင်ငံတွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့အကြား တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး မိမိတို့ သမိုင်းတွင် စာမျက်နှာသစ်တစ်ခု ဖွင့်လှစ်ခဲ့ပါကြောင်း။

ငြိမ်းချမ်းရေး ဆွေးနွေးပွဲ၏ အသီးအပွင့်တစ်ခုဖြစ်သည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ်သည် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေး၏ အခြေခံအုတ်မြစ် တစ်ခုဖြစ်ပါကြောင်း။

မိမိတို့သည် နိုဝင်ဘာ ၈ ရက်တွင် အထွေထွေရွေးကောက်ပွဲကို တရားမျှတပြီး ပွင့်လင်းမြင်သာစွာ ကျင်းပနိုင်ခဲ့ပါကြောင်း၊ ရွေးကောက်ပွဲရလဒ်များကိုလည်း ထုတ်ပြန်ပြီး ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုပြီး အေးအေးချမ်းချမ်းဖြင့် အသွင်ကူးပြောင်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံတော်သမ္မတက ဗန်ကောက်မြို့၊ ပဲရစ်မြို့နှင့် မာလီနိုင်ငံတို့တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကို ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်းနှင့် အပြစ်မဲ့ ပြည်သူလူထုများ သေကျေခဲ့သည့်အတွက် ဝမ်းနည်းကြေကွဲပါကြောင်းကိုလည်းထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

**(သတင်းစဉ်)**

# အနာဂတ်ခရီးသွားလုပ်ငန်းတွင် အဆင့်မြင့်သတင်းအချက်အလက် နည်းပညာများနှင့် ပေါင်းစပ်၍ တိုးတက်အောင်ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၂၁**

လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေသော စီမံချက်များ ရှင်းလင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ အမျိုးသားစီမံခန့်ခွဲမှု ကောလိပ်၌ကျင်းပရာ ရှေးဦးစွာ Luxembourg Development Cooperation မှ အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်းပညာရှင်အကြံပေး Mr.Paul Penfold က ဆောင်ရွက်လျက်ရှိသော စီမံချက်နှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြရာ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က အနာဂတ် ခရီးသွားလုပ်ငန်းတွင် အဆင့်မြင့်သတင်းအချက်အလက် နည်းပညာများနှင့်ပေါင်းစပ်၍ ပိုမိုတိုးတက်အောင် ဆောင်ရွက်လိုကြောင်း အသေးစိတ်ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားစီမံခန့်ခွဲမှု ကောလိပ်အစည်းအဝေးခန်းမ၌ ကျင်းပသည့် နိုင်ငံခြားငွေလက်ခံကိုင်ဆောင်သည့် ကိစ္စနှင့်စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က နိုင်ငံခြားငွေလက်ခံကိုင်ဆောင်ခွင့်ရုပ်သိမ်းသည့်ကိစ္စ၊ နိုင်ငံတကာ၏လုပ်ငန်းသဘာဝအရ ဖွံ့ဖြိုးတိုးတက်လာမှု၏နောက်တွင် တည်ငြိမ်မှုကိုထိပါးလာသည့်ကိစ္စ၊ စီးပွားရေးတိုးတက်လာသည်နှင့်အမျှ ဖြစ်ပေါ်လာနိုင်သည့် ငွေကြေးဖောင်းပွလာနိုင်သောကိစ္စတို့ကို အခြေခံ၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသော ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၏ သိလိုသည်များကို ပြန်လည် ဆွေးနွေးဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အနာဂတ်တွင် ခရီးသွားလုပ်ငန်းများစွာ တိုးတက်လာမည်ကို ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဂရုတစိုက် ပူးပေါင်း၍ ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ အာဆီယံအင်ဂျင်နီယာညီလာခံသို့တက်ရောက်

**ရန်ကုန် နိုဝင်ဘာ ၂၁**

မလေးရှားနိုင်ငံ ပီနံမြို့၌ နိုဝင်ဘာ ၂၃ ရက်တွင်ကျင်းပမည့် (၃၃)ကြိမ် မြောက် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ညီလာခံ (The 33rd Conference of ASEAN Federation of Engineering Organization)သို့ တက်ရောက်ရန် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးဝင်းခိုင်သည် နိုဝင်ဘာ ၁၈ ရက်တွင်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်မြင့်နှင့် ဒေါ်စီသန်းတို့သည် နိုဝင်ဘာ ၂၀ ရက်တွင် လည်းကောင်း အကြိုအစည်းအဝေးများတက်ရောက်ရန် ကြိုတင်ထွက်ခွာသွားခဲ့ကြပြီး အထွေထွေအတွင်းရေးမှူး ဦးတင်လတ်ဦးဆောင်သော ဗဟိုကော်မတီဝင်များ၊ စာတမ်းရှင်များနှင့်အသင်းသားအသင်းသူများသည် ယနေ့နံနက်ပိုင်းတွင်လည်းကောင်း လေကြောင်းခရီးဖြင့်ထွက်ခွာသွားကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# မိုးလေဝသ အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂၁**

ထူးခြားသည့်ညအပူအချိန်များမှာ ဟားခါးမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ဟဲဟိုးမြို့၊ ခန္တီးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ရေးမြို့တွင် ၀ ဒသမ ၄၃လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့်သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံ-တရုတ်၊ အာဆီယံ-အိန္ဒိယ၊ အာဆီယံအပေါင်းသုံးနှင့် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်




(၁၈)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ကွာလာလမ်ပူ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၊ (၁၃)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေး၊ (၁၈)ကြိမ်မြောက် အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေးနှင့် (၃)ကြိမ်မြောက် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ခဲ့သည်။

(၁၈) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးကို ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် Conference Hall – 1 ၌ ကျင်းပရာ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတွတ် ဆရီ မူဟာမက် နာဂျစ် ဘင်တွန်း အဗ္ဗဒူရာဇတ်နှင့် တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ လီခချန်းတို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များနှင့် တရုတ်နိုင်ငံဝန်ကြီးချုပ်တို့သည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် (၁၃)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးကို ကျင်းပရာ မလေးရှားနိုင်ငံဝန်ကြီးချုပ် နာဂျစ် ရာဇတ်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ နရိန္ဒြာမိုဒီတို့က မိန့်ခွန်းပြောကြားကြသည်။

ယင်းနောက် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များနှင့် အိန္ဒိယဝန်ကြီးချုပ်တို့သည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် (၁၈)ကြိမ်မြောက် အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေးကိုကျင်းပရာ မလေးရှားနိုင်ငံဝန်ကြီးချုပ် နာဂျစ် ရာဇတ်၊ ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စ ပတ်ဂွန်ဟေး၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးနှင့် တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ လီခချန်းတို့က မိန့်ခွန်းပြောကြားကြသည်။

ဆက်လက်၍ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် Conference Hall–3 ၌ အာဆီယံအပေါင်းသုံး နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အရှေ့အာရှစီးပွားရေးကောင်စီတို့ တွေ့ဆုံသည်။

ထို့နောက် (၃)ကြိမ်မြောက် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေးကို ဒေသစံတော်ချိန် ညနေ ၅ နာရီ ၄၅ မိနစ်တွင် Conference Hall– 1 ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ ဘားရက်အိုဘားမားတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မလေးရှားဝန်ကြီးချုပ်နှင့် အမေရိကန်သမ္မတတို့က မိန့်ခွန်းပြောကြားကြသည်။

ယင်းနောက် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များနှင့် အမေရိကန်သမ္မတတို့သည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတသည် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်နှင့် ဇနီးတို့က ကွာလာလမ်ပူ ကွန်ဗင်းရှင်းစင်တာ၌ အာဆီယံနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၏ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**



(၁၃)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ကြသော အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များနှင့် အိန္ဒိယဝန်ကြီးချုပ်တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)




## အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေး

(၁၈)ကြိမ်မြောက် အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။ (သတင်း-စာ ၈)

(ဓာတ်ပုံ-ပြန်/ဆက်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ တွေ့ဆုံဆွေးနွေးစဉ်။

(ဓာတ်ပုံ-ဦးရဲထွဋ် ဖေ့စ်ဘွတ်)







အာဆီယံထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမေရိကန်သမ္မတ မစ္စတာ ဘားရက်အိုဘားမားတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်(အပေါ်ပုံ)နှင့် အာဆီယံနိုင်ငံများမှ အကြီးအကဲများနှင့် အမေရိကန်သမ္မတတို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (ယာပုံ)

(ဓာတ်ပုံ-ပြန်/ဆက်)

အာဆီယံအပေါင်းသုံး နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အရှေ့အာရှ စီးပွားရေးကောင်စီတို့ တွေ့ဆုံစဉ်။

(ဓာတ်ပုံ-ပြန်/ဆက်)



# အောင်မြင်ဖြစ်ထွန်းနေသော ဆောင်ကြဲလက်ဖက်စိုက်ခင်းသို့တစ်ခေါက်

စိုင်းသာလှိုင်(လိမ္မော်မြေ)

မြန်မာ့ရိုးရာ ဆေးဖက်ဝင်စားသောက်ဖွယ်တစ်ခုဖြစ်သည့် လက်ဖက်များကို ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါ၊ ကျောက်မဲနှင့် နမ့်ဆန်မြို့နယ်များတွင် ရှေးပဝေသဏီ ဘိုးဘွားများ လက်ထက်ကပင် ဆင့်ကဲဆင့်ကဲ အမြတ်တနိုးတန်ဖိုးထားကာ စိုက်ပျိုးခဲ့ကြသည်။

ယခင်က လက်ဖက်စိုက်ပျိုးအောင်မြင်ခြင်းမရှိသော သီပေါမြို့နှင့် ၂၈မိုင်ခန့်အကွာရှိ ဆောင်ကြဲဒေသတွင် ယခုအခါတွင် လက်ဖက်စိုက်ခင်းများ အကြီးအကျယ် စိုက်ပျိုးဖြစ်ထွန်းနေကြောင်း သိရသည်။ ဆောင်ကြဲဒေသမှ လက်ဖက်စိုက်တောင်သူ ဦးစိုင်းအောင်ခမ်း၏ ဖိတ်ကြားမှုဖြင့် စာရေးသူနှင့်အတူ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးမိုးကျော်စွာဝင်း၊ လက်ဖက်စိုက်ခင်းများကို ကိုယ်တိုင်စိုက်ပျိုးခဲ့သည့်ခြံရှင် မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင်များအဖွဲ့သည် ဆောင်ကြဲဒေသမှ လက်ဖက်စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုအခြေအနေကို လေ့လာရန် နိုဝင်ဘာ ၂၀ ရက်တွင် မော်တော်ယာဉ်တစ်စီးဖြင့် ခရီးဆန့်ခဲ့ကြသည်။

ဆောင်ကြဲကျေးရွာသို့ရောက်လျှင် လယ်ယာနှင့် နာနတ်ခြံကို တစိုက်မတ်မတ် လုပ်ကိုင်ဆောင်ရွက်နေသော တောင်သူကြီး ဦးစိုင်းအောင်ခမ်းက ၎င်း၏ နာနတ်ခြံအတွင်း လက်ဖက်စမ်းသပ်စိုက်ပျိုးရာမှ အောင်မြင်ဖြစ်ထွန်းလာမှု အခြေအနေများကို ရှင်းပြပါသည်။

"ကျွန်တော်က လယ်လုပ်ငန်းနှင့်အတူ နာနတ်ခြံလုပ်ငန်းကို နှစ်စဉ်စိုက်ပျိုးလုပ်ကိုင်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ ငါးနှစ်ကစပြီး နာနတ်ခြံအတွင်း အာသံလက်ဖက်မျိုးစေ့တွေ စမ်းသပ်စိုက်ပျိုးခဲ့ရာ လက်ဖက်စိုက်ခင်းက ထင်မထားလောက်အောင် အောင်မြင်ဖြစ်ထွန်းခဲ့တာကြောင့် နာနတ်ပင်များကို နုတ်သိမ်းပြီး မြေခုနစ်ဧကကျော်ကို လက်ဖက်စိုက်ခင်းအဖြစ် ပြောင်းလဲစိုက်ပျိုးခဲ့ပါတယ်။ တစ်ချိန်က ကျွန်တော်တို့ ဆောင်ကြဲဒေသမှာ လက်ဖက်စိုက်လို့မရဘူးလို့ဆိုခဲ့တဲ့ တောင်သူတွေကတောင် အခုအောင်မြင်ဖြစ်ထွန်းနေတဲ့ ကျွန်တော့လက်ဖက်စိုက်ခင်းကို ကြည့်ရှုအားတက်ပြီး စိုက်ပျိုးနေကြပါပြီ" ဟု ပြောသည်။

**ရှေးမြန်မာများသည် လက်ဖက်ကို စားသောက်ဖွယ်ရာတစ်ခုအဖြစ်သာမက ရိုးရာယဉ်ကျေးမှုတစ်ခုအနေဖြင့် အသိအမှတ်ပြုသည့် သဘော၊ ပဋိညာဉ်စာချုပ်တစ်ရပ်သဘောမျိုးအဖြစ်ပါ သုံးခဲ့ကြသည်ကိုလည်း တွေ့ရသည်။ ရုံးတော်၊ ခုံတော်ရှေ့မှောက်တွင် တရားလို၊ တရားခံနှစ်ယောက်သည် ခုံရုံးတော်များက အဆုံးအဖြတ်ပေးပြီးသည့်အခါ လက်ဖက်ကို နှစ်ဦးလက်ဆုံစားကြရသည်။ နှစ်ဦးမျက်နှာစုံညီ သဘောတူသော အထိမ်းအမှတ်ပင်ဖြစ်သည်။ လက်ဖက်လက်လှမ်းစားပြီးလျှင် တရားလည်း ပြီးဆုံးခြင်းသို့ရောက်ရှိကာ နောက်နောင်အရှုပ်အထွေးမရှိစေရဘဲ အယူခံမဝင်ရတော့ပေ။ . . .**

"နာနတ်ခြံကိုဖြုတ်ပြီး လက်ဖက်စိုက်ခင်း ခုနစ်ဧကနဲ့ စတင်စိုက်ပျိုးခဲ့ရာမှာ တစ်နှစ်ထက်တစ်နှစ် အောင်မြင်ဖြစ်ထွန်းခဲ့တာမို့ အခုဆိုရင် ဆောင်ကြဲဒေသတစ်ခုလုံးဧက ၇၀ ကျော်မှာ လက်ဖက်စိုက်ခင်းတွေနဲ့ အေးမြစိမ်းစိုလှပနေတာ မြင်တဲ့အတိုင်းပါပဲ။ စတင်စိုက်ပျိုးစဉ်က အာသံမျိုးနဲ့ တရုတ်မျိုးကို စိုက်ပျိုးခဲ့ပေမယ့် အခုတော့ ဒေသနဲ့ကိုက်ညီမှုရှိတဲ့ အာသံမျိုးကိုပဲ စိုက်ပျိုးထားပါတယ်"ဟု ဦးစိုင်းအောင်ခမ်းက ဆက်ပြောသည်။

လက်ဖက်များကို ခူးဆွတ်ရာတွင် တစ်ပတ်လျှင် တစ်ကြိမ်နှုန်းဖြင့် တစ်လတွင် လေးကြိမ်၊ တစ်နှစ်တွင် အကြိမ် ၄၀ ကျော် ဆွတ်ခူးရကြောင်း၊ တစ်ဧကခူးလျှင် လက်ဖက်အစို ပိဿာ ၈၀၀ မှ ၁၀၀၀ အထိ ရှိကြောင်း၊ နောက်ထပ်တိုးမြှင့်စိုက်ပျိုးရန်လည်း ရည်ရွယ်ထားကြောင်းလည်း သူက ဆက်ပြောပြသည်။

လက်ဖက်အကြောင်းကို အကျဉ်းချုံး၍ ဖော်ပြလိုပါသည်။ ကမ္ဘာ့သမိုင်း မှတ်တမ်းများအရ လက်ဖက်ကို ဘီဒီ ၂၇၀၀ ခန့်တွင် တရုတ်ပြည်၌ စတင်တွေ့ရှိခဲ့ကြောင်း သိရသည်။ လေးရာစုနှစ်များတွင် တရုတ်ပြည်၌ လက်ဖက်ကို ဆေးဝါးအဖြစ် စတင်သုံးစွဲခဲ့ကြောင်း၊ ခုနစ်ရာစုနှစ်များတွင် လက်ဖက်ကို အဖျော်ယမကာအဖြစ် သောက်သုံးမှုများ ထင်ရှားလာသဖြင့် အခွန်စတင်ကောက်ခံခဲ့ကြောင်း၊ ဘီစီ ၂၇၀၀ မှ အေဒီ ၁၆၁၀ အထိ လက်ဖက်ကို တရုတ်ပြည်တွင်သာ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံ၌ လက်ဖက်စိုက်ပျိုးမှုကို လေ့လာရာတွင် လက်ဖက်မျိုးစေ့ကို အလောင်းစည်သူမင်းကြီးက ငှက်တစ်ကောင်၏ အစာအိမ်အတွင်းမှ ရရှိခဲ့ရာမှ ၎င်းမှတစ်ဆင့် မျိုးပွား၍ အဆင့်ဆင့် စိုက်ပျိုးနိုင်ရန် မျိုးစေ့များပေးအပ်ခဲ့ခြင်းဖြင့် လက်ဖက်ပင်များ မြန်မာပြည်အနှံ့ စတင်ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

ရှေးက ပလောင်တိုင်းရင်းသားများသည် လက်ဖက်စိုက်ပျိုးခြင်းကို ရိုးရာအလုပ်တစ်ခုကဲ့သို့ လုပ်ကိုင်စားသောက်နေထိုင်လာခဲ့သည့်အလျောက် ယောက်ျား၊ မိန်းမ မရွေး လက်ဖက်ရည်ကို ဝါးကျည်တောက်များတွင်ထည့်၍ သောက်လေ့ရှိခဲ့ကြသည်။ နမ့်ဆန်ဒေသမှထွက်သော နာမည်ကျော် ရွှေဖီမိုးလွတ်လက်ဖက်မှာ နာမည်ကြီးပြီး လူကြိုက်များသောလက်ဖက်ဖြစ်သည်။ ရွှေဖီမိုးလွတ်ဆိုသည်မှာ မိုးမကျမီ သင်္ကြန်မတိုင်မီ၊ ပေါ်ဦးပေါ်ဖျားလက်ဖက်ကို ဆိုလိုသည်။ မိုးရေလွတ်သည့်အတွက် ရွှေဖီမိုးလွတ်လက်ဖက်ဟု ခေါ်ခြင်းဖြစ်သည်။ သို့သော် ထိုရွှေဖီမိုးလွတ်ထက်ကောင်းသော လက်ဖက်တစ်မျိုးလည်း ရှိသေးသည်ဟုဆိုသည်။ ထိုလက်ဖက်မျိုးမှာ ပြာသို၊ တပို့တွဲ လက်ဖက်ရွက်ကြမ်းများ ကြွေတော့မည့်ဆဲဆဲတွင် နှင်းအားကို အမှီပြု၍ ထွက်သော လက်ဖက်ရွက်နုကလေးများဖြစ်သည်။ ထိုလက်ဖက်ကို နှင်းတက်လက်ဖက်ဟု ခေါ်ကြသည်။ သို့သော် လက်ဖက်ချိန်ခါမဟုတ်သေးသဖြင့် ရွှေဖီမိုးလွတ်လက်ဖက်ကဲ့သို့ ပေါပေါများများ လုံလုံလောက်လောက်မရနိုင်ပေ။ အချိန်အခါမဟုတ် ရှားရှားပါးပါး ပေါ်ဦးပေါ်ဖျားမို့လည်း အဖိုးတန်ခြင်းတစ်မျိုးဖြစ်သည်။ လူတိုင်းသုံးလောက်အောင်မရ၊ လူတိုင်းလက်သို့ မရောက်သဖြင့် ထိုနှင်းတက်လက်ဖက်ကို လူတိုင်းမသိ၊ မမြင်ဖူးကြပေ။ ရှေးအခါက ဘုရင်မင်းမြတ်များသို့ ဆက်သသော လက်ဖက်ကဲ့သို့ ပေါ်ဦးပေါ်ဖျားလက်ဖက်ဖြစ်ပေသည်။ ဆူးချွန်အပ်ချောင်းကလေးများကဲ့သို့ အလွန်နူးညံ့သေးသွယ်သော သဏ္ဌာန်ရှိသည်။ လက်ဖက်ရည် အဖန်အိုးတစ်အိုးလုံးကို လက်သည်းခွံဖျားမျှ ခတ်လိုက်ရုံနှင့် အဖန်အရသာ တစ်ရည်နှစ်ရည် မပျက် ရရှိနိုင်သည်ဟုဆိုသည်။



ရွှေဖီဦး နှင်းတက်လက်ဖက်၊ ရွှေဖီမိုးလွတ်လက်ဖက်၊ ခါးကန်လက်ဖက်၊ ခါးကွက်(ခါးဝှက်)လက်ဖက်၊ ခါးနိုင်လက်ဖက်ဟူ၍ လက်ဖက်အမျိုးမျိုးရှိသည်။ လက်ဖက်ခူးသောအချိန်မှာ နေအလွန်ပြင်းသော တန်ခူး၊ ကဆုန်လရာသီအချိန် ဖြစ်သည်။ သို့မှလည်း ထိုခူးပြီးသော လက်ဖက်ရွက်များကို ပေါင်းတင်ကာ နေခြောက်လှမ်းနိုင်မည်ဖြစ်သည်။ နေခြောက်အောင် မလှန်းနိုင်၊ နေပူရှိန်ကောင်းစွာမရသော လက်ဖက်များမှာ လက်ဖက်ခြောက်အဖြစ်သို့မရောက်ဘဲ အချိုခြောက်(သို့မဟုတ်)လက်ဖက်စို၊ လက်ဖက်စိမ်းဘဝသို့ ရောက်သွားရသည်။ လက်ဖက်တွင် အဖန်ခြောက်၊ အချိုခြောက်၊ လက်ဖက်စိုဟူ၍ သုံးမျိုးခွဲခြားထား၍ ပေါင်းတင်ရသည်။ ပေါင်းတင်ပြီး နေလှန်းရသည်။ နေ မလှန်းမီ ပေါင်းတင်ထားသော လက်ဖက်များကို နယ်သားကျအောင် နယ်ပေးရသည်။ လက်ဖက်အနယ်ကောင်းမှ လက်ဖက်ကောင်းထွက်ကြောင်း သိရသည်။ ထိုသို့ နယ်ပြီးသောလက်ဖက်ကို နေရှိန်ပြင်းပြင်းတွင် တစ်နေကုန်နေလှန်းရသည်။ နေလှန်းရာတွင် နေ့မကူး စေရ။ တစ်နေ့နှင့် အပြီးလှန်း၍ ခြောက်သောလက်ဖက်မှသာ လက်ဖက်ကောင်းဟု ဆိုနိုင်သည်။ နယ်သားမကျ၍လည်းကောင်း၊ နေပူမရဘဲ တစ်နေနှင့် မခြောက်လျှင်လည်းကောင်း လက်ဖက်မှာ ပွယောင်းလုံးထွေးသွားတတ်ကာ လက်ဖက်ခြောက်အကောင်းစားမဖြစ်နိုင်ဘဲ ဈေးကျသွားကြောင်း သိရသည်။

ရှေးမြန်မာများသည် လက်ဖက်ကို စားသောက်ဖွယ်ရာတစ်ခုအဖြစ်သာမက ရိုးရာယဉ်ကျေးမှုတစ်ခုအနေဖြင့် အသိအမှတ်ပြုသည့် သဘော၊ ပဋိညာဉ်စာချုပ်တစ်ရပ်သဘောမျိုးအဖြစ်ပါ သုံးခဲ့ကြသည်ကိုလည်း တွေ့ရသည်။ ရုံးတော်၊ ခုံတော်ရှေ့မှောက်တွင် တရားလို၊ တရားခံနှစ်ယောက်သည် ခုံရုံးတော်များက အဆုံးအဖြတ်ပေးပြီးသည့်အခါ လက်ဖက်ကို နှစ်ဦးလက်ဆုံစားကြရသည်။ ထိုသို့ စားသည်ကို လက်ဖက်ကမ်းစားသည်ဟု ဆိုသည်။ နှစ်ဦးမျက်နှာစုံညီ သဘောတူသော အထိမ်းအမှတ်ပင်ဖြစ်သည်။ လက်ဖက်လက်လှမ်းစားပြီးလျှင် တရားလည်း ပြီးဆုံးခြင်းသို့ ရောက်ရှိကာ နောက်နောင်အရှုပ်အထွေးမရှိစေရဘဲ အယူခံ မဝင်ရတော့ပေ။ အခြားလူမှုဆက်ဆံရေးမှန်သမျှနှင့် နားသနားထွင်း၊ ကင်ပွန်းတပ် နာမည်ပေးစသော အလှူမင်္ဂလာအခမ်းအနားများတွင်လည်း လက်ဖက်ယဉ်ကျေးမှုနှင့် မကင်းဘဲ လက်ဖက်ပါသေးသည်။ လက်ဖက်ထုပ်ပို့ခြင်း၊ ကမ်းခြင်းများရှိရာ ယနေ့ခေတ်အလှူမင်္ဂလာပွဲများတွင် ကြော်ငြာဖိတ်စာပို့သည့် သဘောပင်ဖြစ်သည်။

ထိုသို့ ကမ်းသော၊ ပို့သော မင်္ဂလာလက်ဖက်ထုပ်ကို လက်ခံသူသည် ထိုမင်္ဂလာအခမ်းအနားပွဲသို့ မလာရောက်ဘဲ မနေရ၊ မပျက်မကွက်လာရောက်ပါမည်ဟူသော ကတိခံဝန်ချက်ပေးခြင်း သဘောပင်ဖြစ်သည်။ မလာရောက်နိုင်က ထိုလက်ဖက်ထုပ်ကို လက်မခံရ၊ မယူရပေ။ ဤမျှ စည်းကမ်းစောင့်စည်းလှသော ရှေးမြန်မာတို့၏ ယဉ်ကျေးမှုတစ်ရပ်ပင်ဖြစ်သည်။ ရှမ်းပြည်နယ် ကျေးလက်ဒေသများတွင်လည်း ထိုဓလေ့ထုံးတမ်းကို ယနေ့တိုင် ကျင့်သုံးလျက်ရှိကြဆဲဖြစ်သည်။

လက်ဖက်ကို မြန်မာ့ယဉ်ကျေးမှုတွင် ဆေးဖက်ဝင်အပင်အဖြစ်လည်း လက်ခံထားကြသည်။ လက်ဖက်သည် အအေးလွန်ကဲ၏။ ဖန်၏။ လေကိုရွှင်စေ၏။ ဆီးဝမ်းချုပ်လျှင်သော်လည်းကောင်း၊ အောင့်လျှင်သော်လည်းကောင်း၊ လက်ဖက်စိမ်ရေနှင့် သနပ်ခါးရည်ကို တစ်ဝက်စီမျှအောင် ရော၍တိုက်လျှင် ပျောက်နိုင်၏။ လက်ဖက်ရည်ကို တစ်နေ့လျှင် သုံးလေးခွက် ပုံမှန်သောက်သုံးပေးပါက အသက်ရှည်နုပျိုခြင်း၊ ကင်ဆာရောဂါကိုကာကွယ်နိုင်ခြင်း၊ အဆီများချပေးခြင်း၊ နှလုံးနှင့်သွေးကြောရောဂါများမှ ကာကွယ်ပေးခြင်း၊ သွားနှင့်သွားဖုံးရောဂါများကို အထောက်အကူပြုခြင်း၊ ဆီးချိုသွေးတိုးရောဂါများကို သက်သာစေခြင်း၊ အရောင်ကျစေခြင်း၊ အသည်းလုပ်ငန်းဆောင်တာ မှန်ကန်ကောင်းမွန်စေခြင်းနှင့် ခရမ်းလွန်ရောင်ခြည်ဒဏ်မှ ကာကွယ်ပေးခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေခြင်းများကြောင့် လူသားများ၏ ကျန်းမာရေးအတွက် အထောက်အကူပြုသည့် သီးနှံဖြစ်ပေသည်။

လက်ဖက်ကို အဓိကထုတ်လုပ်ရောင်းချနေသော နိုင်ငံများမှာ အိန္ဒိယ၊ တရုတ်၊ သီရိလင်္ကာ၊ ကင်ညာနှင့် အင်ဒိုနီးရှားနိုင်ငံများ ဖြစ်ကြသည်။ မြန်မာနိုင်ငံမှာ ယနေ့အချိန်တွင် လက်ဖက်စိုက်ဧရိယာဧက သုံးသိန်းဝန်းကျင်ရှိသည်။ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်များတွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ရှမ်းပြည်နယ်အနေဖြင့် နမ့်ဆန်နှင့် ကျောက်မဲ တောင်ပေါ်ဒေသများတွင် ဖြစ်ထွန်းအောင်မြင်ခဲ့သော်လည်း ယခုအခါ သီပေါမြို့နယ် ဆောင်ကြဲဒေသ၌လည်း စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နိုင်မှုကို AK လက်ဖက်စိုက်ခင်းမှ တောင်သူကြီး ဦးစိုင်းအောင်ခမ်းက လက်တွေ့ပြသလိုက်ပြီဖြစ်သည်။

ဦးစိုင်းအောင်ခမ်းအနေဖြင့် ဆောင်ကြဲဒေသတွင် လက်ဖက်စိုက်ခင်းများကို အောင်မြင်စွာစိုက်ပျိုးနိုင်ရေးအတွက် ရှေးကပင် လက်ဖက်စိုက်ပျိုးဖြစ်ထွန်းရာဒေသများဖြစ်သည့် နမ့်ဆန်နှင့် ကွတ်ခိုင်မြို့နယ် တာမိုးညဲဒေသများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်၍ လက်တွေ့ကွင်းဆင်းလေ့လာပြီး စိုက်ပျိုးရေးပညာရှင်များ၏ လမ်းညွှန်ပြသမှုများအတိုင်း လုံ့လစိုက်ထုတ်ဆောင်ရွက်ခဲ့၍ အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။

လက်ဖက်စိုက်ခင်းများကြောင့် စိုက်ပျိုးသူတောင်သူများအတွက် ဝင်ငွေတိုးစေခြင်း၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေခြင်းအပြင် တောင်ပေါ်ဒေသတစ်ဝိုက်တွင် လက်ဖက်စိုက်ခင်းများရှိခြင်းကြောင့် မိုးရာသီတွင် တောင်ပြိုခြင်းနှင့် ရေတိုက်စားခြင်းအန္တရာယ်များမှလည်း ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ လက်ဖက်စိုက်ခင်းများသည် တောင်ပေါ်ဒေသသစ်တောများ၏ ရေဝေရေလဲ သစ်တောထိန်းသိမ်းရေးလုပ်ငန်းကိုပါ အထောက်အကူပြုစေသည်။ ထို့အပြင် မြန်မာ့လက်ဖက်စိုက်ပျိုးမှုလုပ်ငန်းကို မိမိတို့နိုင်ငံအတွင်း လက်ဖက်စိုက်ပျိုးနိုင်သည့် ဒေသများတွင် တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ဒေသခံပြည်သူများအတွက်လည်း ဝင်ငွေတိုးစေမည်ဖြစ်ရာ စိုက်ပျိုးနိုင်သည့် နေရာတိုင်း၌ ယခုထက်ပိုမို၍ တိုးချဲ့စိုက်ပျိုးနိုင်ရန် ဆောင်ရွက်သင့်ပါသည်။

## ရှေးဟောင်းပစ္စည်းကဏ္ဍတွင် နိုင်ငံခြားသားများ ဝင်ရောက်ကြည့်ရှုမှုပိုမိုမြင့်တက်

**ရန်ကုန် နိုဝင်ဘာ ၂၁**

မြန်မာနိုင်ငံ၏ အွန်လိုင်းဈေးကွက်တစ်ခုဖြစ်သည့် အခမဲ့ကြော်ငြာဝက်ဘ်ဆိုဒ်တွင် ရှေးဟောင်းပစ္စည်းနှင့် အမှတ်တရပစ္စည်းစုဆောင်းရှာဖွေနိုင်သည့်ကဏ္ဍတွင် လက်ရှိမြန်မာပြည်တွင်းထက် ပြည်ပနိုင်ငံခြားသားများ ဝင်ရောက်ကြည့်ရှုနှုန်းမှာ မြင့်တက်နေကြောင်း အခမဲ့ကြော်ငြာဝက်ဘ်ဆိုဒ်တစ်ခုဖြစ်သည့် www.ads.com.mm မှ ထုတ်ပြန်ချက်အရ သိရသည်။

"မြန်မာပြည်ရဲ့အွန်လိုင်းဈေးကွက်တွင် ရှေးဟောင်းပစ္စည်းတွေက တခြားနိုင်ငံကလူတွေကို ဆွဲဆောင်နိုင်တာတွေ့ရတယ်။ ကျွန်တော်တို့ရဲ့ အခမဲ့ကြော်ငြာဝက်ဘ်ဆိုဒ်မှာ နိုင်ငံခြားသားတွေ အများဆုံးစိတ်ဝင်စားမှုကဏ္ဍတွေက မြန်မာအနုပညာပစ္စည်း၊ ရှေးဟောင်းပစ္စည်းနဲ့ မြန်မာပြည်ဖြစ် အမှတ်တရပစ္စည်း ကဏ္ဍဖြစ်ပါတယ်။ ခုနောက်ပိုင်းဆိုရင် မြန်မာပြည်တွင်းဖြစ် ရေဆေးပန်းချီကားတွေနဲ့ လက်ရက်ချည်ထည်တွေပါ နိုင်ငံခြားခရီးသွားအများစုက သဘောကျနှစ်ခြိုက်လာကြတာကို တွေ့မြင်ရမှာပါ။ လက်ရှိမှာ လူကြည့်အများဆုံးပစ္စည်းကတော့ ကြေးနဲ့ထုလုပ်ထားတဲ့ စစ်တုရင်ခုံဖြစ်ပါတယ်။ ပြီးတော့ ချင်းပြည်နယ်ဘက်ကတော့ ရှေးကျောက်ပုတီးနဲ့ ကြေးလက်ကောက်တွေကို သဘောကျနှစ်ခြိုက်ပြီး ဝင်ရောက်ကြည့်ရှုကြပါတယ်" ဟု www.ads.com.mm မှ Head of Public Relations ဖြစ်သူ Mr. Elijah Hatang က ပြောသည်။ အဆိုပါ ဝက်ဘ်ဆိုဒ်တွင် ၆၀ ရာခိုင်နှုန်းက ရှေးဟောင်းပစ္စည်းကဏ္ဍကို စိတ်ဝင်စားပြီး တချို့သောလူများက အိမ်ခြံမြေကဏ္ဍများကို စိတ်ပါဝင်စားကြကြောင်းသိရသည်။ **မွန်းဦးနဒီ**

# ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ရောက်နိုင်ရေးအတွက် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များညှိနှိုင်းဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၂၁**

၂၀၁၇ ခုနှစ်တွင် ကျင်းပမည့်ကမ္ဘာ့ကင်းထောက်ညီလာခံ၌ မြန်မာနိုင်ငံအား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အဆိုပြုတင်ပြသည့်အခါ ဆောင်ရွက်ဖွယ်ကိစ္စရပ်များကို ပြည့်ပြည့်စုံစုံဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးရေးအတွက် မြန်မာနိုင်ငံ ကင်းထောက်ယာယီကော်မတီနှင့် မြန်မာနိုင်ငံကင်းထောက်ကြီးများ ညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ဒီဇင်ဘာ ၆ ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်၍ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်ရုံးက သက်ဆိုင်ရာပုဂ္ဂိုလ်များအား ဖိတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

၁၉၁၆ ခုနှစ်ဝန်းကျင်က မြန်မာနိုင်ငံကင်းထောက်လုပ်ငန်းစဉ်များ စတင်လှုပ်ရှားဆောင်ရွက်ခဲ့ပြီး ၁၉၆၄ ခုနှစ်ဝန်းကျင်က မြန်မာနိုင်ငံကင်းထောက် လုပ်ငန်းစဉ်များ ခေတ္တရပ်ဆိုင်းခဲ့ရာမှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် လူငယ်များအား အများအကျိုးသယ်ပိုးရန် အစဉ်အသင့်ရှိသော မွန်မြတ်သည့် ကင်းထောက်လုပ်ငန်းစဉ်များကို နိုင်ငံတော်၏ လမ်းညွှန်မှုဖြင့် ပညာရေးဝန်ကြီးဌာနက ဦးဆောင်ကာ အခြေခံပညာကျောင်းများတွင် စတင်လေ့ကျင့်အကောင် အထည်ဖော်ခဲ့သည်။ ၂၀၁၄ ခုနှစ် ပြင်ဦးလွင်ကင်းထောက်မောင်မယ်များ တောတွင်းစခန်းချသည့်နေရာသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်တိုင် တက်ရောက်ပြီး မြန်မာနိုင်ငံကင်းထောက်ချုပ်ကြီးအဖြစ်ကတိခံယူကာ ကင်းထောက်လူငယ်မောင်မယ်များ၏ လုပ်ငန်းများကို ကြည့်ရှုအားပေး ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်နှင့် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်ကိုယ်စားလှယ်တို့က ၂၀၁၃ ခုနှစ်မှ စတင်ကာ မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး မြန်မာနိုင်ငံကင်းထောက်အဖွဲ့အား ပြန်လည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် အကြံဉာဏ်များပေးအပ်ခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်း၊ သင်တန်းများဖွင့်လှစ်ပို့ချခြင်းတို့ကို အရှိန်အဟုန်ဖြင့် ကူညီဆောင်ရွက်ပေးခဲ့သည်။




နိုဝင်ဘာ ၃ ရက်မှ ၈ ရက်အထိ တောင်ကိုရီးယားနိုင်ငံ၌ကျင်းပခဲ့သည့် "25th Asia-Pacific Regional Scout Conference" တွင် မြန်မာနိုင်ငံကို ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုနိုင်ရေး ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ တက်ရောက်ခဲ့စဉ်။

မြန်မာနိုင်ငံကင်းထောက်အဖွဲ့အား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုနိုင်ရေး အလို့ငှာ ကြိုတင်စီစဉ်ဆောင်ရွက်ဖွယ်ကိစ္စရပ်များကို ကူညီပံ့ပိုးဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၅ ခုနှစ် အောက်တိုဘာလက ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သည့် "ASEAN Scout Association for Regional Cooperation (ASARC) Conference" သို့ တက်ရောက်ရန် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်က ဖိတ်ကြားခဲ့သည်။

အလားတူ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃ ရက်မှ ၈ ရက်အထိ တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် "25th Asia-Pacific Regional Scout Conference" သို့လည်းတက်ရောက်ရန် ထပ်မံဖိတ်ကြားခဲ့ရာ အဆိုပါညီလာခံ နှစ်ခုသို့ မြန်မာနိုင်ငံကိုယ်စားပြု မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးအပါအဝင် ကိုယ်စားလှယ်လေးဦး တက်ရောက်ခဲ့ကြသည်။

Asia-Pacific Regional Scout (APR) အဖွဲ့ချုပ်က မြန်မာနိုင်ငံအား အဆိုပါညီလာခံများသို့ ပထမဦးဆုံးအကြိမ်တက်ရောက်ရန် တရားဝင်ဖိတ်ကြားခဲ့ခြင်းဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံ၌ကျင်းပခဲ့သည့် "25th Asia-Pacific Regional Scout Conference" တွင် "မြန်မာနိုင်ငံကို ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုနိုင်ရေးအတွက် APR Steering Committee က မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများ ကို အနီးကပ်ကြီးကြပ်ကူညီပံ့ပိုးဆောင်ရွက်ကာ The World Organization of the Scout Movement (WOSM) ၏ စည်းမျဉ်းဥပဒေ Article V အရ ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် မကြာမီအသိအမှတ်ပြုနိုင်ရေးအတွက် မြန်မာနိုင်ငံအားကူညီဆောင်ရွက်ရန်" ညီလာခံတက်ရောက်သူအားလုံးက တစ်ညီတစ်ညွတ်တည်း သဘောတူဆုံးဖြတ်ခဲ့ကြသည်။

**ကိုလတ်(သတင်းစဉ်)**

# လှောင်ပြောင်ကျီစယ်ခြင်း၊ ဆယ်ဖီရိုက်ခြင်းနှင့် ရုန့်ရင်းကြမ်းတမ်းစွာပြောဆိုခြင်းများသည် အာရှတိုက်ရှိ အင်တာနက်သုံးစွဲသူများအတွက် စိတ်အနှောင့်အယှက်အဖြစ်ရဆုံးဟု စစ်တမ်းကဖော်ပြ

**ရန်ကုန် နိုဝင်ဘာ ၂၁**

အာရှဒေသ၏ အဆိုးရွားဆုံး အင်တာနက်အသုံးပြုမှု အလေ့အထများကို တယ်လီနောက စစ်တမ်းပြုစုခဲ့ရာ မြန်မာနိုင်ငံအပါအဝင် စင်ကာပူ၊ ထိုင်း၊ မလေးရှားနှင့် အိန္ဒိယတို့မှ အင်တာနက်အသုံးပြုသူများသည် အင်တာနက်ပေါ်တွင် မမှန်ကန်သည့် ကောလာဟလများကို ဖြန့်ဝေသူများအား မနှစ်သက်သော်လည်း ကြောင်သတ္တဝါများကို ဖော်ပြခြင်းကိုမူလက်ခံထားကြသည်ဟု အဆိုပါစစ်တမ်းက ဖော်ထုတ်ခဲ့ပြီး ယင်းစစ်တမ်းတွင် လှောင်ပြောင်ကျီစယ်ခြင်း၊ ဆယ်ဖီရိုက်ခြင်းနှင့် ရုန့်ရင်းကြမ်းတမ်းစွာပြောဆိုခြင်းများသည် အာရှတိုက်ရှိ အင်တာနက်သုံးစွဲသူများအတွက် စိတ်အနှောင့်အယှက်အဖြစ်ရဆုံးဟု ဖော်ပြထားကြောင်း တယ်လီနောမြန်မာမှ ယနေ့နံနက်က သတင်းထုတ်ပြန်ထားသည်။

အင်တာနက်နှင့် လူမှုကွန်ရက်ထိုးဖောက်ကြီးမားလာမှု အဆမတန်မြင့်မားလာသည့်အလျောက် စိတ်အနှောင့်အယှက်ဖြစ်စရာကောင်းသည့် အင်တာနက် အလေ့အထများလည်း အမြဲတစေမြင့်တက်လာလျက်ရှိသည်။ ရုန့်ရင်းကြမ်းတမ်းစွာပြောဆိုမှုကို သည်းခံနိုင်စွမ်းမှ ဆယ်ဖီရိုက်ခြင်းကို လက်ခံခြင်းအထိ ဖြေကြားပေးခဲ့သူ ၄၀၀ ကျော်က ၎င်းတို့၏ ဒစ်ဂျစ်တယ်ကမ္ဘာပေါ်မှ နှစ်သက်၊ မုန်းတီးသော အကြောင်း အရာများကို ဖော်ပြနိုင်ခဲ့သည်။

စစ်တမ်းကောက်ယူမှုအရ အင်တာနက်အသုံးပြုသူများ ပြုလေ့ပြုထရှိသည့် စိတ်အနှောင့်အယှက်ဖြစ်စရာ အကောင်းဆုံးအမူအကျင့် ငါးချက်ရှိရာ မဟုတ်မမှန်သော ကောလာဟလများကို ဖြန့်ဝေခြင်းမှာ ၄၃ ရာခိုင်နှုန်း၊ လှောင်ပြောင်ကျီစယ်ခြင်း သို့မဟုတ် ရိုင်းပျစွာပြောဆိုကာ စိတ်ဆိုးဒေါသထွက်လာအောင် လှုံ့ဆော်ခြင်းမှာ ၃၀ ရာခိုင်နှုန်းနှင့် မသင့်လျော်သော အကြောင်းအရာများကို Share လုပ်ခြင်း ၂၈ရာခိုင်နှုန်း၊ အွန်လိုင်းဂိမ်းကစားရန် Invite များပေးပို့ခြင်း ၂၇ ရာခိုင်နှုန်းနှင့် ရုန့်ရင်းကြမ်းတမ်းသော စကားလုံးများသုံးနှုန်းခြင်းတို့ကြောင့်လည်း သုံးစွဲသူများ စိတ်အနှောင့်အယှက်ဖြစ်ကြရကြောင်း သိရသည်။

စင်ကာပူမှ Penn Schoen Berland ဟုခေါ်သော လူမှုသုတေသနကုမ္ပဏီတစ်ခုက ဤစစ်တမ်းကောက်ယူလေ့လာမှုကို ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ရလဒ်တွင် အာရှဒေသ၏အမြင်သည် ထပ်တူနီးပါးကျသော်လည်း နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူကွဲပြားသည့် အချက်အလက်များကိုလည်း တွေ့ရှိခဲ့ရသည်။ အွန်လိုင်းတွင် ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုခြင်းကို ထိုင်းနိုင်ငံမှ ၄၃ ရာခိုင်နှုန်းက စိတ်အနှောင့်အယှက်ဖြစ်စရာ အကောင်းဆုံးအချက်ဟု ဖြေကြားခဲ့ပြီး မလေးရှားကလည်း ထိုနည်းလည်းကောင်းပင် ၃၉ ရာခိုင်နှုန်းက သဘောတူခဲ့ကြသည်။ သို့သော် အိန္ဒိယနှင့်စင်ကာပူတို့တွင် အင်တာနက်ကမ္ဘာပေါ်၌ ရုန့်ရင်းကြမ်းတမ်းသော အသုံးအနှုန်းများကို အသုံးပြုခြင်းအား စိတ်အနှောင့်အယှက်ဖြစ်စရာ အချက်အဖြစ် ၄ ရာခိုင်နှုန်းနှင့် ၇ ရာခိုင်နှုန်းတို့ကသာ သဘောတူခဲ့ကြသည်။ E-Card များပေးပို့ခြင်းနှင့် ကြောင်ဓာတ်ပုံများ တင်ခြင်းတို့ကိုမူ ၂ ရာခိုင်နှုန်းကသာ အနှောင့်အယှက်ဖြစ်ကြောင်း တွေ့ရှိရသည်။

'ဒီစစ်တမ်းကောက်ယူမှုက အင်တာနက်ဟာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေအများကြီး ပျော်ဝင်နေတဲ့ အိုးတစ်အိုးလိုပဲဆိုတာ ပြသလိုက်တာ ဖြစ်ပါတယ်။ ဒီအချက်က အင်တာနက်ချိတ်ဆက်မှုကြောင့် ပိုမိုကောင်းမွန်တဲ့ဘဝကို ရရှိနိုင်မယ့် အကျိုးကျေးဇူးတွေ အများကြီးရှိသလို ယဉ်ကျေးမှုဓလေ့ကနေ ဖြစ်ပေါ်လာတဲ့ ကွဲပြားခြားနားတဲ့ အမူအကျင့်တွေကြောင့် ထူးခြားတဲ့ စိန်ခေါ်မှုတွေကိုလည်း ပေးစွမ်းနိုင်ပါတယ်။ အခုလို စစ်တမ်းကောက်ယူလိုက်တဲ့အခါ အွန်လိုင်းအသုံးပြုသူအချင်းချင်း လေးစားမှုပိုမိုရရှိလာစေဖို့ သူတို့တွေရဲ့ အွန်လိုင်းအမူအကျင့်တွေကို စိတ်ဝင်စားမှုအပြည့်နဲ့ ထိထိရောက်ရောက်လေ့လာလို့ကောင်းသွားပါတယ်" ဟု Telenor Digital AS မှ VP Head of Global Partnerships ဖြစ်သူ Karianne Melleby က မှတ်ချက်ပေးသည်။

စစ်တမ်းကောက်ယူခံရသူများကို ၎င်းတို့ မနှစ်သက်သည့် စိတ်အနှောင့်အယှက်ဖြစ်စရာများကို ကိုယ်တိုင်ပြုလုပ်ဖူးသလားဟု မေးမြန်းသောအခါ ဈေးကွက်သုံးခုမှ ထိပ်ဆုံးထွက်လာသည့် အဖြေမှာ အစားအသောက်ဓာတ်ပုံများတင်ခြင်းဖြစ်သည်။ ထိုင်း ၃၆ ရာခိုင်နှုန်း၊ မလေးရှား ၃၆ ရာခိုင်နှုန်း၊ စင်ကာပူ ၂၁ ရာခိုင်နှုန်းဖြစ်သည်။ E-Card များ ပေးပို့ခြင်းနှင့် Facebook ပေါ်တွင် (မိမိကိုယ်တိုင်ပါဝင်ရေးသားခြင်းမရှိဘဲ) ဦးတည်ရာမရှိ ကြည့်ရှုခြင်းတို့သည် အိန္ဒိယနိုင်ငံတွင် ၂၃ ရာခိုင်နှုန်းဖြစ်ပြီး မိမိတို့မနှစ်သက်သည့် စိတ်အနှောင့်အယှက်ဖြစ်စရာများကို ကိုယ်တိုင်ပြုလုပ်သည့် အချက်အဖြစ် အဆိုပါစစ်တမ်းက ဖော်ပြထားသည်။

အမျိုးသမီးများသည် အမျိုးသားများထက် အင်တာနက်အသုံးပြုမှု အချိန်အတိုင်းအတာ ပိုမိုများပြားပြီး ၂၁ ရာခိုင်နှုန်းသည် တစ်ရက်လျှင် နှစ်နာရီနှုန်းဖြင့် တစ်နှစ်လျှင် နာရီ ၇၃၀ အထိ အသုံးပြုကြောင်းတွေ့ရှိခဲ့ရသည်။ ထို့အတူ အမျိုးသားများသည်လည်း အမျိုးသမီးများထက် အင်တာနက်အသုံးပြုမှု အကြိမ်အရေအတွက် များပြားကြောင်းတွေ့ရှိခဲ့ရသည်။ အမျိုးသား ၈၉ ရာခိုင်နှုန်းမှာ တစ်ရက်လျှင် အလုပ်နှင့်မပတ်သက်သော အင်တာနက်အသုံးပြုမှု ကြိမ်ဖန်များစွာ ပြုလုပ်ကြောင်းတွေ့ရှိရသည်။ အမျိုးသား၊ အမျိုးသမီးအားလုံးပါဝင်သည့် ဆန်းစစ်မှုတွင်မူ စင်ကာပူနိုင်ငံသည် အခြားနိုင်ငံများထက် အင်တာနက်ကို တစ်ရက်လျှင် ကြိမ်ဖန်များစွာ အသုံးပြုကြောင်း ၉၂ ရာခိုင်နှုန်းက ဖြေကြားခဲ့သည်။

စိတ်အနှောင့်အယှက်ဖြစ်စရာ အကြောင်းအရင်းများနှင့်ပတ်သက်ပြီး မိမိကိုယ်ကိုယ်ထိန်းချုပ်မှု လိုအပ်ကြောင်းနှင့် မိဘများကလည်း ထိန်းကွပ်ပေးရန်လိုအပ်ကြောင်း စစ်တမ်းက ဖော်ပြခဲ့သည်။ အသက် ၃၅ မှ ၄၉ နှစ်အတွင်းရှိ မိဘများသည် မိမိတို့၏ သားသမီးများအား အင်တာနက်ကို ကောင်းကောင်းမွန်မွန်အသုံးပြုနိုင်စေရန် ပညာပေးသင်ကြားပေးရမည့်တာဝန်မှာ မိဘများတွင် ရှိသည်ဟု ယုံကြည်ကြသည်။

**ခင်ရတနာ**

# ခေတ်ဟောင်း ခေတ်ပြိုင်ပန်းချီအနုပညာရပ်များ ရောဝဏ်ပန်းချီပြခန်း၌ ပြသ

**ရန်ကုန် နိုဝင်ဘာ ၂၁**

ရောဝဏ်ပန်းချီအနုပညာပြခန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ် (၅၈)ရပ်ကွက် ရောဝဏ်လမ်းမကြီး ဦးဘကြည်လမ်း ခြံအမှတ် ၉၀၃/၉၀၄ ရှိ အဆိုပါပြခန်း၌ ကျင်းပသည်။

ရှေးဦးစွာ ပန်းချီဆရာကြီး ဦးလှတင်ထွန်း(ခ) စာရေးဆရာကြီးဝင်းပက ပန်းချီဆရာကြီး ဦးစောလှိုင် စုဆောင်းတင်ပြသော ဆရာများ၏အမွေထဲမှ ကိုယ်ပိုင်ဟန်စာအုပ်အကြောင်းကို မိတ်ဆက်ပြောကြားပြီး ပန်းချီဆရာကြီး ဦးစောလှိုင်က ပန်းချီအနုပညာပြခန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ပန်းချီဆရာကြီးများက ပြခန်းကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ ရောဝဏ်ပန်းချီ အနုပညာပြခန်းကို မြန်မာအနုပညာရှင်ကြီးများနှင့် မျိုးဆက်သစ်အနုပညာရှင်များအတွက် အနုပညာရပ်များ စီးမျောဖလှယ်ရာ၊ သို့မှီးထိန်းသိမ်းရာ၊ လေ့လာဆည်းပူးရာနှင့် ခေတ်ဟောင်း ခေတ်ပြိုင် အနုပညာရပ်များကို တစ်စုတစ်ဝေးတည်း စုစည်းတင်ပြနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



ရောဝဏ်ပန်းချီပြခန်း၌ ပြသထားသော ပန်းချီကားများကို တွေ့ရစဉ်။

# စံပြကျေးရွာသစ် ၁၀၀ စီမံကိန်း စီမံချက်ရေးဆွဲမှုဆိုင်ရာ သင်ကြား

**နေပြည်တော် နိုဝင်ဘာ ၂၁**

မြန်မာနိုင်ငံနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) တို့ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် ဆယ်မားအူးလ်အွန်ဒုန် စံပြကျေးရွာသစ် ၁၀၀ ထူထောင်ခြင်းဆိုင်ရာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်ရေးဆွဲရေးသင်တန်းကို နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နေပြည်တော်တိုင်း စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက အမှာစကားပြောကြားသည်။ ဒက္ခိဏသီရိ၊ ဇမ္ဗူသီရိ၊ ပျဉ်းမနား၊ လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၄၀ မှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ သင်တန်းသား သင်တန်းသူ ၁၂၀ နှင့် ဝန်ထမ်းများကို မြန်မာပညာရှင်၊ ကိုရီးယားပညာရှင်တို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ဘာသာရပ်အသီးသီးကို သင်ကြားပို့ချခဲ့ကြသည်။ အဆိုပါ သင်တန်းကို နိုဝင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ နှစ်ရက်တာ နှစ်သုတ်ခွဲ၍ သင်ကြားပို့ချခဲ့ပြီး ကျေးရွာ တစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဥက္ကဋ္ဌ တစ်ဦး၊ အဖွဲ့ဝင်တစ်ဦး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းတစ်ဦး၊ သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူးတို့က သင်တန်းသားများအဖြစ် တက်ရောက်သင်ကြားကြသည်။



အဆိုပါ စီမံကိန်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်စဉ် နှစ်နိုင်ငံသမ္မတများ၏ သဘောတူညီချက်အရ အကောင်အထည်ပေါ်လာသော စီမံကိန်းဖြစ်သည်။ အဆိုပါ ဆယ်မားအူးလ်အွန်ဒုန်စီမံကိန်းကို ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၁၀၀ တွင် ကိုရီးယား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)၏ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၂၂ သန်းဖြင့် စတင်အကောင်အထည်ဖော်နေပြီ ဖြစ်ကြောင်း သိရသည်။

**(လ/၀၃၈)**

## သတင်းတိုများ

### စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး

**ကန်ကြီးထောင့် နိုဝင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၀ ရက်က ဆပ်ကွင်းကျေးရွာ အထက၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးအောင်က အမှာစကားပြောကြားခဲ့ပြီး ဒုတိယတိုင်းဦးစီးမှူး ဦးစောမိုက်ကယ်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေဝင်းတို့က စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ ဆပ်ကွင်းကျေးရွာ အထကမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စိတ်ပါဝင်စားသူပြည်သူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### ချင်းရွှေဟော်မြို့နယ်၌ ကျေးလက်အိမ်ရာ အလုံး ၂၀ တည်ဆောက်မည်

**ချင်းရွှေဟော် နိုဝင်ဘာ ၂၁**

လောက်ကိုင်ခရိုင် ချင်းရွှေဟော်မြို့နယ် လုံထန်ကျေးရွာအုပ်စု အညင်းပေါက်ပေါက်ကျေးရွာ၌ ကျေးလက်နေပြည်သူများအတွက် တန်ဖိုးနည်းကျေးလက်အိမ်ရာ အလုံး ၂၀ တည်ဆောက်ပေးသွားမည်ဖြစ်ရာ နိုဝင်ဘာ ၁၆ ရက်က လောက်ကိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်လွင်က ကျေးလက်အိမ်ရာ တည်ဆောက်မည့်နေရာသို့ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဝင်းမောင်(စဥ့်ကူး)**

### ✳ ကျောဖုံးမှ

အမျိုးသား ၁၀ ပေါင်၊ အမျိုးသမီး ရှစ်ပေါင်တန်း ဝင်ပြိုင်မှာဖြစ်ပါတယ်။ ပြိုင်ဘက်တွေက အိမ်ရှင်စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်တို့ ဖြစ်ပါတယ်" ဟု ဦးမျိုးအောင်က ရှင်းပြသည်။

(၈)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာဘိုးလင်း မသန်စွမ်းအားကစားသမားများ ရွှေတံဆိပ်မျှော်မှန်းထားကာ မြန်မာနိုင်ငံမှ မသန်စွမ်းအားကစားသမား ၁၀၂ ဦး အပါအဝင် စုစုပေါင်း ၁၅၂ ဦး သွားရောက် ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အားကစားနည်း ၁၁ မျိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် နေပြည်တော်၌ အိမ်ရှင်အဖြစ်ကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားသမားများမှ ရွှေ ၃၄ ခု၊ ငွေ ၂၆ ခု၊ ကြေး ၃၆ ခု စုစုပေါင်း ၉၆ ခုဖြင့် ပဉ္စမနေရာရရှိထားသည်။



(၈)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲဝင်ရန် မြန်မာဘိုးလင်းမသန်စွမ်းအားကစားသမားများ လေ့ကျင့်နေစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

### ✪ ကျောဖုံးမှ

ညှော်သည်နည်းပြ ဗန်ဟားလ်၏ မန်ယူအသင်းမှာ ၄-၂-၂-၂ ကစားကွက်ဖြင့် ပုံမှန်ကစားကွက်မဟုတ်ဘဲ ပွဲထွက်လာခဲ့သည်။ တိုက်စစ်မှူးနှစ်ဦးနေရာတွင် လင်ဂတ်နှင့် ဒီပေးတို့ တွဲထားပြီး ကွင်းလယ်တွင် ဟာရဲရား၊ မာတာ၊ ရှဝိန်းစတိုင်ဂါ၊ ရှနိုက် ဒါလင်၊ နောက်တန်းတွင် ဂျိုနက်စ်၊ အက်ရှလေယန်း၊ ဘလိုင်း၊ စမောလင်းနှင့် ဂိုး-ဒီဂီယာတို့ ပါဝင်လာသည်။

ယင်းပွဲတွင် ပွဲစပြီး ပွဲချိန် ၁၁ မိနစ်တွင် ဟာရဲရားက ဖန်တီးပေး၍ တိုက်စစ်မှူး ဒီပေးက ဦးဆောင်ဂိုး သွင်းယူခဲ့သည်။ ပထမပိုင်းတွင် မန်ယူအသင်း တစ်ဂိုးအသာဖြင့် ဦးဆောင်ခဲ့ပြီး ဒုတိယပိုင်းတွင် နှစ်သင်းစလုံး လူစားလဲမှုများ ပြုလုပ်ခဲ့သည်။ ဒုတိယပိုင်း ပွဲချိန် ၈၇ မိနစ်တွင် အိမ်ရှင်ဝက်ဖို့ဒ်အသင်း ပယ်နယ်တီ ကန်ခွင့်ရကာ ကွင်းလယ်လူ ဒီနေးက ချေပဂိုးသွင်းယူပေးခဲ့သည်။

ပွဲချိန် မိနစ် ၉၀ တွင် မန်ယူအတွက် တန်ဖိုးရှိသောအနိုင်ဂိုးကို ကွင်းလယ်ကစားသမား ရှဝိန်းစတိုင်ဂါက သွင်းယူခဲ့ပြီး ပွဲပြီးချိန်တွင် မန်ယူအသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယနေ့ပွဲ အနိုင်ရရှိခြင်းမှာ အခက်အခဲကြားက အနိုင်ရရှိခြင်းဖြစ်ပြီး မန်ယူအသင်းတွင် အဓိက ကစားသမားများ ဒဏ်ရာပြဿနာနှင့် ကြုံတွေ့နေရချိန်ဖြစ်သည်။ ဒဏ်ရာရရှိသောကစားသမားများမှာ ဗလင်စီယာ၊ ရွန်းနီ၊ လုခ်ရှော၊ ဖယ်လိုင်နီ၊ ကားရစ်၊ မာရှယ်တို့ဖြစ်သည်။ မန်ယူ အသင်းသည် ရမှတ် ၂၇ မှတ်ရရှိခဲ့ပြီဖြစ်သည်။

### တရားရုံးထုတ်စဉ် ရဲအုပ်ကို ဓားစာခံလုပ်၍ထွက်ပြေးသူများ ပြန်လည်ဖမ်းမိ

**မိတ္ထီလာ နိုဝင်ဘာ ၂၁**

ရမန်ယူရန်အတွက် သာစည်မြို့နယ် တရားရုံးသို့အသွားတွင် ပြစ်မှုကျူးလွန်သူများက တာဝန်ကျရဲအရာရှိနှင့် ဇနီးတို့ကို ဓားစာခံအဖြစ် ခေါ်ဆောင်သွားကာ သက်သေခံ ကားနှင့်အတူ ထွက်ပြေးသွားသည့် မူးယစ်ဆေးဝါး ပြစ်မှုကျူးလွန်သူ နှစ်ဦးအား ယမန်နေ့ညက ရှမ်းပြည်နယ် ကလော-ဟဲဟိုးဘက်သို့ တောနင်းရှာဖွေရာမှ ပြန်လည်ဖမ်းဆီးရမိခဲ့သည်။

မူးယစ်ဆေးဝါးမှုနှင့် မိတ္ထီလာထောင်တွင် အကျဉ်းကျနေသည့် စိုင်းပန် (၂၄ နှစ်)နှင့် ထွန်းဝင်း (၃၂ နှစ်)တို့ကို သာစည်ရဲစခန်းမှ ရဲအုပ် အာကာ (ခ) အောင်ဇော်ဦးနှင့် ဇနီး စောနှင်းဝေတို့က သက်သေခံ ကားနှင့်အတူ နိုဝင်ဘာ ၁၉ ရက်က သာစည်မြို့နယ် တရားရုံး၌ အချုပ်ရမန် ထပ်မံယူရန် လာခဲ့ကြသည်။ ပြစ်မှုကျူးလွန်သူ နှစ်ဦးမှာ ရဲအုပ်နှင့် ဇနီးအား ဓားစာခံလုပ်၍ ကားနှင့်အတူ ထွက်ပြေးသွားခဲ့ကြသဖြင့် နိုဝင်ဘာ ၂၀ ရက်က ရှမ်းပြည်နယ် ရဲတပ်ဖွဲ့နှင့် ပူးပေါင်းရှာဖွေရာ ဓားစာခံ ရဲအရာရှိနှင့်အတူ ပြန်လည်ဖမ်းဆီးရမိသဖြင့် ခုံရုံးဖွဲ့စစ်ဆေးလျက်ရှိသည်။

**တင်လှိုင်(မိတ္ထီလာ)**

### မျိုးစပါးထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

**ဖောင်းပြင် နိုဝင်ဘာ ၂၁**

မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်၌ ၂၀၁၅-၂၀၁၆ ခုနှစ် မျိုးစပါးအစားထိုး မုရင်းစပါးစိုက်မည့် တောင်သူများသို့ မျိုးစပါးထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာလ တတိယပတ်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မျိုးစပါးထုတ်ပေးရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဒေါ်မွှေးမွှေးနှင့် တာဝန်ရှိသူများက ရွှေညောင်ပင်၊ နန်းပန်၊ ဟဲလှော်ကျေးရွာအုပ်စုများမှ တောင်သူများထံသို့ မျိုးစပါးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖောင်းပြင်မြို့နယ် ကျေးရွာအုပ်စု သုံးအုပ်စုမှ တောင်သူများသို့ ၂၀၁၅ ခုနှစ် မျိုးစပါးအစားထိုး မုရင်းစပါးစိုက်ပျိုးရန် ၃၆ ဧကအတွက် ရွှေဆည်ရင်မျိုးစပါး ၁၂၈၈ ကီလိုတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ကတ္တရာပူ လောင်းမိသောအမျိုးသမီးအား ထောက်ပံ့ငွေပေးအပ်

**ကသာ နိုဝင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင်းရှိ လမ်းမတော်လမ်းမကြီးကို လမ်းဦးစီးဌာနက လမ်းချဲ့ခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၇ ရက်က လမ်းအလုပ်သမား မဆွေဇင်ထွန်းသည် လုပ်ငန်းခွင်၌ အလုပ်ဆင်းနေစဉ် ရုတ်တရက်ကတ္တရာရေပူများ လောင်းမိသဖြင့် ကသာမြို့ ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသနေကြောင်း သိရသည်။

ကသာမြို့ ဧရာကမ်းသာလူမှုရေးအသင်းမှ ကသာပြည်သူ့ဆေးရုံသို့သွားရောက်ကာ မဆွေဇင်ထွန်းကို ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။ ကသာမြို့လမ်းဦးစီးဌာနကလည်း မဆွေဇင်ထွန်း၏ ကျန်းမာရေး လုံးဝကောင်းမွန်လာသည်အထိ တာဝန်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

### ကုမ္ပဏီများသိစေရန် အသိပေးကြေညာချက်

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် ဖွဲ့စည်းမှတ်ပုံတင်ထားသော ကုမ္ပဏီများအနေဖြင့် လုပ်ငန်းဆက်လက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါက ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၆ရက်နောက်ဆုံးထားသတင်းပေးပို့ကြရန် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ဤသို့ကြေညာပြီးနောက်ပိုင်းသတ်မှတ်ရက်အတွင်း ဆက်သွယ်သတင်းပို့ခဲ့သည့် ကုမ္ပဏီများရှိသကဲ့သို့ သတင်းပို့ခြင်းမရှိခဲ့သည့်ကုမ္ပဏီများလည်းရှိရာ သတင်းပေးပို့ဆက်သွယ်ဆောင်ရွက်ရန် ကျန်ရှိသော ကုမ္ပဏီများစာရင်းကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)နှင့် ရုံးခွဲများတွင် ကြည့်ရှုနိုင်ပါကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန Website. www.dica.gov.mm တွင်လည်း ဖော်ပြထားပြီး ဖြစ်ပါသည်။

၃။ လုပ်ငန်းဆက်လက်လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းပေးပို့ ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသော ကုမ္ပဏီများကို ၁၉၁၄ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၄၇နှင့်အညီ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရေးဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်မည့်စာရင်းတွင်ပါရှိနေသော ကုမ္ပဏီများအနေဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန် ဆန္ဒရှိပါက အောက်ဖော်ပြပါလိပ်စာများအတိုင်း သတင်းပေးပို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| | |
|---|---|
| (က) ရန်ကုန်ရုံးချုပ် | အမှတ်-၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့<br>ဖုန်း-၀၁-၆၅၇၈၉၁၊ ဖက်စ်-၀၁-၆၅၈၁၃၅<br>core.gov.mm @ gmail.com |
| (ခ) နေပြည်တော်ရုံး | ရုံးအမှတ် ၃၂၊ နေပြည်တော်<br>ဖုန်း-၀၆၇-၄၀၆၁၂၄၊ ၀၆၇-၄၀၆၁၆၆၊ ဖက်စ်-၀၆၇-၄၀၆၃၀၆<br>dica.naypyitaw 14714 @ gmail.com |
| (ဂ) မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး | ၂၆×၂၇လမ်းကြား၊ ၈၄လမ်း၊ ဈေးချိုအရှေ့ဘက်တိုက်တန်း၊ တတိယထပ်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့<br>ဖုန်း-၀၂-၈၆၆၆၁၊ ၀၂-၈၆၆၆၂၊ ဖက်စ်-၀၂-၈၆၆၆၀<br>dicamdy.mm @ gmail.com |
| (ဃ) ရှမ်းပြည်နယ်ဦးစီးမှူးရုံး | ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနဝင်း၊ အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်<br>ဖုန်း-၀၈၁-၂၁၂၄၂၉၃၊ ဖက်စ်-၀၈၁-၂၁၂၄၉၇၄ |
| (င) မွန်ပြည်နယ်ဦးစီးမှူးရုံး | အမှတ် ၄၀၁၊ တိုးချဲ့ကမ်းနားလမ်း၊ မရမ်းကုန်းရပ်ကွက်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်<br>ဖုန်း-၀၅၇-၂၃၃၉၅၊ ဖက်စ်-၀၅၇-၂၃၃၈၅<br>dica.mawlamyaing 1102014 @ gmail.com |

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

## ပဲခူးမြို့နယ်အတွင်း တစ်ဖက်နိုင်ငံမှအလိုရှိနေသော မူးယစ်တရားခံပြေးဖမ်းဆီးရမိ

**ပဲခူး နိုဝင်ဘာ ၂၁**

မြန်မာ-ထိုင်း ချစ်ကြည်ရေး တံတား ထိုင်းနိုင်ငံ မဲဆောက်ဘက်ခြမ်းတွင် တာဝန်ကျ ပူးပေါင်းအဖွဲ့သည် ယာဉ်အမှတ် 4C/ --- မှန်လုံယာဉ်ကို ရှာဖွေစစ်ဆေးခဲ့ ရာ ယာဉ်ပေါ်တွင်ပါလာသည့် ခရီးဆောင်အိတ် ၂၀ အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၆ သိန်းနှင့်အတူ ဝေယံထွန်းအမည်ဖြင့် ပတ်စ်ပို့စာအုပ်တို့ကို သိမ်းဆည်းရမိခဲ့ပြီး ထိုင်းနိုင်ငံအတွင်း တရားမဝင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်သူအား ဖမ်းဆီးရမိရေး ဖမ်းဝရမ်းထုတ်ပြန်ခဲ့သည်။



အဆိုပါ ထုတ်ပြန်ချက်အရ နိုဝင်ဘာ ၂၀ ရက်က တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်၏ လမ်းညွှန်မှု၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဦး၏ ကြီးကြပ်မှုဖြင့် မူးယစ်တပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့တို့သည် ဝေယံထွန်း(၂၈ နှစ်) စျေးပိုင်းရပ်ကွက် သနပ်ပင်မြို့နေသူအား သတင်းအရ နေအိမ်၌ ဝင်ရောက် ဖမ်းဆီးခဲ့သည်။

ထိုသို့ သွားရောက်ဖမ်းဆီးရာ ဝေယံထွန်းသည် ဆိုင်ကယ်တစ်စီးဖြင့် ထွက်ပြေးခဲ့ပြီး နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က ပဲခူးမြို့နယ် ကမာနတ်ကျေးရွာတွင် ဖမ်းဆီးရမိခဲ့ကာ စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ပဲခူး(သန့်စင်)**

## ရန်ကုန်-ထားဝယ်အမြန်ရထားကို ကားဝင်တိုက်

**ရေး နိုဝင်ဘာ ၂၁**

လမိုင်းမြို့ တောင်ဘုံကျေးရွာအဝင် တောင်ဘုံဘူတာအနီးတွင် နိုဝင်ဘာ ၂၁ ရက် နံနက်၁၁ နာရီခန့်က ရထားတစ်စီးကို ကားကဝင်တိုက်မှုဖြစ်ပွားကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းဝေက ဖုန်းဆက်အကြောင်းကြားသဖြင့် လမိုင်းနယ်မြေစခန်းမှူး ရဲအုပ် မင်းအောင်နိုင်ထွေးနှင့်အဖွဲ့ သွားရောက်စစ်ဆေးချက်များအရ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ ထားဝယ်သို့ မောင်းနှင်လာသည့် အဆန် (၁၇၅ )အမြန်ရထားကို သောင်ပြင်ကျေးရွာဘက်မှ တောင်ဘုံကျေးရွာဘက်သို့ ယာဉ်မောင်း ထွန်းထွန်းမင်း(၄၃ နှစ်) ဒဂုံအရှေ့ ရန်ကုန်တိုင်းဒေသကြီးနေသူ မောင်းနှင်သည့် လိုက်ထရပ်အဖြူရောင်ယာဉ်မှ ဝင်ရောက်တိုက်မိခြင်းဖြစ်ကြောင်း သိရသည်။

ရထားနှင့် ကားတိုက်မှုဖြစ်ပွားပြီး ၁၅ မိနစ်ခန့်တွင် ရထားမှာခေတ္တရပ်တန့်ထားပြီးနောက် တောင်ဘုံဘူတာမှ ရေးမြို့ဘက်သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လမိုင်းနယ်မြေရဲစခန်းမှ ယာဉ်မောင်း ထွန်းထွန်းမင်းအား မီးရထားအက်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

## လူကိုလူချင်း ကုန်ကူးမှု ပတ်ဝန်းကျင်တွင် ဂရုပြု

## ပင်လည်ဘူးမြို့နယ် ရေဝေတောင်အဆင်းတွင် ယာဉ်တစ်စီးတိမ်းမှောက်

**ပင်လည်ဘူး နိုဝင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ဝါးပိုးချောင်းကျေးရွာအနီး ရေဝေတောင်အဆင်းတွင် ယာဉ်တစ်စီး တိမ်းမှောက်ခဲ့ရာ လူငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၀ ရက် ညနေ ၅ နာရီခွဲခန့်က ပင်လည်ဘူးမြို့နယ်ရဲစခန်းမှူး ဒုရဲမှူးစိုးမြင့်သည် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ပင်လည်ဘူး-ဖောင်းပြင်သွားကားလမ်း မိုင်တိုင်အမှတ် ၅၃ မှ ၅၄ ကြားရေဝေတောင်အဆင်း၌ ယာဉ်မောင်း အောင်မျိုးကျော်ဆိုသူ မောင်းနှင်ပြီး ယာဉ်ပေါ်တွင် စပါးအိတ်များနှင့်အတူ ခရီးသည်များ လိုက်ပါလာရာ လီဖန်းအမျိုးအစား အဖြူရောင်မြေသယ်ယာဉ်မှာ ဘရိတ်ပေါက်ပြီး လမ်း၏ ယာဘက်ရှိ တောင်ကမ်းပါးယံကိုတိုက်၍ တိမ်းမှောက်သွားကြောင်း သိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါလာသော ခရီးသည်ငါးဦး ဒဏ်ရာများရရှိသွားကြောင်း သိရသည်။

သို့ဖြစ်၍ ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ အောင်မျိုးကျော်၊ သာယာကုန်းရွာ ပင်လည်ဘူးမြို့နယ်နေသူကို ပင်လည်ဘူးမြို့မရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှအောင်(ကသာ)**

## ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ

**မကွေး နိုဝင်ဘာ ၂၁**

မကွေးမြို့ အောင်မေတ္တာရပ်ကွက် အဝေရာလမ်းနှင့် ၅ လမ်းထောင့်တွင် နိုဝင်ဘာ ၂၀ ရက် ညနေ ၆ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဝေရာလမ်းအတိုင်း သစ်တောလမ်းဘက်မှ တောင်တွင်းလမ်းဘက်သို့ အောင်ငွေ(၅၀နှစ်) ဆားတိုင်ကန်ကျေးရွာ မကွေးမြို့နယ်နေသူ မောင်းနှင်လာသောဆိုင်ကယ်နှင့် တောင်တွင်းလမ်းဘက်မှ သစ်တောလမ်းဘက်သို့ အောင်ဆန်း(၃၀ နှစ်) အောင်စေတနာရပ်ကွက် မကွေးမြို့နယ်နေသူ မောင်းနှင်လာသည့် ဆိုင်ကယ်တို့ လမ်းအလယ်တွင် မျက်နှာချင်းဆိုင်တိုက်မိပြီး ဒဏ်ရာများ(စိုးရိမ်ရ)ရရှိခဲ့သည်။

ထို့ကြောင့် ဆိုင်ကယ်ကို မဆင်မခြင်မောင်းနှင်သူနှစ်ဦးအား မကွေးနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

## သစ်သားပန်းပုရုပ်တုနှင့် ကျောက်စိမ်းတုံး၊ ကျောက်စိမ်းလက်ကောက်များ ဖမ်းဆီးရမိ

**နောင်ချို နိုဝင်ဘာ ၂၁**

နောင်ချိုမြို့အဝင် ယာယီအခြေပြု တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်မှု ညွှန်ကြားရေးမှူး ဦးစိုးလွင်ဦးစီးသော ဌာနစုံပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် နိုဝင်ဘာ ၁၉ ရက်က မန္တလေးမှ မူဆယ်ဘက်သို့ မောင်းနှင်လာ သော ယာဉ်ပေါ်မှ တရားမဝင်အကောက်ခွန်မဲ့ သစ်သားပန်းပုရုပ်တုနှင့် ကျောက်စိမ်းတုံး၊ ကျောက်စိမ်းလက်ကောက်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီခွဲက မန္တလေးမှ မူဆယ်ဘက်သို့ မောင်းနှင်လာသော ယာဉ်အမှတ် DD/--- ရွှေနဒီယာဉ်ငယ်ကို ရပ်တန့် စစ်ဆေးရာ ယာဉ်ပေါ်မှ ကျောက် စိမ်းတုံး ၃၆



ကီလို၊ ကျောက်စိမ်း လက်ကောက် ၁၂၇ ကွင်း (၈ ဒသမ ၅)ကီလိုနှင့် သစ်သားပန်းပု ရုပ်တုသုံးရုပ် တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**စိုးဝင်း**

## ဆင်ပေါင်ဝဲ၌ (၁၂)ဘီးကားနှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင်ဝင်တိုက်မိ၍ အသက်စိုးရိမ်ရ

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၂၁**

သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်-ချောင်းကောက်သွားကားလမ်း မိုင်တိုင်အမှတ်(၁/၃-၄)ကြားတွင် နိုဝင်ဘာ၂၀ ရက်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၀ ရက် ညနေ ၃ နာရီခွဲက ဆင်ပေါင်ဝဲမြို့နယ် သစ်ရာကောက်ဘက်မှ ကိုးပင်ဘက်သို့ ဝင်းနိုင်(၄၄ နှစ်) စမ်းကလေးကျေးရွာ အောင်လံမြို့နယ်နေသူ မောင်းနှင်လာသည့် (၁၂)ဘီးယာဉ်နှင့် ကိုးပင်ဘက်မှ ချောင်းကောက်ကျေးရွာဘက်သို့ တင်ဇော်လင်း(၃၉နှစ်)ကိုးပင်ကျေးရွာ ဆင်ပေါင်ဝဲမြို့နယ်နေသူ မောင်းနှင်လာသည့် ဆိုင်ကယ်တို့ လမ်းအလယ်တွင် မျက်နှာချင်းဆိုင်တိုက်မိပြီး တင်ဇော်လင်းတွင် ဒဏ်ရာများ(စိုးရိမ်ရ)ရရှိသဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ဝင်းနိုင်နှင့် တင်ဇော်လင်းတို့အား အရေးယူပေးပါရန် ရဲတပ်ကြပ်ကြီးမြင့်ထွန်းက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၂) မုံရွာမှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် တည်ဆောက်မည့် ချောင်းမ-ကနီလမ်း၊ ရေဝါချောင်းတံတားတည်ဆောက်ရာတွင် အသုံးပြုရန်အတွက် လိုအပ်သော ဘိလပ်မြေ၊ သံချောင်း၊ တောသစ်၊ ကျောက်စရစ်၊ ဒီဆယ်ဆီစသည့် တံတားလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့် ပစ္စည်းအမျိုးအစား/ပစ္စည်းအသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်း သတ်မှတ်ချက်များကို ဒုတိယညွှန်ကြားရေးမှူးရုံး၊ တံတားအထူးအဖွဲ့(၂)မုံရွာမြို့၊ ဖုန်း-၀၉-၂၆၅၃၀၁၁၀၀၊ ၀၉-၅၄၀၇၃၇၁၊ ၀၉-၇၉၈၃၀၄၆၆၃ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ဒု-ညွှန်ကြားရေးမှူးရုံး၊ တံတားအထူးအဖွဲ့(၂) မုံရွာမြို့တွင် ၂၂-၁၁-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါလျှောက်လွှာပိတ်ရက်** | - | ၂၈-၁၁-၂၀၁၅ရက် မွန်းတည့် ၁၂း၀၀ နာရီအထိ |
| (ခ) | **တင်ဒါဖွင့်မည့်နေရာ** | - | ၂၉-၁၁-၂၀၁၅ ရက် မွန်းလွဲ ၁း၀၀ နာရီ |
| (ဂ) | **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** | - | ခရိုင်အုပ်ချုပ်ရေးမှူးရုံး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့။ |



# ကော့သောင်းမြို့ ပါချန်ပင်လယ်ဝရေပြင်တစ်ဝိုက် ရေခူများ လှိုင်လှိုင်ပေါ်



**ကော့သောင်း နိုဝင်ဘာ ၂၁**

ပင်လယ်ဝန်းရံလျက် မြို့နေပြည်သူအများစု ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည့် မြန်မာ့ပိုင်နက်မြေအစွန်အဖျားကော့သောင်းမြို့တွင် နိုဝင်ဘာလဆန်းပိုင်းမှစ၍ သဘာဝပင်လယ်သယံဇာတ Jelly Fishs ခေါ် ပင်လယ်ရေခူများ မြို့နှင့်မနီးမဝေး ပါချန်မြစ်ဝအက်ဒမန်ပင်လယ်ရေပြင်တစ်ဝိုက်လှိုင်လှိုင်ပေါ်နေကြပြီဖြစ်ရာ မြို့နေရေလုပ်သားများ ပင်လယ်ပြင်ထွက်ခပ်ယူသူများဖြင့် ပျားပန်းခပ်မျှ စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ပင်လယ်ရေခူများသည် မြန်မာ့ပင်လယ်ပြင်တွင် မိုးအကုန် ဆောင်းအကူး နိုဝင်ဘာလအတွင်း ပင်လယ်ရေစီးကြောင်းပြောင်းလဲလာမှုကြောင့် ပင်လယ်ရေမျက်နှာပြင်ထက်သို့ တက်လာကြခြင်းဖြစ်သည်။ နေသာသည့်နေ့များမှလွဲ၍ မိုးအုံ့သည့်နေ့များတွင် ပင်လယ်ရေခူများပေါ်လာလေ့ မရှိကြောင်း၊ အရွယ်ရောက်ပြီးလုံးဝန်းသည့်သဏ္ဌာန်ရှိသည့် ပင်လယ်ရေခူတစ်ကောင်သည် အချင်းနှစ်ပေကျော်ခန့် အလေးချိန်အားဖြင့် တစ်ပိဿာ ကျော်ခန့်ရှိကြောင်း၊ ပင်လယ်ရေခူ မျိုးစိတ်ပေါင်းများစွာရှိရာ အဆင်းသဏ္ဌာန် အရွယ်အစား အမျိုးမျိုးဖြင့် တွေ့ရှိရပြီး လူကိုအန္တရာယ်ပြုနိုင်သည့် ဒေသအခေါ် (ခူမီးတောက်) ရေခူတစ်မျိုးအား ကိုင်တွယ်မိပါက လူ့အရေပြားကို မီးလောင်သကဲ့သို့ ဒဏ်ရာများ ချက်ချင်းဆိုသလို ခံစားရနိုင်ကြောင်း၊ တချို့ ရေခူမျိုးစိတ်များမှာ ကိုင်တွယ်မိပါက ဆိုးရွားစွာ အရေပြားယားယံခြင်း ဝေဒနာဖြစ်နိုင်ကြောင်း ဒေသခံရေလုပ်သားများထံမှ သိရသည်။

ထိုသို့ တစ်နှစ်လျှင်တစ်ကြိမ်သာပင်လယ်ပြင်အတွင်း သဘာဝအလျောက် ပေါ်ပေါက်လာသည့် အန္တရာယ်များပြားလှသည့် ပင်လယ်ရေခူများကို ဒေသခံရေလုပ်သားများ၏ ကျွမ်းကျင်မှုအတွေ့အကြုံဖြင့် စွန့်စားဖမ်းယူ စုဆောင်းရောင်းချကြခြင်းဖြစ်ကြောင်း သိရသည်။

ပင်လယ်ရေခူဖမ်းယူစုဆောင်းပုံမှာ အလျားပေ ၂၀ ကျော်ရှိ ဒေသအခေါ်(ပွဲချိတ်)စက်တပ်လှေငယ်ဖြင့် လှေမောင်းနှင်မည့်သူ၊ လှေဦးမှ ပင်လယ်ရေခူခပ်မည့်သူအပါအဝင် လုပ်သားနှစ်ဦးမှ သုံးဦးခန့်လိုက်ပါလျက် ပင်လယ်ရေခူများပေါ်ရာ ပင်လယ်ရေစီးကြောင်းတည်ငြိမ်သည့် ကျွန်းများနှင့်နီးရာနေရာတစ်ဝိုက် နံနက် ၅ နာရီမှစတင်ကာ ပင်လယ်ပြင်သို့ ထွက်ခွာရှာဖွေပြီး ပင်လယ်ရေမျက်နှာပြင်အောက်နှစ်ပေကျော်ခန့် ဒေသအခေါ် (ငါးရံ့ပြေး)အနေအထားအတွင်း မျောပါကူးခတ်နေသည့် ပင်လယ်ရေခူများအား ဝါးလုံးအရှည်ထိပ်တွင် အချင်းနှစ်ပေကျော် ပိုက်ကွန် ကွင်းတပ်ကိရိယာဖြင့် ပင်လယ်ရေခူများအား လိုက်လံခပ်ယူကာ လှေဝမ်းအတွင်း စုဆောင်း၍ ဒေသခံ ရေထွက်ပစ္စည်းဝယ်ယူ စုဆောင်းခွင့်လုပ်ငန်းလိုင်စင်ရယူထားသည့် အသေးစား ရေလုပ်ငန်းရှင် အဝယ်ဒိုင်များသို့လာရောက်ရောင်းချခြင်းဖြစ်ပြီး အိမ်နီးချင်း ထိုင်းနိုင်ငံမှတစ်ဆင့် အမေရိကနှင့်ဥရောပနိုင်ငံဈေးကွက်များသို့ ပျံ့နှံ့ရောက်ရှိကြသည်။

အဆိုပါ လှေငယ်တစ်စင်းနံနက်ပိုင်းမှ စတင်ခပ်ယူစုဆောင်းလျက် နေ့လယ်ပိုင်း၌ ပင်လယ်ရေခူအလုံး(အကောင်ရေ) ၁၅၀ မှ ၂၀၀ ကျော်ခန့်ရရှိပြီး ထိုထက်အရွယ်အစားကြီးမားသည့် လှေဆိုပါက ၃၀၀ မှ ၄၀၀ အထိရရှိကြောင်း တစ်နေ့လျှင် နှစ်ကြိမ်ခန့်ပင်လယ်ထွက်ခပ်ယူစုဆောင်းနိုင်ကြောင်း သိရသည်။

ရေခူ အစိုတစ်လုံးလျှင် ထိုင်းဘတ်ငွေ ၄ ဘတ် မှ ၅ ဘတ်မြန်မာကျပ်ငွေ ၂၀၀ အထိရောင်းချရရှိကြပြီး ရေခူခပ်လှေငယ်တစ်စင်းလျှင် လုပ်သားသုံးဦးလုပ်အားဖြင့် တစ်နေ့လျှင် ရေခူအလုံးရေ ၆၀၀ မှ ၈၀၀ အထိခပ်ရယူရရှိပေရာ လုပ်သားတစ်ဦးတစ်နေ့ဝင်ငွေကျပ်တစ်သိန်းကျော်အထိ ဝင်ငွေရကြကြောင်း သိရသည်။

မြန်မာနိုင်ငံတောင်ဘက်ပိုင်း ပင်လယ်ဝန်းရံရာ ကော့သောင်းမြို့သည် ယခုနှစ်ဆန်းပိုင်းမှစ၍ ရာသီဥတုဆိုးရွားသဖြင့် ပင်လယ်ငါးဖမ်းလုပ်ငန်းများ ရပ်နားထားကြရသည့် အသေးစားရေလုပ်သားမိသားစုများမှာ နိုင်ငံတကာ ဟိုတယ်နှင့်စားသောက်ဆိုင်များ၏ တန်ဖိုးကြီးပင်လယ်စာ (Sea Food) ဟင်းလျာတစ်မျိုးဖြစ်သည့် ပင်လယ်ရေခူခပ်ယူသည့် အလုပ်အကိုင်အခွင့်အလမ်းကြောင့် ဝင်ငွေတိုး၍ မိသားစုစားဝတ်နေရေးအထိုက်အလျောက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



# ပြည်တွင်းအလုပ်အကိုင်ပြပွဲ လာမည့်နှစ်ဆန်းတွင် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၁**

မြန်မာပြည်တွင်းရှိ အွန်လိုင်းအလုပ်အကိုင်ရှာဖွေရေး ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် www.work.com.mm၏ ဒုတိယအကြိမ်မြောက် အလုပ်အကိုင်ပြပွဲ 2nd Recruitment Days ကို လာမည့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်နှင့် ၁၇ ရက်နေ့တို့တွင် ရန်ကုန်မြို့ MICT Park ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် အပြည်ပြည်ဆိုင်ရာကုမ္ပဏီများနှင့် ပြည်တွင်းကုမ္ပဏီများမှ သက်ဆိုင်ရာတာဝန်ရှိသူများက အလုပ်လျှောက်ထားသူများကို အင်တာဗျူးသွားမည့် အစီအစဉ်များအပြင် ပညာရှင်များက လုပ်ငန်းခွင်ဆိုင်ရာ ဗဟုသုတများကို အလုပ်ရုံဆွေးနွေးပွဲများ၊ စကားဝိုင်းနှီးနှောဖလှယ်ပွဲများ ပြုလုပ်မျှဝေသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြပွဲသို့ အလုပ်ရှာဖွေမည့်သူတိုင်း တက်ရောက်နိုင်ကြောင်း၊ မိမိကိုယ်ရေးအကျဉ်း အပြည့်အစုံပါဝင်သည့် အချက်အလက်စုံလင်သည့် အလုပ်လျှောက်လွှာများကို ယူဆောင်၍ လျှောက်ထားလိုသည့် အလုပ်အကိုင်များကို တိုက်ရိုက်လျှောက်ထားနိုင်ကြောင်း၊ www.work.com.mm ဝက်ဘ်ဆိုက်မှလည်း ဝင်ရောက်စာရင်းသွင်းကာ လျှောက်ထားနိုင်ကြောင်းလည်း သိရသည်။

ပထမအကြိမ် အလုပ်အကိုင်ပြပွဲကို ယခုနှစ် မေလအတွင်းက ကျင်းပခဲ့ပြီး စိတ်ပါဝင်စားသူ တစ်သောင်းခွဲခန့် လာရောက်ခဲ့ကြောင်း၊ ယခုပြပွဲကို အပြည်ပြည်ဆိုင်ရာ လူမှုကွန်ရက်အက်ပလီကေးရှင်း LINE၊ AYA Bank၊ Coca Cola၊ Nestle နှင့် Save the Children/ WWWF အစရှိသည့် ကုမ္ပဏီများက ပါဝင်အားဖြည့် ပံ့ပိုးပေးထားကြောင်း သိရသည်။

**မြတ်စန္ဒီ**

ရွှေကြေးစည် မှ ကျိုက်ထီးရိုး (နေ့စဉ်-နံနက်/ည)
▲တောင်ကြီးမီးပုံးပျံပွဲ(၂၃အိပ်)၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ့်စမ်းဂူ
ဆက်၍-(မန္တလေး၊ ပြင်ဦးလွင်မီးပုံးပျံပွဲ၊ စစ်ကိုင်း၊ ကျောက်စိမ်းဘုရား)(ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး)
▲မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာအနီး၊ ကျောက်စိမ်းဘုရား အပတ်စဉ်-သောကြာ Nov 24,25,27
▲ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ သီဟိုဠ်ရှင်
▲ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းဘုရား
▲ကျိုက္ခမီ၊ မော်လမြိုင်၊ စက်ခဲ၊ နွားလပို့တောင်-ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်။
ဖုန်းဆက်ရန် ☎01-240860/01-372290 ဒေါ်ပုံ 09-49282825 တာကြည် 09421029191

**ပျောက်ဆုံးကြောင်း**

မြေထုစူးစမ်းလေ့လာရေးနှင့် အင်ဂျင်နီယာဝန်ဆောင်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ် ၁၉၅၄/၂၀၁၂-၂၀၁၃ လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၅၉၀၅၅၇၀

**ပျောက်ဆုံးကြောင်း**

ကျွန်တော် နေထက်ဝင်း(၈/ပခက (နိုင်) ၁၈၆၃၆၆)၏ PP No(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၄၂၀၂၉၉၇၀၇

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၇က/၉၀၁၇ Nissan P&D 21, P/U(4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မိုးဟန် ၁၂/သကတ(နိုင်) ၁၀၅၄၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့

**အိမ်ခြံအမြန်ရောင်းမည်**

(၄၀×၆၀)ပေ အုတ်ညှပ်နှစ်ထပ်တိုက် ရေမီးစုံ အုတ်တံတိုင်းခတ်ပြီး အရှေ့လှည့်၊ ၁၂၀၀ ညှိနှိုင်း၊ အမှတ် ၁၆၂၊ သစ္စာလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံ။

ဖုန်း-၀၉-၄၂၁၁၂၄၃၁၅

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ဝဏ္ဏထွန်း(၁၀/ဘလန (နိုင်)၀၅၈၅၀၁) ၏ PP No(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၄၂၅၂၇၆၈၇၈

**ဒဂုံပရိယတ္တိစာသင်တိုက်**
**စုပေါင်းဘုံမဟာကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းမည်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်း၊ အိမ်တော်ရာ၊ ဒဂုံပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်ကြီးအား အမှူးထားလျက် ပုရိမဝါမှ ကျွတ်တော်မူကြသော သံဃာတော်အရှင်သူမြတ်တို့အား ကျောင်းတိုက်ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမများမှ စုပေါင်းဘုံမဟာကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်) ၂၅-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုပူဇော်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန**
**ဧရာဝတီတိုင်းဒေသကြီး**
**ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကုသရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင် ကုသရေးဦးစီးဌာန၊ ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီးတွင် သုံးစွဲရန်အတွက် လိုအပ်သော FDAအသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်မှန်နှင့် ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍အိတ်ဖွင့်တင်ဒါဖြင့် ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**

| | | |
|---|---|---|
| **စတင်ရောင်းချမည့်ရက်** | - | ၁၉-၁၁-၂၀၁၅ရက် |
| **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - | ၁၈-၁၂-၂၀၁၅ရက် (ညနေ ၄ နာရီ) |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင်လာရောက် စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ခုတင်(၂၀၀)ဆေးရုံအုပ်ကြီးရုံး၊ မြောင်းမြမြို့**
**ဖုန်း-၀၄၂-၇၀၄၉၂**

**၁၉၇၃ ခုနှစ် Bag ဘွဲ့ရသူငယ်ချင်းများသို့**
**နှိုးဆော်ဖိတ်ကြားလွှာ**

၁၉၆၈ ခုနှစ်မှ ၁၉၇၃ ခုနှစ်အတွင်း စိုက်ပျိုးရေးတက္ကသိုလ်မန္တလေးမြို့၌ အတူတကွပညာသင်ယူခဲ့ကြသော သူငယ်ချင်းများ ပဋ္ဌမအကြိမ်တွေ့ဆုံပွဲနှင့် အာစရိယပူဇော်ပွဲကို မန္တလေးမြို့၌ ၂၀၁၆ခုနှစ် ဇန်နဝါရီ ၃ ရက်၊ ၄ရက်များတွင် ပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများအားလုံး စုံညီစွာတက်ရောက်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

အောက်ဖော်ပြပါသူငယ်ချင်းများသို့ ဆက်သွယ်စုံစမ်းရန်နှင့် ရန်ပုံငွေများပေးပို့ထည့်ဝင်လှူဒါန်းရန်ဖြစ်ပါသည်။

မိတ်ဆုံစားပွဲ ၃-၁-၂၀၁၆ ရက်၊ ညနေ ၅း၀၀ နာရီ၊ အာစရိယပူဇော်ပွဲ ၄-၁-၂၀၁၆ ရက်၊ နံနက် ၉း၀၀ နာရီ၊ ကျင်းပမည့်နေရာ-တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စိုက်ပျိုးရေးဦးစီးဌာန၊ မန္တလေးမြို့။

| | | | |
|---|---|---|---|
| **ရန်ကုန်မြို့** | | **မန္တလေးမြို့** | |
| **ဦးအုန်းမြင့်** | **ဖုန်း-၀၉-၄၉၂၇၃၅၇၆** | **ဦးတင်မောင်မြင့်** | **ဖုန်း-၀၉-၂၁၁၀၁၀၇** |
| **ဦးလှကြည်** | **ဖုန်း-၀၉-၅၀၀၃၉၃၁** | **ဒေါ်တင်တင်စန်း** | **ဖုန်း-၀၉-၂၀၀၆၄၅၇** |
| | | | **၀၂-၈၁၇၉၂** |
| **ဦးစိုးဝင်းမောင်** | **ဖုန်း-၀၉-၄၃၀၁၅၅၇၈** | **ဦးလှကြီး** | **ဖုန်း-၀၉-၄၃၂၀၇၉၇၄** |
| **ဦးငွေလွင်** | **ဖုန်း-၀၉-၄၃၀၂၁၂၇၁** | **ဦးအောင်သန်း** | **ဖုန်း-၀၉-၄၄၄၀၀၉၂၈၃** |
| **ဦးသန်းအေး** | **ဖုန်း-၀၉-၄၅၀၀၆၀၉၄၉** | **ဦးတင်ဝင်း** | **ဖုန်း-၀၉-၇၉၇၆၂၂၂၄၈၊** |
| | | | **၀၂-၇၇၂၉၄** |

**တွေ့ဆုံပွဲနှင့်**
**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**
**မန္တလေးမြို့**

**Golden Brothers**
**Air Con Sale and Services**

လူကြီးမင်းတို့၏ ရေခဲသေတ္တာ၊ Air Con၊ အဝတ်လျှော်စက်များကို လူကြီးမင်းတို့အိမ်မှာပင် အာမခံဖြင့် အပြီးသတ်ပြုပြင်ဆောင်ရွက်ပေးနေပါသည်။

ဖုန်း-၀၉-၄၄၀၁၂၁၁၄၊ ၀၉-၄၄၄၀၃၄၄၄၇

ရန်ကုန်မြို့ပြအမွေအနှစ်များရဲ့ရာဇဝင်

# ရန်ကုန်မြို့အတိတ်ကို ဟိုတယ်အဟောင်းကြီးပေါ်ကနေ ပြန်မျှော်ကြည့်ရအောင်



သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ငြိမ့်ညောင်းသည့် ဂန္တဝင်ဂီတသံက ဝင်ရောက်လာသူများ၏ နှလုံးဘဝင်ကို စတင်ဖမ်းစားလိုက်သည်။ ဝါကျင်ကျင်မီးရောင် အောက်တွင် ဖျတ်ခနဲ ဖျတ်ခနဲ တောက်ပနေသည့် မာဘယ်လ်ကျောက် ရောင်စုံကြမ်းခင်းကြီးများမှာ ကိုလိုနီခေတ်လက်ရာတွေပါဟု ဗစ်တိုးရီးယန်းဟန် အပြည့်ဖြင့် ဂုဏ်ယူနေသယောင် ထင်မှတ်ရသည်။ မှန်ပါသည်။ ထိုနေရာသည် ကမ္ဘာ့ထင်ပေါ်ကျော်ကြားဆုံး ဟိုတယ်များတွင် ထည့်သွင်းဂုဏ်ပြုခြင်းခံရခြင်း၊ နှစ်ပေါင်း ၁၁၄နှစ် သက်တမ်းရှိခြင်း၊ ရန်ကုန်မြို့၏ ရှေးဟောင်းမြို့ပြအမွေအနှစ် တစ်ခုအဖြစ် ထင်ရှားခံ့ညားစွာ ရပ်တည်ခြင်း၊ ကြယ်ငါးပွင့်အဆင့်သတ်မှတ်ခံရခြင်း၊ ဗစ်တိုးရီးယန်းလက်ရာများ မပျောက်မပျက်တည်ရှိခြင်း၊ ရန်ကုန်မြို့၏ အချက်အချာနေရာတွင် နှစ်ပေါင်းများစွာ ကြံ့ကြံ့ခံရပ်တည်ခဲ့ခြင်း စသည့် သူ၏ဂုဏ်ဒြပ်များမှာ ပြောပြ၍ပင်ကုန်နိုင်မည်မဟုတ်ပေ။

မြန်မာနိုင်ငံအောက်ပိုင်းကို ဗြိတိသျှတို့သိမ်းပိုက်ပြီးနောက် ရန်ကုန်မြို့ကို လှပသေသပ်သည့် ခေတ်သစ်မြို့တော်အဖြစ် ဖန်တီးခဲ့ကြရာတွင် နိုင်ငံရပ်ခြားမှလာရောက်ကြသည့် တစ်ခုတည်းသောလမ်းကြောင်းမှာ ပင်လယ်ရေကြောင်းဖြစ်သည့်အားလျော်စွာ ပင်လယ်ကူးသင်္ဘောများ ဝင်ထွက်သွားလာရာ ရန်ကုန်မြစ်သည် အလွန်ပင်အရေးပါခဲ့သည်။ မြစ်အတွင်း ဝင်ရောက်လာသည့် နိုင်ငံရပ်ခြား ကုန်သည်ကြီးများသည် ပင်လယ်ဝကတည်းကပင် ရွှေရောင်တဝင်းဝင်းဖြင့် သပ္ပာယ်လှသည့် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးမြော်ရရုံမျှဖြင့် ခရီးပန်းသမျှ လန်းဆန်းကြရသကဲ့သို့ မြစ်ကမ်းနဖူး မြစ်မျက်နှာစာ ကမ်းနားလမ်းတွင် ခံ့ညားထည်ဝါစွာရှိခဲ့သည့် The Strand ဟိုတယ်ကြီးမှာလည်း အနားယူအပန်းဖြေစရာအဖြစ် ရန်ကုန်မြစ်ကမ်းဘေးတွင် တည်ရှိခဲ့သည်မှာ ၁၉၀၁ ခုနှစ်ကတည်းကပင် ဖြစ်သည်။



အဆိုပါ အဆောက်အအုံကို ၁၉၀၁ခုနှစ်တွင် John Darwoo ဆိုသူက စတင် တည်ဆောက်ခဲ့ပြီး နောက်ပိုင်းတွင် Aviet နှင့် Tigran Sarkie တို့က ပိုင်ဆိုင်ခဲ့ကာ သူတို့နှစ်ဦးကို Sarkies Brothers ဟု ခေါ်ဆိုခဲ့ကြကြောင်း သိရသည်။ The Strand ဟိုတယ်၏ ပိုင်ရှင်ဖြစ်သူတို့မှာ ထိုခေတ်ထိုအခါက အာရှ တစ်လွှား ဟိုတယ်ဝန်ဆောင်မှုကို လက်ဝါးကြီးအုပ်ခဲ့သူများဖြစ်ကြပြီး ခေတ်ပြိုင်အဖြစ် စင်ကာပူတွင် Raffles ဟိုတယ်၊ ပီနန်နှင့် မလေးရှားတို့တွင် Estern and Oriental ဟိုတယ်များကို ပိုင်ဆိုင်ထားသူများဖြစ်ကြသည့်အတွက် ကိုလိုနီတို့၏ အသုံးတော်ခံ အကောင်းဆုံး ဟိုတယ်တစ်ခုကို ရန်ကုန်မြို့ ကမ်းနားလမ်းပေါ်တွင် တည်ဆောက်ခဲ့ကြခြင်း ဖြစ်ဟန်တူသည်။

လှပသည့် မီးဆိုင်းကြီးများ၊ အခန်းအပြင်အဆင်များနှင့် လိုက်ကာများ၊ ပန်းကန်ခွက်ယောက်များအားလုံးကို နိုင်ငံတကာမှ အဆင့်မြင့် ကုန်အမှတ်တံဆိပ်များကို အသုံးပြုခဲ့ပြီး ပရိဘောဂများအားလုံးမှာမူ မြန်မာ့ကျွန်းသစ်ကို အသုံးပြုထားသည်ကို တွေ့ရသည်။ "ထိုခေတ်ထိုအခါက ရန်ကုန်ကိုရောက်ရင် Strand ဟိုတယ်ကိုမရောက်ဘဲ ပြန်သွားတဲ့ မျက်နှာဖြူ နိုင်ငံခြားသား မရှိသလောက်ကို နာမည်ကျော်ကြားခဲ့ပါတယ်။ အပန်းဖြေမှုတွေအားလုံးကို တစ်နေရာတည်းမှာရရှိနိုင်အောင် စီစဉ်ထားကြပြီး နောက်ပိုင်းမှာ မြန်မာလူမျိုးတွေကိုယ်တိုင်လည်း မသွားဘဲမနေနိုင်အောင် စွဲလမ်းခဲ့ကြဖူးတယ်။ အစားအသောက်ကောင်းမွန်တဲ့အပြင် ဧည့်ခံမှုအပိုင်း၊ ဖျော်ဖြေရေးအပိုင်းနဲ့ ဝန်ဆောင်မှုတွေအားလုံးဟာ ကျော်ကြားခဲ့တယ်"ဟု ဩစတြေးလျနိုင်ငံသား John Murray က သူ၏ ကမ္ဘာကျော်ရာစုနှစ် ခရီးသွားမှတ်တမ်းအတွင်း ဖော်ပြထားခဲ့သည်။

အဖြူရောင်သက်သက်အလှတရားဟု တင်စားခေါ်ဝေါ်လောက်အောင် ဗစ်တိုးရီးယန်းခေတ် ရိုးစင်းလှသည့် ဗိသုကာလက်ရာများကြောင့် ဖြတ်သန်းသွားလာသည့် ကမ်းနားလမ်းပေါ်မှ လက်လုပ်လက်စားများပင် ကြည့်ငေးကာ အမောပြေခဲ့ရသည့် နေရာတစ်ခုဖြစ်ကြောင်း သူ၏ခရီးသွားမှတ်တမ်းက ညွှန်းဆိုထားသည်။

၁၉၂၂ ခုနှစ်တွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ကိုလိုနီနေမဝင် အင်ပါယာ၏အနွယ်ဝင် ဝေလမင်းသား Edward လာရောက်စဉ်ကလည်း Strand ဟိုတယ်၌ပင် တည်းခိုသွားခဲ့သေးသည်။

၁၉၂၅ ခုနှစ်တွင် ရန်ကုန်မြို့အပါအဝင် အရှေ့တိုင်းကိုလိုနီနိုင်ငံများ၏ စားသောက်ဆိုင်လုပ်ငန်းကို လက်ဝါးကြီးအုပ်ထားသည့် ခေတ်ဟောင်းခရိုနီများဖြစ်သော Peter Bugalar Aratoon နှင့် Ae Amovsie တို့က ဟိုတယ် စီမံခန့်ခွဲမှုကိုဆောင်ရွက်ခဲ့ကြသည်။ ၁၉၃၇ခုနှစ်တွင် အကြီးစား ပြင်ဆင်မွမ်းမံမှုများကို ဆောင်ရွက်ကာ ပြန်လည်ဖွင့်လှစ်ပြီးမကြာမီမှာပင် Strand ဟိုတယ်၏ ကံဆိုးမှုများစတင်လာတော့သည်။ ၁၉၄၁ခုနှစ်မှစတင်ကာ ဖက်ဆစ်ဂျပန်များ မြန်မာနိုင်ငံသို့ဝင်ရောက်လာသောအခါ ဗစ်တိုးရီးယန်းလက်ရာ ဟိုတယ်ကြီးသည် ဂျပန်တို့၏ အသုံးတော်ခံဘဝကို ရောက်ရှိသွားခဲ့ရပြီး ရုံးစိုက်ရာအဖြစ် လေးနှစ်တာ အကျဉ်းကျခံခဲ့ရသေးကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

၁၉၄၈ ခုနှစ်နောက်ပိုင်းတွင်လည်း Strand ဟိုတယ်၏ အခန်းကဏ္ဍနှင့် လုပ်ငန်းဆောင်တာများသည် ပျောက်ကွယ်လုနီးပါး ဖြစ်နေခဲ့ရာမှ ၁၉၆၃ ခုနှစ်အရောက် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကော်ပိုရေးရှင်းက ပြုပြင် ထိန်းသိမ်းခဲ့သော်လည်း "အများကြီးမဟုတ်ခဲ့ပါဘူး။ အဲဒီကာလမှာ Strand ဟိုတယ်က တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေပြီး အဆောက်အအုံက မွဲခြောက်နေခဲ့ပါတယ်"ဟု အသက် ၇၀အရွယ် လုံခြုံရေးဆောင်ရွက်ခဲ့သူ ဦးပီတာအေးလှိုင်က ပြောကြားသည်။ "၁၉၈၉ ခုနှစ်မှာ နိုင်ငံတကာအဆင့်မီအောင် ပြန်ပြုပြင်တော့တာပေါ့။ ၁၉၉၃ ခုနှစ်မှာ ရှေးမူမပျက် လက်ရာတွေကိုအကောင်းဆုံးထိန်းသိမ်းပြီး အတွင်းပိုင်းက အဆင့်မြင့်တဲ့ ခေတ်ဟောင်းလက်ရာ ဒီဇိုင်းတွေကို ဖော်ဆောင်ထားတဲ့ ခေတ်သစ်လက်ရာတွေကို အစားထိုးတည်ဆောက်မှု ပြီးစီးခဲ့ပါတယ်။ ဒါကြောင့် ၂၀၀၃ခုနှစ်မှာ ဟိုတယ်ကြီးဟာ ကမ္ဘာ့နာမည်အကျော်ကြားဆုံး စာရင်းထဲမှာ ပါလာတော့တာပဲ" ဟု ၄င်းကဆက်လက်ပြောပြသည်။

စတင်ဖွင့်လှစ်ချိန်တွင် စီးပွားရေးလုပ်ငန်းတစ်ခုအနေနှင့်သာမက ပေါင်းစပ်ဖွဲ့စည်းမှုများ၏သဘောကိုပါ ဟိုတယ်အဆောက်အအုံတွင် မြင်တွေ့ရသည်။ အရှေ့တိုင်းဟန်နှင့် အနောက်တိုင်းဟန်၊ အာရှ၏ ယဉ်ကျေးမှု အနုသုခုမနှင့် ဥရောပယဉ်ကျေးမှုအနုသုခုမတို့ကို အချိုးညီစွာ ပေါင်းစပ်ဖွဲ့စည်းထားသည်ဟု ရှေးဟောင်းသုတေသနပညာရှင်တို့က တညီတညွတ်တည်း မှတ်ချက်ပြုထားကြသည့် အဆောက်အအုံတစ်ခုလည်း ဖြစ်သည်။ စတင်ဖွင့်လှစ်ချိန်မှစ၍ အခန်းပေါင်း ၆၀နှင့် ကြီးမားသည့် dining room၊ drawing room နှင့် billiards room များကိုခမ်းနားစွာ ထည့်သွင်းပုံဖော်ထားသည်။

"လာရောက်တဲ့ ဧည့်သည်တိုင်းရဲ့ရင်မှာ ခံစားချက်တစ်မျိုးစီရှိကြပါတယ်။ သူတို့အားလုံးဟာ ရှေးဟောင်းအဆောက်အအုံကြီးတစ်ခုပေါ်မှာ ခမ်းနားစွာ တည်းခိုအပန်းဖြေရတာကို ကြိုက်နှစ်သက်ကြတယ်။ တစ်ချိန်တုန်းက ကိုလိုနီခေတ်အကြောင်းကို သူတို့မေးမြန်းစူးစမ်းကြတယ်။ ကျွန်မတို့ဆီမှာ အဆောက်အအုံကြီးရဲ့ ရှေးဟောင်းလက်ရာတွေကို အတတ်နိုင်ဆုံးကာကွယ်ထိန်းသိမ်းထားပါတယ်။ တစ်ဖက်မှာလည်း လာရောက်တည်းခိုသူတွေ သက်တောင့်သက်သာနဲ့နေထိုင်ဖို့ ခေတ်မီအသုံးအဆောင်နဲ့ ပရိဘောဂအားလုံးကို ရှေးလက်ရာအတိုင်း ခေတ်ဟောင်းဒီဇိုင်းတွေနဲ့ ပုံဖော်ထားတာမို့ ဗစ်တိုးရီးယန်းစတိုင်လ် အပြည့်အဝ ခံစားရစေမယ်။ အခုဆိုရင်တော့ သက်တမ်းက ၁၁၄ နှစ်ရှိခဲ့ပါပြီ။ ပြန်လည်ပြုပြင်မှုတွေကြောင့် သစ်လွင်လှပဆဲပါ" ဟု The Strand ဟိုတယ်မှ စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထမ်းတစ်ဦးက လိုက်လံရှင်းပြပေးသည်။

မည်သည့်အရာမျှ တည်မြဲခြင်း မရှိနိုင်သည့် အနိစ္စသဘောအရ အရာအားလုံးသည် ဖြစ်ပြီးပါက ပျက်ကြရမည်သာ။ သို့သော် နောင်လာ နောင်သားများအား ခေတ်စနစ်တစ်ခု၏ သမိုင်းကြောင်းကို ဖော်ပြပေးပြီး လက်ဆင့်ကမ်းထိန်းသိမ်းနိုင်မည့် အမွေ သို့မဟုတ် သင်ခန်းစာကောင်းများကို ဖော်ထုတ်ပေးနိုင်ခဲ့ခြင်းအတွက် သက်တမ်းကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း ရန်ကုန်မြစ်ကမ်းနဖူးပေါ်က ဟိုတယ်အဟောင်းကြီးမှာ သမိုင်းတာဝန်ကျေပွန်လျက်ရှိပြီး ဖြစ်ပါကြောင်း။



ခ ရီး သွ ား ဆေ ာ င်း ပါ း

# မရိုးနိုင်တဲ့ တွံ့တေးအိုးများဆီသို့

**သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-မောင်ချစ်ကြည်**




**လှိုင်သာယာမှအထွက် ပန်းလှိုင်တံတားပေါ် ဖြတ်ကျော်လိုက်သည်နှင့် တွံ့တေးမြို့နယ်သို့ စတင်ဝင်ရောက်ပြီ ဖြစ်သည်။ မွန်းကျပ်ပိတ်လှောင်နေသောအခန်းတွင်းမှ အပြင်ဘက်သို့ထွက်လိုက်သလို ခံစားရသည်။ ယာဉ်အသွားအလာရှင်းလင်းနေသော ကားလမ်း၊ လမ်းဘေးဝဲယာတွင် စိမ်းစိုနေသည့် လယ်ကွက်များက တစ်မျှော်တစ်ခေါ်၊ ကျေးလက်များက တစ်ရွာစ၊ နှစ်ရွာစ၊ မြင်ကွင်းကပွင့်လင်းပြီး အဆီးအတားမရှိသည့်နှယ် စိတ်ကလွတ်လပ်လန်းဆန်းသွားသည်။ တွံ့တေးမြို့သို့ဦးတည်ကာ ကျွန်တော်တို့ မော်တော်ယာဉ်က တရိပ်ရိပ်ဖြတ်သန်းလျက်။**

ကားမောင်းချိန်မိနစ်ပိုင်းအတွင်း တွံ့တေးတံတားပေါ် ရောက်ရှိလာသည်။ ရေယာဉ်သွားလာမှုလွတ်ကင်းရန် တည်ဆောက်ထားသဖြင့် တံတားသည် မြေပြင်မှ သိသိသာသာမြင့်တက်နေသည်။ တွံ့တေးတံတားပေါ် ကားခေတ္တရပ်ပြီး ဓာတ်ပုံမှတ်တမ်းရယူကာအပေါ်စီးမှ ပတ်ဝန်းကျင်မြင်ကွင်းကို ကြည့်ရှုမိသည်။ မြေပြင်တွင် ပြားပြားဝပ်နေသည့် စိမ်းစိုသောလယ်ကွင်းများ၊ တသွင်သွင်စီးဆင်းနေသည့် တွံ့တေးတူးမြောင်း၊ ကွေ့ကောက်ဝေ့ဝိုက်သွားသော မော်တော်ကားလမ်း။ ဤဒေသသည် စိုက်ပျိုးရေးကောင်းမွန်ပြီး ဥယျာဉ်ခြံနှင့် လယ်ယာစိုက်ပျိုးခြင်းဖြင့် အသက်မွေးသူများ၊ မွေးမြူရေး တစ်ပိုင်တစ်နိုင် လုပ်ကိုင်သူများပေါများကြောင်း သိရသည်။ အထူးသဖြင့် ပန်းလှိုင်မြစ်နှင့် တွံ့တေးတူးမြောင်းအကြား ငါးမွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ် လုပ်ကိုင်နေကြသည်။

ကားပေါ်ပြန်တက်ပြီး မိနစ်အနည်းငယ်အကြာ လမ်းဆုံသို့ရောက်ရှိလာသည်။ ဤလမ်းဆုံသည် လှိုင်သာယာမှ ၁၁ မိုင် တစ်ဖာလုံဝေးပြီး လမ်းဆုံမှ တွံ့တေးမြို့သို့ ခုနစ်မိုင်ဝေးကြောင်း ဆိုင်းဘုတ်တွင် ရေးသားထားသည်ကို တွေ့ရသည်။ ကားလမ်းတစ်လျှောက် ယာဉ်သွားလာမှုရှင်းသဖြင့် ပတ်ဝန်းကျင်မြင်ကွင်းကို လေ့လာခွင့်ရသည်။ ရွာငယ်များကို ကားလမ်းဝဲယာ တစ်လျှောက်မြင်တွေ့ရပြီး အများစုမှာ တောင်သူများဖြစ်ကြသည်။ ကျယ်ပြောသော စိုက်ပျိုးမြေ၊ မြစ်ချောင်းများပေါများမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ထွန်းလျက်ရှိသည်ကို စိမ်းစိုသောလယ်ကွင်းများက ပြသနေသည်။

မကြာမီ ကားလမ်းဘေး၌ စိုက်ထူထားသော ခံ့ညားထည်ဝါစွာတည်ရှိနေသည့် ဆိုင်းဘုတ်ကို ဖတ်ကြည့်လိုက်ရာ "ပေါက္ခရဝတီမြို့ဟောင်း" ဟူသော စာတန်းကို အောက်ခံအနီရောင်ပေါ်တွင် ရွှေရောင်ဖြင့် ရေးသားသည်ကို တွေ့ရသည်။ ပေါက္ခရဝတီမြို့ဟောင်း ဟူသောစာလုံးအပေါ်ဘက်တွင် "တဖုဿ ဘလ္လိက ဇာတိရွာ" ဟူ၍လည်း စာလုံးအသေးဖြင့် ရေးသားထားသည်ကို ထပ်မံဖတ်ရှုမိသည်။ ခံ့ညားတင့်တယ်စွာ တည်ဆောက်ထားသော မုခ်ဦးကို တံတိုင်းစည်းရိုးနှင့် တွဲလျက်တွေ့ရသည်။ မုခ်ဦးမှ အတွင်းဘက်သို့လှမ်းကြည့်လိုက်ရာ စေတီတော်တစ်ဆူကို ဖူးမြော်ရသဖြင့် ဤနေရာသည် တစ်ချိန်က အလွန်စည်ကားခဲ့သော ပေါက္ခရဝတီ မြို့ဟောင်းနေရာဖြစ်မည်ဟု တွေးမိသည်။ ဗုဒ္ဓဘုရားရှင်ထံမှ ဆံတော်ရှစ်ဆူကို ပထမဆုံးလက်ခံရရှိခဲ့သော တဖုဿနှင့်ဘလ္လိကကုန်သည် ညီနောင်တို့၏ ဇာတိဖြစ်ရာ သမိုင်းအစဉ်အလာကြီးမားသည့် နယ်မြေပင်ဖြစ်သည်။ ဤဒေသတွင် ဗုဒ္ဓဆံတော်တို့ တစ်ထောက်နားခဲ့ပြီးမှ ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်းသို့ ပင့်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ကြက်သီးမွေးညင်းထအောင် ဝမ်းနည်းဝမ်းသာ စိတ်ဖြစ်ပေါ်မိသည်က အမှန်ပင်။

ကားပေါ်ပြန်တက်ရင်း တွံ့တေးမြို့သို့ ဆက်လက်ထွက်ခဲ့ရာ မိနစ်အနည်းငယ်အတွင်း တွံ့တေးမြို့သို့ ရောက်ရှိခဲ့သည်။ တွံ့တေးအိုးလုပ်ငန်းများရှိရာသို့ ဆက်လက်ထွက်ခွာခဲ့ရာ အိုးဘိုအနောက်ရပ်ကွက်အတွင်း မြေအိုးများပြုလုပ်ရာ နာမည်ကျော်တွံ့တေးအိုးလုပ်ငန်းများသို့ ရောက်ခဲ့လေသည်။ တွံ့တေးအိုးများက နာမည်ကြီးသည်။ လက်ရာကောင်းခြင်း၊ ခိုင်ခံ့ခြင်း၊ ကွဲအက်ယိုစိမ့်မှုမရှိခြင်း၊ ကြာရှည်ခံခြင်းတို့ကြောင့် သုံးစွဲသူတို့ ကြိုက်နှစ်သက်ကြသည်။

ကျွန်တော်တို့မြေအိုးများပြုလုပ်ရာ အိုးဖိုအလုပ်ရုံအတွင်းရောက်ရှိခဲ့သည်။ "ဒီရုံမှာတော့ မြေအိုးတွေပြုလုပ်ရာမှာ အစအဆုံးလက်နဲ့လူလုပ်အားနဲ့ပဲ ပြုလုပ်ပါတယ်"ဟု ခန္ဓာကိုယ်အပေါ်ပိုင်းအကျႌမပါ၊ ဘောင်းဘီကိုသာ ဝတ်ဆင်ထားသည့် အိုးအလုပ်သမား ဦးတင်သောင်းက ပြောသည်။ အသက် ၅၀ နှစ်ရှိပြီဖြစ်သော ဦးတင်သောင်းမှာ အိုးအလုပ်သမားအဖြစ် လုပ်ကိုင်ခဲ့သည်မှာ နှစ်ပေါင်း ၃၅ နှစ်ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

အိုးအလုပ်ရုံအတွင်း မြေကြီးများကို လက်ဖြင့်နယ်နေသူအလုပ်သမားတစ်ဦးကို တွေ့ရသည်။ အနီးရှိ မြေမှုန့်များကို ဖြူးထည့်လိုက်၊ ရွှံ့မြေများဖြင့်နယ်လိုက်ဖြင့် မနားတမ်းပြုလုပ်နေရာ အင်အားသုံးမှုရကြောင်း တွေ့ရသည်။ မြေမှုန့်များမှာ တွံ့တေးမြို့အနီးတောင်တစ်လုံးမှ မြေကြီးများကိုယူကာ အမှုန့်ပြုလုပ်ပြီး တွံ့တေးမြစ်ထဲမှ မြေကြီးကိုဆယ်ယူကာ မြေမှုန့်နှင့်သမအောင်နယ်ရခြင်းဖြစ်သည်။ ရေထည့်ခြင်း၊ မြေမှုန့်ထည့်ခြင်း၊ မြေကြီးနှင့်သမအောင်ရောနယ်ခြင်းတို့ သတ်မှတ်ထားသည့်အချိုးအစားတိုင်း ကျွမ်းကျင်စွာပြုလုပ်ကာ တစ်ညခန့် နှုးနပ်ထားရသည်။

ပြီးနောက်အိုးဆွဲသောနေရာတွင် နှုးနပ်ထားသည့် မြေကြီးများကိုယူကာ အိုးဆွဲအလုပ်သမားနှစ်ဦးတို့က အိုးပုံစံအမျိုးမျိုးကို လက်နှစ်ဖက်ဖြင့် ကျွမ်းကျင်စွာ ပုံဖော်ကြလေသည်။ မည်သည့်ပုံစံခွက်ထဲမှထည့်ပြီး ပုံလောင်းခြင်းမဟုတ်၊ အလုပ်သမားတစ်ဦးက လက်ဖြင့် လှည့်ပေးပြီးပုံဖော်ယူကာအချိန်အဆဖြင့် ကျွမ်းကျင်စွာ ပုံဖော် လိုက်ရာမိနစ်ပိုင်းအတွင်း အပင်များထည့်သွင်းစိုက်နိုင်သည့်ပန်းအိုးအကြီးတစ်လုံး ဖြစ်ပေါ်လာသည်။ မြေကြီးတုံးမှ ပန်းအိုးအဖြစ် မျက်စိရှေ့မှာပင်မျက်လှည့်ပြသလိုထွက်ပေါ်လာခြင်းဖြစ်သည်။

အိုးဆွဲအလုပ်သမားများက တစ်နေ့လျှင် ပန်းအိုးအကြီးဆိုလျှင် အလုံး ၈၀၊ ပန်းအိုးအသေးဆိုလျှင် ၁၅၀ နှင့် သောက်ရေအိုးဆိုလျှင် အလုံး ၆၀ ကျော်ပြီးစီးအောင် အိုးဆွဲနိုင်ကြသည်။ အိုးဆွဲပြီးသော ပန်းအိုး၊ သောက်ရေအိုးများကိုနေရောင်ဖြင့် တစ်နေ့လှန်းကာ နောက်နေ့၌မီးဖိုအတွင်း အစီအရီသွင်းကာ သစ်သားမီး သို့မဟုတ် ဝါးမီးဖြင့် မီးပြင်းတိုက်ရလေသည်။ အိုးဖုတ်သည့် မီးဖိုတစ်ဖိုမှာ တစ်ကြိမ်လျှင် အိုးအကြီး၊ အသေးစုစုပေါင်း ၇၀၀ ခန့်ထည့်သွင်းပြီး မီးဖုတ်နိုင်ကြောင်းသိရသည်။ ကျွန်တော်တို့အိုးဖုတ်သည့် မီးဖိုအဝမှကြည့်လိုက်ရာ စီတန်းစွာအထပ်လိုက်ထည့်သွင်းထားသောအိုးမျိုးစုံကိုတွေ့ရသည်။ မီးထည့်ပေးရသည့် အလုပ်သမားမှာလည်း အချိန်အဆ၊ အတွေ့အကြုံများမှသာ အိုးများမီးကျွမ်းခြင်းနှင့်မီးမနာခြင်းတို့မှ ကင်းဝေးမည်ဖြစ်သည်။ အိုးလုပ်သည့် အဆင့်တိုင်း မလွယ်၊ ဈေးကွက်တွင် အသင့်ရောင်းချသောပန်းအိုး၊ သောက်ရေအိုးအမျိုးမျိုးကို အလွယ်တကူဝယ်ယူသူများအနေဖြင့် အိုးလုပ်သည့်အဆင့်တိုင်း လူ့လုပ်အားဖြင့်သာ လုပ်ကိုင်ရသည်ကို လက်တွေ့ကျကျ မည်သို့ခံစားသိရှိနိုင်မည်နည်းဟု တွေးနေမိသည်။

အိုးဖိုအတွင်းမှအိုးများကို တစ်နေ့မီးပြင်းတိုက်ကာ အိုးဖို၌ သုံးရက်အအေးခံပြီးမှ ထုတ်ယူရလေသည်။ အိုးဖိုအတွင်း အိုးများစတင်ထည့်သွင်းသည့်ရက်မှ ပြန်ထုတ်သည်အထိ ခုနစ်ရက်ခန့်ကြာမြင့်ကြောင်း သိရသည်။ တွံ့တေးအိုးများကို ရန်ကုန်ဈေးကွက်သို့ ကားများဖြင့် လာရောက်သယ်ယူကြပြီး ဖြန့်ဖြူးရောင်းချကြသည်။ အဝယ်လိုက်သည့်အတွက် နေ့စဉ်အလုပ်ရှိပြီး ထွက်သမျှအိုးများကိုလည်း ဖောက်သည်များက လာရောက်ယူကြသည်ဟု ဆိုသည်။

သောက်ရေအိုးအရှည်များလည်း ပြုလုပ်လျက်ရှိပြီး အိုးများဘေးပတ်လည်တွင် ပန်းပွင့်များဆေးခြယ်ခြင်းကို အမျိုးသမီးတစ်ဦးက ကျွမ်းကျင်စွာစုပ်တံကိုင်ရင်း ခြယ်မှုန်းလျက်ရှိသည်။ အိုးတစ်အိုးလျှင် ပန်းပွင့်ခြယ်မှုန်းခ ငွေကျပ် ၁၀၀ ရရှိကြောင်းလည်း သိရသည်။ အတွေ့အကြုံများပြီး ကျွမ်းကျင်၍လားမသိ၊ ပန်းပွင့်ဆေးခြယ်သည်မှာ အိုးတစ်အိုးလျှင် မိနစ်အနည်းငယ်သာကြာသည်။ ဈေးကွက်တင်ပို့ရန်အသင့်ဖြစ်နေသောရေအိုးတစ်အိုးကို လက်ဖြင့်အသာခေါက်ကြည့်ရာ "ဒေါင်. . ဒေါင်" ဟူသော မြည်သံထွက်လာသည်။ "တောင်ကလာမှ မိုး၊ ဒေါင်ဒေါင်မည်မှအိုး" ဆိုသည့် စကားကိုသတိရလိုက်မိပြန်သည်။ အိုးအသားကျစ်မှု၊ မီးပေးမှန်မှုကောင်းမှ အိုးကောင်းရမည်ဖြစ်သည်။

မကြာမီ အိုးအလုပ်ရုံရှေ့သို့ ကမ္ဘာ့လှည့်ခရီးသွားနှစ်ဦးရောက်ရှိလာသည်။ နှစ်ဦးစလုံးအသက် ၆၀ ခန့်ဖြစ်ပြီး ဇနီးမောင်နှံဖြစ်ပုံရသည်။ အလုပ်ရုံအတွင်း

*စာမျက်နှာ ၁၇ သို့*



အိုးဖုတ်သည့် မီးဖိုအတွင်းသို့ ပုံလောင်းပြီး အိုးများကို မီးပြင်းတိုက်ရန် စီတန်းထည့်သွင်းထားစဉ်။

*စာမျက်နှာ ၁၆ မှ*

ဝင်ရောက်သွားပြီး အိုးလုပ်ပုံအဆင့်ဆင့်ကို လိုက်လံလေ့လာကာဓာတ်ပုံမှတ်တမ်းတင်နေကြသည်။ ကမ္ဘာလှည့်ခရီးသွားများက လက်ဖြင့်ပြုလုပ်သောပစ္စည်းများကို အထူးစိတ်ဝင်စားကြသည်။ ကမ္ဘာလှည့်ခရီးသွားများ ရန်ကုန်-ဒလဘက်မှ စက်ဘီးကိုယ်စီဖြင့် တွံတေးအိုးလုပ်ငန်းများကို တကူးတကလာရောက်လေ့လာကြသည်ဟုဆိုသည်။

နိုင်ငံတကာတွင် handmade များက ဈေးကြီးသည်။ အရည်အသွေးကောင်းပြီး နာမည်ရသည့် handmade ကုန်ပစ္စည်းများကို လူတိုင်းမသုံးစွဲနိုင်၊ ရှားလည်းရှားပါးကာ အရေအတွက်များများလည်း မထုတ်လုပ်နိုင်ကြ၊ တွံတေးအိုးလုပ်ငန်းမှ အိုးများမှာ လက်လုပ်ပစ္စည်းစစ်စစ်များဖြစ်သော်လည်း ဈေးကောင်းမရ၊ တန်ဖိုးမကြီး၊ ခက်သည်မှာ မြန်မာနိုင်ငံဈေးကွက်၌ ဈေးကြီးလွန်းလျှင်လည်း ဝယ်သုံးသူက နည်းပါးသွားမည်ဖြစ်သည်။ "ဒီလို အိုးလုပ်ငန်းက အစအဆုံး တကယ့် handmade တွေဖြစ်ပြီး ဈေးကောင်းမရတာ စိတ်မကောင်းစရာပဲ" ဟု အတူပါလာသည့် ကိုအောင်မော်က စိတ်မချမ်းမြေ့စွာ ပြောသည်။ ခွန်အားနှင့်ကျွမ်းကျင်မှုစိုက်ထုတ်လုပ်ကိုင်နေသည်ကို မြင်တွေ့ရ၍လည်းဖြစ်မည်။ မြန်မာ့လက်လုပ်မြေအိုးများကို ပြည်တွင်းသာမက



ပြည်ပဈေးကွက်အထိ တင်ပို့နိုင်ရန် အရည်အသွေးကောင်းမှု၊ ဒီဇိုင်းဆန်းသစ်မှုနှင့် အသုံးတည့်မှုများကို စနစ်တကျ သုတေသနပြုလုပ်ကာ နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ပါက ဈေးကောင်းရနိုင်ကြောင်း အတွေးများဝေနေမိသည်။

တွံတေးအိုးလုပ်ငန်းအချို့က နှစ်ပေါင်း ၁၀၀ ကျော်ရှိခဲ့ပြီ။ အချို့လည်း ၂၀၀၈ ခုနှစ်က တိုက်ခတ်ခဲ့သောနာဂစ်မုန်တိုင်းဒဏ်ကြောင့် ပြားပြားဝပ်ခဲ့ပြီး ကြေမွပျက်စီးခဲ့ကာ ပြန်နာလန်မထူနိုင်တော့ဘဲ ရပ်ဆိုင်းသွားခဲ့သည်။ လက်ရှိတွင် အိုးရုံပေါင်း ၅၀ ကျော်ရှိနေဆဲဖြစ်ပြီး အများစုမှာ ဧရာဝတီ၊ ရန်ကုန်၊ ပဲခူးဈေးကွက်များကို အားထားနေခြင်းဖြစ်သည်။ သို့သော်လည်း အိုးများလုပ်နိုင်သလောက် ဝယ်လက်ကရှိသည်ဟုဆိုသဖြင့် တွံတေးအိုးရုံများက တည်မြဲနေဦးမည်ဖြစ်သည်။ အိုးရုံတစ်ရုံတွင် အလုပ်သမားခုနစ်ဦးခန့်ရှိသဖြင့် အနီးပတ်ဝန်းကျင်မှလူများအတွက် အလုပ်အကိုင်ရရှိစေရန် ဖန်တီးပေးနိုင်သည်ကိုလည်း တွေ့ရသည်။

တွံတေးအိုးလုပ်ငန်းများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂျပန်နိုင်ငံ ဂျကာ(JAKA)အဖွဲ့က အိုးပြတိုက်တစ်ခုတည်ဆောက်ပေးထားကြောင်း သိရသည်။ တွံတေးအိုးအမျိုးမျိုးကို ပြသထားကြောင်း သိရသော်လည်း ပိတ်ထားသည်ဟု ဆိုသဖြင့် မရောက်ခဲ့။ မြန်မာနိုင်ငံတွင် ယခုအခါ အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများ၊ တိုးတက်ဖွံ့ဖြိုးရန် ငွေကြေးများ ချေးယူခွင့်ပြုထားသည်ဖြစ်ရာ ပူးပေါင်းလုပ်ကိုင်မှုများဖြင့် တွံတေးအိုးများ ခေတ်သစ်တစ်ခုဆီသို့ တက်လှမ်းလာနိုင်ရေးကြိုးစားသင့်သည်ဟု တွေးမိပြန်သည်။

## အရည်အသွေးကောင်းမှု၊ ဒီဇိုင်းဆန်းသစ်မှုနှင့် အသုံးတည့်မှုများကို စနစ်တကျသုတေသနပြုလုပ်ကာ နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ပါက ဈေးကောင်းရနိုင်ကြောင်း အတွေးများဝေနေ





# မြန်မာစကား-မြန်မာစာ အပြန်အလှန်ဆက်သွယ်မှု(၇)

မောင်ခင်မင်(ဓနုဖြူ)

"မြန်မာစကားက မြန်မာစာပေဖွံ့ဖြိုးအောင် ဘယ်လိုအထောက်အကူပြုတယ်ဆိုတာ သားတို့သမီးတို့ သိပြီးသား သာဓကတွေမှာ တွေ့နိုင်ပါတယ်ကွယ်။ သတိမထားမိကြလို့ပါ"

"ပြောပြပါ ဆရာကြီး"

"ဆိုပါစို့။ ဘုံပြာသာဒ်တွေမှာ တပ်ထားတဲ့ ဆည်းလည်းကလေးတွေ မြည်တဲ့အသံကို သားတို့သမီးတို့ သတိထားမိသလား"

"မထားမိပါဘူး ဆရာကြီး"

"အေး. . . ဆရာလည်း အင်းဝခေတ်က ပျို့တွေဖတ်တော့မှ သတိထားမိတာပါ။ ဆည်းလည်းကလေးတွေက 'ညောင်းညောင်းညုန်းညုန်း'လို့ မြည်သတဲ့ကွယ်"

"တော်တော်သာယာတာပဲနော် ဆရာကြီး"

"အဲဒီလို မြည်တဲ့အသံကို သရုပ်ဖော်တဲ့ စကားလုံးတွေကို 'မြည်သံစွဲ'လို့ ခေါ်တယ်မဟုတ်လား။ အင်းဝခေတ်က ဆည်းလည်းသံကလေးကို 'ညောင်းညောင်းညုန်းညုန်း'ဆိုတဲ့ မြည်သံစွဲ စကားလုံးကလေးတွေနဲ့ သရုပ်ဖော်ပြီး အစဉ်အဆက်ထိန်းသိမ်းလာခဲ့လို့ ခုအထိ ကြားယောင်နေနိုင်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ ခေတ်အဆက်ဆက်စာပေတွေမှာ မြည်သံစွဲစကားလုံးတွေ ဖန်တီးပြီး ဖွဲ့ခဲ့ကြတဲ့အတွက် မြည်သံတွေ အသက်ဝင်လာပြီး စာဖတ်သူတွေ နှစ်သက်စရာဖြစ်လာရတာပေါ့ကွယ်"

"သမီးတစ်ခုသတိရလို့ပါဆရာကြီး။ ဦးပုညရဲ့ နွားတစ်ကောင်လုံးအသုံး လက်ာမှာ နွားသားရေအိုးစည်တို့၊ ဗုံတို့လုပ်ပြီး တီးနိုင်ပုံကို မြည်သံစွဲစကားလုံးတွေနဲ့ သရုပ်ဖော်ထားတာပါ"

"ဟုတ်တာပေါ့။ သမီးရတယ်မဟုတ်လား။ ဆိုပြစမ်းကွယ်"

"ဟုတ်ကဲ့ပါ. . . 'ဗိတ်ဗိမ့်ဗိမ်းအိုးစည်၊ မြည်နိုင်မှု ဗုံသာ၊ ဆိုင်းစရာမှာ၊ ပူနာတာပုံတေး၊ ပတ်ကလေးတွေ၊ သားရေမြည်ဟန်၊ ကျန်သည့်ပတ်မကြီး၊ တီးလိုက်လျှင် ထီးဗေ့၊ သုံး၍မယုတ်၊ တုတ်ပလုတ်တုတ်ဖြုန်း၊ ဗြောမှာလည်း သုံးရသည်'. . . တဲ့"

"နားထဲမှာ ဆိုင်းသံဗုံသံတွေလိုကြီး ကြားယောင်လာတော့တာပဲ။ သမီးက ဦးပုညကဗျာဆိုပြတော့ ဆရာက ဆရာကြီးမင်းသုဝဏ်ရဲ့ ပြောသံဆိုတဲ့ ကဗျာကလေးကို သတိရတယ်။ အဲ. . . ဒီတစ်ခါသား အလှည့်ပေါ့။ ကဗျာကို ဘယ်လိုစသလဲကွယ်။ 'ပလုတ်ဖြုန်းရယ်နဲ့၊ တောင်ကုန်းရွာသာစခန်းဆီက၊ ဒေါ်ရွှေမေ ဦးရေချမ်းရယ်တို့၊ သာသနာ့ဝါဝါလန်းရန်ဖို့၊ ဆန်းလိုက်တဲ့ပြောသံစည်'လို့ စပါတယ်"

"ကဗျာအဆုံးသတ်ကရောကွယ်"

"အဲ. . . ဘွဲ့ခတ်ကာ ခဗျာငြင်းလေတော့၊ သျှောင်ကြီးရှင်ဆံပင်တင်းပြီးကွဲ့၊ ညည်းတဲ့တုတ်ဖြုန်း"

"ကဲ ရှင်ပြုပွဲကို ဖွဲ့တဲ့ကဗျာမှာ 'ပလုတ်ဖြုန်း' ဆိုတဲ့ ပြောသံနဲ့စပြီး 'တုတ်ဖြုန်း' ဆိုတဲ့ပြောသံနဲ့ ဆုံးလိုက်တာဟာ အဖွင့်အပိတ်ညီပြီး သိပ်လှတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"မြန်မာစကားထဲမှာ အဆင်သင့်ရှိပြီးသား မြည်သံစွဲတွေအများကြီးပါ။ 'ဒိုင်း' 'ဝုန်း' 'ဂျိုးဂျိုးဂျိန်းဂျိန်း' 'အောက်အီးအီးအွတ်' 'နောင်' 'ဒူဝေဝေ' 'ဗေထိ' ဆိုတာမျိုးတွေပေါ့။ စာထဲမှာ သူ့နေရာနဲ့သူထည့်သုံးရင် သရုပ်ပေါ်တာချည်းပါပဲ။ အဲ. . . တချို့မြည်သံစွဲတွေကျတော့ စာရေးသူက စိတ်ကူးပြီး သရုပ်ဖော်တာမို့ ပိုပြီးမှတ်မိတာပေါ့ကွယ်"

"ပြောပြပါ ဆရာကြီး"

"ဆရာမြို့မငြိမ်းက ရေချိုးဆိပ် သီချင်းမှာ 'အိဖွဲ့ အိဖွဲ့ ငှက်သမ္ဗန်ခတ်သွားတယ်' ရေးဖွဲ့တော့ သမ္ဗန်ခတ်တဲ့အသံကို ကြားယောင်လာနိုင်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ၊ မြင်းခင်းတော်သီချင်းမှာ မြင်းသည်တော်တွေရဲ့ မြင်းခွာသံကို ဆရာက "ခွာသံချင်းယှက် ဂေါက်ဂက်ဂေါက်ဂက်ကလည်း မြိုင်မြိုင်ဆီလို့ဖွဲ့တယ်။ ဟုတ်လား။ မြင်းခွာသံကို ကြားယောင်လာနိုင်တာပေါ့"

"ဟုတ်ကဲ့ပါ"

"စာရေးဆရာ သရုပ်ဖော်ပုံကြောင့် မြည်သံစွဲစကားလုံးကလေးတွေကို မှတ်မိနေတတ်တယ်ကွဲ့။ ဆရာသိပ္ပံမောင်ဝက သမ္ဗန်စီးရင်းကြားရတဲ့ သမ္ဗန်ခတ်တဲ့အသံကို ရေးဖူးတယ်။ 'ကျွိ ကျွိ အီး ဖတ် ဖတ်' တဲ့"

"ဩော်. . . ဟုတ်ကဲ့ပါ"

"ဆရာ ရန်ကုန်ဘဆွေကလည်း သမ္ဗန်ခတ်သံကို သရုပ်ဖော်ဖူးတယ်။ 'ဂျော်ရစ် ဖြဲ ဖြဲ မြဲမြဲ. . .' တဲ့။ 'ဂျော်ရစ်'ဆိုတာက သမ္ဗန်ခတ်တက်ကို ခဏရပ်တဲ့အသံ၊ 'ဖြဲ ဖြဲ မြဲ မြဲ . . .'ဆိုတာက တက်နဲ့ရေနဲ့ ထိသွားတဲ့အသံတဲ့"

## စာဆိုတွေဟာ မြန်မာစကားကို နိုင်နိုင်နင်းနင်း ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုပြီး သုံးတဲ့စကားနဲ့ ပေါ်လာတဲ့အဓိပ္ပာယ် လိုက်ဖက်အောင် ရေးဖွဲ့နိုင်စွမ်း ရှိကြပါတယ်

"စိတ်ဝင်စားစရာပဲနော် ဆရာကြီး"

"တစ်ခု သတိရသေးတယ်။ ဆရာဒေါင်းနွယ်ဆွေရဲ့ လွမ်းလိပ်ပြာတောင်ဆိုတဲ့ ကဗျာဝတ္ထုကြီးလေ။ အဲဒီအထဲမှာ ဒေါနန့်ဝဏ္ဏဆိုတဲ့ လုလင်နှစ်ယောက် ဓားချင်းယှဉ်ခုတ်တဲ့အခါ အသံထွက်လာပုံကို ဖွဲ့ထားတာ"

"ဘယ်လိုပါလဲ ဆရာကြီး"

"ရှောင်ရှားခုခံ၊ ဤညဉ့်ယံတွင်၊ ဓားသံချွင်းချွင်း မြည်သတည်း' တဲ့။ ဓားချင်းအရှိန်နဲ့ထိပြီး ချွင်းခနဲ ချွင်းခနဲ မြည်သွားတဲ့အသံ ပေါ်လာတာပေါ့ကွယ်"

"ကောင်းလိုက်တာနော် ဆရာကြီး"

"မြည်သံစွဲစကားလုံးကလေးတွေက စာရဲ့ အာနိသင်ထက်မြက်အောင်၊ အရသာပေါ်အောင် ဘယ်လိုအထောက်အကူပြုတယ်ဆိုတာ တွေ့နိုင်ပါတယ်ကွယ်၊ စာဆိုတွေဟာ မြန်မာစကားကို နိုင်နိုင်နင်းနင်း ကျွမ်းကျွမ်းကျင်ကျင်အသုံးပြုပြီး သုံးတဲ့စကားနဲ့ ပေါ်လာတဲ့အဓိပ္ပာယ် လိုက်ဖက်အောင် ရေးဖွဲ့နိုင်စွမ်း ရှိကြပါတယ်။"

"ဟုတ်ကဲ့ပါ"

"အရင်အပတ်ကပြောခဲ့တဲ့ ကိုးခန်းပျို့အစပိုဒ်ကို သားတို့ သမီးတို့မှတ်မိမှာပါ"

"ဇာတိပုည၊ ဂုဏ်မာနဖြင့်၊ သံပဟုံးခုံး၊ ဆိုတဲ့အပိုဒ်လားဆရာကြီး"

"ဟုတ်ပါတယ်" အဲဒီစာပိုဒ်ကို အသံထွက်ပြီး ဖတ်ကြည့်စမ်း။ 'ဇာတိပုည၊ ဂုဏ်မာနဖြင့်၊ သံပဟုံးခုံး' . . . တဲ့။ အသံတွေက မချိုသာဘူးမဟုတ်လား။ ကာရန်ယူထားတဲ့အသံတွေက 'ည-န-ပ' ဆိုတဲ့ ပြတ်တောက်တောက်အသံတွေလေ။ နားဝင်မချိုဘူးပေါ့"။

"ဟုတ်ကဲ့ပါ"

"အဲ. . . ရေးတဲ့အကြောင်းကိုကြည့်။ ရေးတဲ့အကြောင်းက သာကီဝင်မင်းတွေ မာန်တက်နေတဲ့

*စာမျက်နှာ ၁၈ သို့*

# ဂီတထဲက ကျန်းမာရေးဆုလာဘ်တွေ

■ သတင်းဆောင်းပါး
ကလျာမိုးမြင့်(မြန်မာ့အလင်း)



ဂီတကို မနှစ်သက်တဲ့လူ မရှိသလောက် ရှားပါလိမ့်မယ်။ ဂီတဟာ လူသားတွေရဲ့ဘဝမှာ တော်တော်များများ နေရာယူထားပါတယ်။ ဂီတသံစဉ်တစ်ခုက စိတ်ခံစားမှုတွေကို ဆွဲဆောင်နိုင်တယ်။ ဇာတ်လမ်းတွေကိုပြောပြနိုင်ပြီး ကျွန်မတို့ကို နစ်မျောစေတယ်။ လူ့သမိုင်းတစ်လျှောက်မှာ လွန်ခဲ့တဲ့နှစ်ကာလများစွာကတည်းက ကမ္ဘာ့နေရာ အသီးသီးက ယဉ်ကျေးမှုမှန်သမျှ ဂီတနဲ့မကင်းကွာခဲ့ပါဘူး။

သေချာတာတစ်ခုကတော့ ဂီတမရှိဘဲ သီးခြားရပ်တည်နေတဲ့ လူ့ယဉ်ကျေးမှု အဖွဲ့အစည်းမရှိဘူးဆိုတာပါပဲ။ သာဓကပြရရင် အာဖရိကနဲ့ အမေရိကန် လူမျိုးတွေဟာသူတို့ရဲ့ ရိုးရာဓလေ့တွေမှာ တေးသီချင်း သံပြိုင်ရွတ်ဆိုမှုတွေ ပြုလုပ်ကြပြီး ရှေးတုန်းက ဂရိလူမျိုးတွေကတော့ ပူပန်ကြောင့်ကြမှုတွေကို လျော့ပါးစေဖို့၊ နာကျင်ကိုက်ခဲမှုဝေဒနာတွေကို ဖြေဖျောက်ဖို့နဲ့ အိပ်စက်ရာမှာ အကူအညီဖြစ်စေဖို့ ဂီတကိုအသုံးချခဲ့ကြပါတယ်။ တေးသီချင်းဟာ စိတ်ကို ကုစားနိုင်တယ်လို့ ပြောဆိုခဲ့ကြတာဟာ မှန်ကန်တယ်ဆိုတာ တွေ့ရမှာပါ။ ဂီတဟာ ကျန်းမာရေးကို ဘယ်လို အကျိုးပြုသလဲဆိုတာ လေ့လာကြည့်ကြရအောင်။

နုငယ်တဲ့အရွယ်မှာ ဂီတနဲ့ လေ့ကျင့် သင်ကြားပေးခြင်းဟာ ကလေးငယ်ရဲ့ဦးနှောက်ကို မျိုးစုံလှုံ့ဆော်ပေးတဲ့အတွက် စကားပြောဆိုနိုင်မှု၊ ဆက်သွယ်နိုင်မှုနဲ့ ကြည့်မြင်နိုင်မှုစွမ်းရည်ကို တိုးတက်စေတယ်ဆိုတာကို တွေ့ရှိမှုများစွာက သက်သေပြနေပါတယ်။

မိဘတွေနဲ့ အပြန်အလှန်သီချင်းတွေဆိုပြီး သင်ယူတဲ့ကလေးငယ်တွေမှာပိုပြီး ဆက်သွယ်ပြောဆိုနိုင်စွမ်းရှိပြီး ရယ်ပြုံးတဲ့အကြိမ်လည်း ပိုများပြီး ဂီတကို ဦးနှောက်က ရှုပ်ထွေးနက်နဲတဲ့တုံ့ပြန်မှုတွေပြုလုပ်တာကို ပြသနေပါတယ်။

တေးသီချင်း လေ့ကျင့်တာ၊ နားထောင်တာနဲ့ တီးမှုတ်တာတွေဟာ သက်ကြီးပိုင်းအရွယ်မှာ အသက်အရွယ်ရနေသည့်တိုင်အောင် ဦးနှောက်ကို ကျန်းမာသန်စွမ်းစေအောင် ထိန်းသိမ်းပေးနိုင်ပါတယ်။ သီချင်းနားထောင်တာဟာ ဦးနှောက်ကို လေ့ကျင့်ခန်းလုပ်ပေးနေတာပါပဲ။ ဒါကြောင့် အိုမင်းလာချိန်မှာ သီချင်းတွေနားထောင်ပေးခြင်းဖြင့် ပိုကောင်းတဲ့မှတ်ဉာဏ်နဲ့ စိတ်ပိုင်းဆိုင်ရာထက်မြက်မှုတွေကို မျှော်လင့်လို့ရပါတယ်။ ဦးနှောက်ကို တစ်နည်းနည်းနဲ့ ထိခိုက်ထားတဲ့သူတွေတောင် သီချင်းနားဆင်ရင် မှတ်ဉာဏ်တစ်စိတ်တစ်ပိုင်း ဒါမှမဟုတ် အပြည့်အဝပြန်လည်ရရှိလာနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နိမ့်မြင့်သံစဉ်တွေဟာ စိတ်ရဲ့အတွင်းပိုင်းမှာ အချိန်တော်တော်ကြာသည်အထိ ရှိနေနိုင်တဲ့အတွက် အတိတ်ကာလကမှတ်ဉာဏ်တွေကို ပြန်ခေါ်ယူရာမှာ အကူအညီပေးနိုင်လို့ဖြစ်ပါတယ်။

ဂီတမှာ စွမ်းအင်တွေ များစွာရှိပါတယ်။ ဂီတက သင့်ကိုပျော်ရွှင်စေမယ်။ ဝမ်းနည်းကြေကွဲစေမယ်။ စိတ်လှုပ်ရှား တက်ကြွလာစေမယ်။



သီချင်းနားထောင်တဲ့အခါမှာ ဒိုပါမင်းလို့ခေါ်တဲ့ ကောင်းမွန်တဲ့ ဓာတုပစ္စည်းတစ်မျိုး ထွက်ပေါ်လာပြီး ပျော်ရွှင်မှု၊ စိတ်လှုပ်ရှားမှုစတဲ့ စိတ်အခြေအနေတွေကို ဖြစ်ပေါ်လာစေပါတယ်။

တေးသီချင်းတွေဟာ နှလုံးကို အားဖြည့်ပေးနိုင်ပြီး နှလုံးရောဂါဝေဒနာရှင်တွေကို နာလန်ထူလာအောင် အထောက်အကူပြုတာကို လေ့လာသိရှိရပါတယ်။ သင်နှစ်သက်တဲ့ ဂီတအမျိုးအစားတစ်ခုခုကို နားထောင်ခြင်းဖြင့် ဦးနှောက်ထဲမှာ အန်ဒေါ်ဖင် (endorphins)လို့ခေါ်တဲ့ ဓာတ်ပစ္စည်းတွေ ထွက်ပေါ်လာစေပြီး သွေးကြောတွေကို ကျန်းမာသန်စွမ်းစေပါတယ်။ နှလုံးခွဲစိတ်မှုပြုလုပ်ပြီးနောက် မကြာမီ သီချင်းနားထောင်တဲ့ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ နားမထောင်သူတွေထက် စိုးရိမ်ကြောင့်ကြမှုနည်းပြီး နာကျင်မှု အနည်းငယ်သာ ခံစားရတယ်လို့ ဆိုပါတယ်။

မက်ဆာချူးဆက် အထွေထွေရောဂါကုဆေးရုံကြီးမှာ သုတေသနပြုချက်အရ နာရီဝက်ခန့်သီချင်းနားထောင်တဲ့ နှလုံးရောဂါသည်တွေနဲ့ နားမထောင်တဲ့လူနာတွေကို ခွဲခြားလိုက်တဲ့အခါ သီချင်းနားထောင်တဲ့လူနာတွေဟာ သွေးဖိအားလျော့နည်းပြီး နှလုံးခုန်နှုန်းနှေးကာ စိတ်သောက ဖြစ်ရမှုလည်း နည်းပါးတာကို တွေ့ရပါတယ်။

သီချင်းတွေကို ခဏခဏ နားထောင်ပေးခြင်းဟာ ပိုကောင်းမွန်တဲ့ အိပ်စက်မှုစနစ်ကို မြှင့်တင်ပေးနိုင်တဲ့အတွက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေမှာ ဖြစ်ပါတယ်။ အိပ်မပျော်တဲ့ရောဂါတွေကို ဂီတနဲ့ ထိရောက်စွာကုသနိုင်တာတွေရှိပါတယ်။

ဂီတသံစဉ်ဟာ ကော်တီဇော (cortisol)ဟော်မုန်းထွက်ရှိမှုကို လျော့ကျစေပါတယ်။ ကော်တီဇောဟော်မုန်းဟာ ခုခံမှုစနစ်ကို အားနည်းစေခြင်း၊ နှလုံးရောဂါဖြစ်ပွားမှုနှုန်းကို တိုးပွားစေခြင်း၊ မှတ်ဉာဏ်နဲ့ သင်ယူမှုကို နှောင့်နှေးကြန့်ကြာစေခြင်း၊ အရိုးသိပ်သည်းဆကို နည်းပါးလာစေခြင်းနဲ့ သွေးတိုးစေခြင်းတို့ရဲ့ အကြောင်းရင်း ဖြစ်ပါတယ်။ မိနစ် ၅၀ခန့်မျှ ဂီတနားဆင်ရုံနဲ့ လူ့ခန္ဓာကိုယ်ထဲက ရောဂါပိုးတွေကို ဖျက်ဆီးပေးနိုင်တဲ့ ပဋိဇီဝဓာတ်တွေ များများထွက်လာပါတယ်။

ဒရက်ဆဲလ် တက္ကသိုလ်က သုတေသနပညာရှင်တွေက ကင်ဆာဝေဒနာရှင်တွေကို ဂီတကုထုံးနဲ့ ကုသတဲ့အခါမှာ ပူပန်သောကကို လျော့ကျစေခြင်း၊ သွေးဖိအား အခြေအနေကောင်းမွန်စေခြင်းနဲ့စိတ်ပိုင်းဆိုင်ရာတိုးတက်မှုတွေကို တွေ့ရှိရပါတယ်။ ဒါကြောင့် အထက်မှာ ဖော်ပြထားတဲ့ အကျိုးကျေးဇူးတွေဟာဂီတကို နားဆင်ခြင်းဖြင့် ရရှိနိုင်မယ့် ဆုလာဘ်တွေလို့ဆိုပါရစေ။

**သင်နှစ်သက်တဲ့ ဂီတအမျိုးအစားတစ်ခုခုကို နားထောင်ခြင်းဖြင့် ဦးနှောက်ထဲမှာ အန်ဒေါ်ဖင် (endorphins) လို့ခေါ်တဲ့ ဓာတ်ပစ္စည်းတွေ ထွက်ပေါ်လာစေပြီး သွေးကြောတွေကို ကျန်းမာသန်စွမ်းစေပါတယ်**

---

*စာမျက်နှာ ၁၇ မှ*

အကြောင်း မဟုတ်လား။ မာန်တက်နေတာဆိုတော့ သိမ်သိမ်မွေ့မွေ့ဘယ်ရှိမလဲ။ မာမာပြတ်ပြတ်ဖြစ်မှာပေါ့။ ဒီတော့ ဘာတွေ့ရသလဲဆိုရင် စာဆိုရှင်မဟာရဋ္ဌသာရဟာ သာကီဝင်မင်းတွေ မာန်တက်နေပုံနဲ့ လိုက်ဖက်အောင် မာမာပြတ်ပြတ်အသံတွေကို သုံးထားတာဖြစ်တယ်ဆိုတာ တွေ့ရတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"မြန်မာစာပေပညာရှင် ဆရာကြီး ဒေါက်တာလှဘေက မှတ်ချက်ချဖူးတယ်။ ဒီအပိုဒ်မှာ သာကီဝင်မင်းတွေက 'ငါကွ' ဆိုပြီး မာန်တက်နေတဲ့ အသံနဲ့ လိုက်ဖက်အောင် ဖွဲ့တာတဲ့။ တကယ်လို့သာ စာဆိုက 'ဇာတိပုညာ' လို့ အသံသာသာဖွဲ့လိုက်ရင် သာကီဝင်မင်းတွေရဲ့ အသံကလည်း 'ငါကွာ' လို့ ပျော့သွားပြီး ဘယ်မာနသံပါတော့မှာလဲ. . . တဲ့"

"သြော်. . . ဟုတ်ကဲ့ပါ။ ဒီသုံးသပ်ချက်ကို သမီးတို့မကြားဖူးပါဘူး"

"ဆရာကြီးက ရှင်မဟာရဋ္ဌသာရရဲ့ စကားနိုင်နင်းတဲ့ဂုဏ်၊ စာပေအရာ ပြောင်မြောက်အောင် ရေးဖွဲ့နိုင်တဲ့ ဂုဏ်ကို ချီးကျူးတာပါ"

"ဟုတ်ကဲ့ပါ"

"လက်ဝဲသုန္ဒရရဲ့ 'မဲဇာတောင်ခြေ' ရတုကိုကြည့်။ ရာသီဥတုပြင်းထန်တဲ့ မဲဇာတောထဲမှာ ဆီးနှင်းတွေပြင်းပြင်းထန်ထန်ကျနေပုံကို ဖွဲ့ထားတာ မှတ်မိတယ်မဟုတ်လား"

"မှတ်မိပါတယ်" ဆရာကြီး။ 'သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လဲ၊ မိုးလောက်ပြင်းထန်၊ သွန်းချပြန်သော်' . . . တဲ့ "

"အဲဒီမှာ ကာရန်ယူထားတဲ့ 'ဖြောက်၊ ပေါက်၊ လောက်'ဆိုတဲ့ အသံတွေဆိုကြည့်။ ဆီးနှင်းတွေ ဘောက်ခနဲ ဘောက်ခနဲကျနေတဲ့အသံမျိုး ပေါ်လာတယ် မဟုတ်လား။ ကြမ်းတမ်းတဲ့အသံတွေလေ။ သည်တော့ ဆိုးရွားကြမ်းတမ်းတဲ့ သဘာဝပတ်ဝန်းကျင်ကိုဖွဲ့တဲ့အခါ စာဆိုရဲ့ စိတ်ကူးဉာဏ်ဟာလည်း ကြမ်းတမ်းတဲ့စကားလုံးတွေကိုရွေးပြီး ဖွဲ့လိုက်မိတာလို့ ဆိုနိုင်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ခုခေတ်မှာ သားတို့သမီးတို့နဲ့ ရင်းနှီးတဲ့ ကဗျာတစ်ပုဒ်ကိုပြဦးမယ်။ ဆရာကြီးမင်းသုဝဏ်ရဲ့ 'ပျင်းမငုတ်တို'လေ။ ကဲ. . . အစချီပုံကလေး ပြောပါဦး"

"ဖုထစ်ရွတ်တွ၊ ငုက်လင်းတသို့၊ ပျဉ်းမငုတ်တို၊ သက်ကျားအိုသည်၊ ကုန်းမို့ထက်တွင် တစ်ပင်တည်း"

"ဟုတ်ပါပြီ။ အဲဒီမှာ ပျဉ်းမငုတ်တိုကြီးဟာ ကုန်းငယ်မှာ တစ်ပင်တည်းရှိနေပုံဟာ လင်းတအိုကြီး တစ်ကောင် ငုတ်တုတ်ထိုင်နေသလို အမြင်ဆိုးတဲ့မြင်ကွင်းဖြစ်နေတယ် မဟုတ်လားကွယ်"

"ဟုတ်ပါတယ်"

"အဲဒီမြင်ကွင်းနဲ့လိုက်အောင် ကဗျာဆရာက ဖွဲ့ထားပုံကိုကြည့်လေ။ 'ဖုထစ်ရွတ်တွ'တဲ့. . . ဆိုကြည့်စမ်း။ ချိုသာပြေပြစ်တဲ့ အသံတစ်သံမှ မပါဘူး။ နားဝင်ဆိုးတဲ့ အသံတွေချည်းပဲ။ အမြင်ဆိုးတဲ့ အကျည်းတန်တဲ့ မြင်ကွင်းကို မချိုသာတဲ့ နားဝင်ဆိုးတဲ့အသံတွေနဲ့ ဖွဲ့ထားတာ ဘယ်လောက်လိုက်ဖက်သလဲကွယ်။"

"ဟုတ်ပါတယ် ဆရာကြီး"

"ကဲ. . . ပျဉ်းမငုတ်တိုကြီးဟာ နွေဦးရောက်လို့ ရွက်သစ်ပြောင်းတဲ့ အချိန်ကျတော့ အရွက်ကလေးတွေ စိမ်းစိမ်းစိုစိုနဲ့ အသွင်ပြောင်းသွားတယ် မဟုတ်လား။ ဒေါင်းပျိုမကလေး ကနေသလိုပဲလို့ စာဆိုက ဆိုဖူးတယ်။ အဲဒီလိုနှစ်သက်စရာ မြင်ကွင်းကိုဖွဲ့တော့ ဘယ်လိုဖွဲ့ပါလိမ့်ကွယ်"

"ရွက်ဟောင်းညှာကြွေ၊ ရွက်သစ်ဝေ၍၊ လေပြည်ထဲတွင်၊ ငယ်ရုပ်ဆင်သည်၊ အသင်ယောကျ်ားကောင်း တကား. . . "

"ကဲ. . . အဲဒီ စာပိုဒ်ကို အသံထွက်ပြီး ဆိုကြည့်ပါဦး။ အသံသာပြီး နားဝင်ချိုတယ်မဟုတ်လား။ ကာရန်ယူထားတဲ့အသံတွေက 'ကြွေ-ဝေ-လေ၊ တွင်-ဆင်-သင်'ဆိုတဲ့ သံလွင်တွေ၊ ချိုသာတဲ့အသံတွေလေ။ ဒီတော့ သာယာတဲ့မြင်ကွင်းကို ချိုသာတဲ့အသံတွေနဲ့ လိုက်ဖက်အောင် ဖွဲ့ထားတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ဒီတော့ မြန်မာစကားကို လိုက်ဖက်အောင် နိုင်နိုင် နင်းနင်းအသုံးပြုရင် အခုပြောခဲ့တဲ့ ကဗျာတွေလို ပြောင်မြောက်တဲ့၊ ရသအာနိသင်ထက်မြက်တဲ့ မြန်မာကဗျာကောင်း၊ စာကောင်းတွေဖြစ်လာဖို့ အများကြီး အထောက်အပံ့ပြုတယ်ဆိုတာ ထင်ရှားပါပြီကွယ်"

# မောင်းမကန်သို့

မောင်သာ(ရှေးဟောင်းသုတေသန)

**ရန်ကုန်မှထားဝယ်သို့ မီးရထားဖြင့် မသွားဖူးသေးသဖြင့် အမြန်ရထားစီးကာ ထားဝယ်မြို့သို့ ကျွန်တော်သွားခဲ့သည်။ ရန်ကုန်ဘူတာကြီးမှ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ထွက်ခွာလာသည့် ရန်ကုန်-ထားဝယ်အမြန်ရထားသည် တစ်ညလုံးမောင်းနှင်လာခဲ့ပြီး နံနက်အရုဏ်တက်ချိန်တွင် မော်လမြိုင်သို့ရောက်ရှိခဲ့ကာ မွန်းတည့် ၁၂ နာရီတွင် ရေးဘူတာသို့ဆိုက်ရောက်ခဲ့သည်။**

ရန်ကုန်မှလာခဲ့သော အမြန်ရထားသည် ရေးမှရန်ကုန်သို့ ပြန်လည်ထွက်ခွာမည်ဖြစ်သဖြင့် ခရီးဆက်ကြမည့်သူများသည် ထားဝယ်သို့ ထွက်မည့် ကားရထားတွဲများပေါ်သို့ ပြောင်းရွှေ့စီးနင်းကြရသည်။ ရေးဘူတာတွင် တစ်နာရီကျော်ကျော်နားခဲ့ပြီးနောက် ရေး-ထားဝယ်ရထားသည် ရေးဘူတာမှ မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာလာခဲ့ရာ ထားဝယ်ဘူတာသို့ ည ၈ နာရီတွင် ဆိုက်ရောက်ခဲ့သည်။ ရန်ကုန်မှ မိုင် ၄၀၀ ကျော် ကွာဝေးသည့် ထားဝယ်သို့ အချိန်ကြာမြင့်စွာ ရထားစီးခဲ့ရသော်လည်း ကျွန်တော်သည် စာဖတ်လိုက်၊ ပတ်ဝန်းကျင်ကိုကြည့်လိုက်ဖြင့် ပင်ပန်းနွမ်းနယ်မှုမရှိခဲ့ပါချေ။

ထားဝယ်မြို့သည် ဆယ်စုနှစ် နှစ်ခု၊ သုံးခုအတွင်း များစွာပြောင်းလဲတိုးတက်ခဲ့ပြီဖြစ်သည်။ လွန်ခဲ့သော နှစ် ၂၀ ကျော်က ထားဝယ်မြို့အပါအဝင် တနင်္သာရီတိုင်းဒေသကြီးမှ မြို့များသို့ လေယာဉ် သို့မဟုတ် သင်္ဘောဖြင့်သာ သွားလာနိုင်ခဲ့သည်။ ထိုစဉ်က မီးရထားလမ်း၊ ကားလမ်းများ မရှိသေးသဖြင့် ကြယ်ငါးပွင့်သင်္ဘောကော်ပိုရေးရှင်း (ယခု မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)မှ ပြေးဆွဲသော တောင်ကြီး၊ ဟားခါး၊ မြစ်ကြီးနားအစရှိသော ကမ်းရိုးတန်းသွား ပင်လယ်ဖြတ်သင်္ဘောများဖြင့်သာ အများဆုံးသွားလာခဲ့ကြရသည်။ ယခုအခါတွင် မော်တော်ကားဖြင့် မြန်မာပြည်အောက်ဆုံး ကော့သောင်းမြို့အထိလည်းကောင်း၊ မီးရထားဖြင့် ထားဝယ်မြို့အထိလည်းကောင်း လွယ်ကူစွာသွားလာနိုင်ပြီဖြစ်ပေသည်။ ရေနက်ဆိပ်ကမ်းစီမံကိန်းကြောင့်လည်း ထားဝယ်သည် ယခင်ကထက်များစွာ စည်ပင်ဖွံ့ဖြိုးလာခဲ့သည်။ သစ်လွင်သော အဆောက်အအုံများ၊ ကျယ်ဝန်းသောလမ်းများ၊ စည်ကားသောဈေးဆိုင်များ၊ ခမ်းနားသော တည်းခိုရိပ်သာများ၊ ခေတ်မီသော မော်တော်ကား၊ မော်တော်ဆိုင်ကယ်များဖြင့် ထားဝယ်သည် ပြောင်းလဲတိုးတက်နေပြီဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ ရောက်ရှိလာကြသူတိုင်း မောင်းမကန်ပင်လယ်ကမ်းခြေသို့ သွားရောက်လေ့ရှိကြသည်။ လှိုင်းလုံးများအဆက်မပြတ် ပုတ်ခတ်နေသော လှပသည့်ရှုခင်းများနှင့် အရသာရှိ၍ ဈေးနှုန်းသက်သာသော ပင်လယ်အစားအစာများကြောင့် မောင်းမကန်သည် မြန်မာပြည်အနှံ့မှ လာရောက်လည်ပတ်၊ အနားယူအပန်းဖြေကြသူများဖြင့် အမြဲစည်ကားလျက်ရှိပေသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့သည် ထားဝယ်သို့ရောက်ခိုက် မောင်းမကန်သို့ သွားရောက်ခဲ့ကြသည်။

ထားဝယ်မြို့မှ အနောက်မြောက် ယွန်းယွန်းသို့ ကားဖြင့်ထွက်ခွာလာခဲ့ကြရာ ၄၅ မိနစ်ခန့်မျှအကြာတွင် မောင်းမကန်ရွာသို့ ဦးစွာရောက်ရှိခဲ့သည်။ မောင်းမကန်ရွာသည် စည်ကားသောရွာကြီးတစ်ရွာဖြစ်သည်။ ကျွန်တော်တို့သည် မောင်းမကန်ရွာတွင် ခေတ္တနားပြီးမှ အနောက်ဘက်စူးစူးသို့ ကားကိုဆက်မောင်းလာခဲ့ရာ လမ်းခွဲတစ်ခုသို့ ရောက်လာကြသည်။ လမ်းခွဲ၏ လက်ယာဘက်လမ်းသည် မောင်းမကန်ကမ်းခြေသို့သွားသောလမ်းဖြစ်ပြီး လက်ဝဲဘက်လမ်းသည် ဂေါတမမြတ်စွာဘုရားရှင်၏ ဆံတော်နှစ်ဆူကိန်းဝပ်ရာ နဂါးရစ်ခေါ် မျှော်ရစ်စေတီသို့ သွားရာလမ်းဖြစ်ပေသည်။

ကျွန်တော်တို့သည် မျှော်ရစ်စေတီသို့ သွားသည့်လမ်းသို့ ဦးစွာဝင်ခဲ့ကြပြီး မိနစ်အနည်းငယ်အကြာတွင် တနင်္သာရီကမ်းမြောင်ဒေသ၏ လှပသော ပင်လယ်ကမ်းရိုးတန်းကို စတင်တွေ့မြင်ကြရသည်။ ကမ်းရိုးတန်းတစ်လျှောက် ကမ်းပါးနှင့်အပြိုင် ၁၅ မိနစ်ကျော်ကျော် ကားကိုဆက်မောင်းလာခဲ့ရာ ကားလမ်းက ကမ်းနံဘေးတစ်နေရာတွင် အဆုံးသတ်သွားသည်။ ရှေ့တည့်တည့်တွင် လှိုင်းများတဝုန်းဝုန်းရိုက်ပုတ်နေသော ကမ်းခြေကိုမြင်နေကြရသည်။ ကမ်းခြေမှ ခပ်လှမ်းလှမ်းရှိ ရေလယ်ကုန်းမြင့်ပေါ်တွင် ရွှေရောင်ဝင်းလက်နေသည့် မျှော်ရစ်စေတီတော်ကို ဖူးတွေ့ကြရသည်။

ကမ်းခြေမှရေလယ်သို့ အုတ်တံတားတစ်စင်းထိုးထားသည်။ တံတားအရှည်က ပေ ၃၀၀ ဝန်းကျင်ရှိမည်ဟု ခန့်မှန်းမိသည်။ ထိုတံတားပေါ်မှ ကျွန်တော်တို့ ဖြတ်လျှောက်လာခဲ့ရာ တံတားအဆုံး၌ မျှော်ရစ်စေတီတော်ကုန်း၏ ခြေရင်းသို့ရောက်ရှိခဲ့သည်။ စေတီတော်ကုန်းပေါ်သို့တက်ရန် ပြုလုပ်ထားသောအုတ်လှေကားကို တစ်ထစ်ချင်းဖြတ်လျှောက်ကာ စေတီတော်တည်ထားသည့် ကုန်းမြင့်ပေါ်သို့ ကျွန်တော်တို့တက်ခဲ့ကြသည်။ လေကလည်းတဝူးဝူးတိုက်ခတ်နေသကဲ့သို့ လှိုင်းလုံးများကလည်း တဝုန်းဝုန်း ပုတ်ခတ်နေသည်။ကျောက်တုံးကြီးများကစေတီတော်တည်ထားရာ ကုန်းမြင့်၏ အောက်ခြေတွင် တစ်ခုပေါ်တစ်ခုဆင့်နေကြပြီး အရောင်များက မည်းနက်နေကြသည်။ထိုကျောက်တုံးကြီးများကိုလှိုင်းလုံးများကရိုက်ခတ်ကာ ရေမွှားများပြန့်ကျဲသွားသည်ကို မြင်နေရသည်မှာ မျက်စိပသာဒရှိလှပေသည်။

မျှော်ရစ်စေတီနှင့် ဗုဒ္ဓရုပ်ပွားတော်များကိုဖူးပြီးနောက်အောက်ဘက်သို့ ဆင်းကာ ကျောက်တုံးကြီးများပေါ်မှ မျက်စိတစ်ဆုံး ကျယ်ဝန်းလှသည့် ပင်လယ်ပြင်ကြီးကိုကြည့်နေမိသည်။ လှိုင်းလုံးများက ပင်လယ်ပြင်အဝေးမှ အရှိန်ဖြင့်ပြေးလာကြကာ ကမ်းကိုတဝုန်းဝုန်းမြည်အောင် ရိုက်ခတ်လျက်ရှိသည်။

မျှော်ရစ်စေတီကို ရှေးယခင်က နဂါးရစ်စေတီဟု ခေါ်တွင်ခဲ့သည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် ဂေါတမဗုဒ္ဓသည် သဗ္ဗညုတ ရွှေဉာဏ်တော်ကိုရရှိကာ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီးနောက် ဥက္ကလာပြည်မှ တဖုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်ကို ဆံတော်မြတ်ရှစ်ဆူ ပေးသနားခဲ့ခြင်းကို အားလုံးသိရှိပြီးဖြစ်ပေသည်။ ညီနောင်နှစ်ဦးတို့သည် အပြန်ခရီးတွင် မဇ္ဈိမတိုင်း အဇတ္တနာဂရပြည်ရှင်မင်း၏ တောင်းပန်မှုကြောင့် ဆံတော်နှစ်ဆူကို ပူဇော်ခွင့်ပြုပေးခဲ့ကြပြီး ကျန်ဆံတော်ခြောက်ဆူကို ပင့်ဆောင်ကာ ရာမညတိုင်းသို့ ရွက်လွှင့်ခဲ့ကြသည်။ ရာမညမရောက်မီ လမ်းခရီးတွင် ယခုထားဝယ်မြို့နယ် မောင်းမကန်ဒေသရှိ နဂါးရစ်မော်တွင် ခရီးတစ်ထောက်နားပြီး တစ်ညတာရပ်နားခဲ့ကြသည်။

နဂါးရစ်မော်တွင် ခရီးတစ်ထောက် နားခိုနေစဉ် တောင်စောင့် နတ်နဂါးများကဆံတော်နှစ်ဆူကို ပင့်ယူပူဇော်ခဲ့ကြသည်။(ထိုဆံတော်မြတ်များကို နဂါးများက ကုန်သည်ညီနောင်မသိအောင် ခိုးယူသွားခဲ့ကြသည်ဟုလည်း အဆိုရှိသည်။) ဆံတော်မြတ်များကို နဂါးများရစ်ပတ်စောင့်ရှောက်ထားသောကြောင့် နဂါးရစ်မော်ဟု ခေါ်တွင်ခဲ့သည်။

ကုန်သည်ညီနောင်သည် ကျန်ရှိသောဆံတော်လေးဆူကိုပင့်၍ခရီးဆက်ခဲ့ပြီး ရာမညတိုင်းသို့ ရောက်ရှိသောအခါ ဥက္ကလာမင်းကြီးက သိင်္ဂုတ္တရကုန်းတော်တွင် ဌာပနာလျက် ရွှေတိဂုံစေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်ခဲ့သည်။

နဂါးရစ်မော်တွင် နဂါးများယူထားသော ဆံတော်ရှင်မြတ်များကို ဌာပနာထားသည့် ဌာပနာတိုက်ကို အလောင်းစည်သူမင်းလာရောက်ဖူးမြော်ခဲ့ပြီး ဆံတော်ဌာပနာတိုက်ပေါ်တွင် စေတီတော်တစ်ဆူတည်ထားခဲ့သည်။ ကျွန်တော်တို့ဖူးမြင်နေရသော စေတီတော်သည် အလောင်းစည်သူမင်းတည်ထားတော်မူခဲ့သည့် စေတီတော်ဖြစ်သည်။ စေတီတည်နေစဉ် အချို့သော ဘုရင့်နောက်လိုက်များက မိမိတို့ဌာနေကို လွမ်းဆွတ်တသ

**မောင်းမကန်ကမ်းခြေတွင် အမှိုက်သရိုက်များ ရှုပ်ထွေးမနေသည်ကိုလည်း သတိပြုခဲ့မိသည်။ အမှိုက်များကို သဲသောင်များပေါ်တွင် မစွန့်ပစ်ကြခြင်းဖြင့် မြန်မာနိုင်ငံရှိ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းများ သက်တမ်းရှည်ကြာစေရန် စောင့်ရှောက်ကြရမည်ဖြစ်**





ညည်းညူကြသည်ကို အလောင်းစည်သူမင်းကြားသိသောအခါ ထိုသူတို့အား ရာဇဒဏ်ချပြီး နတ်မော်ရစ်တွင်ထားရစ်ခဲ့သည်။ ဘုရင်မင်း၏ ဖောင်တော်ထွက်ခွာသွားသောအခါ ကျန်ရစ်သူများက ဖောင်စကြာကို ငေးမောကာ မျှော်ကြည့်လျက် ကျန်နေရစ်ခဲ့ကြရသဖြင့် မျှော်ရစ်ဟု အမည်တွင်ခဲ့သည်ဟုလည်း ဘုရားသမိုင်းစာအုပ်တွင် ရေးသားထားသည်။

ထိုနေရာသည် တံငါလှေများရစ်ပတ်သွားလာနေကြရာ မော်အငူလေးတစ်ခုဖြစ်နေသောကြောင့် မော်ရစ်ဟုလည်း ခေါ်တွင်ကြသည်။ မျှော်ရစ်မှ အနောက်မြောက်ယွန်းယွန်း ပင်လယ်ပြင်ကို လှမ်းကြည့်လိုက်လျှင် မောင်းမကန်ကမ်းခြေကို ထင်ရှားစွာမြင်ကြရသည်။ မောင်းမကန်သည် အလောင်းစည်သူမင်းဖောင်စကြာဆိုက်စဉ် မောင်းမမိဿံများရေကစားကြသည့် နေရာဖြစ်သောကြောင့် မောင်းမများရေကစားခြင်းကိုအစွဲပြု၍ မောင်းမကန်ဟု အမည်တွင်ခဲ့ကြောင်း အဆိုရှိသည်။

ကျွန်တော်တို့သည် မျှော်ရစ်ခေါ် မော်ရစ်ခေါ် နဂါးရစ်စေတီတော်ကို ဖူးမြော်ပြီးနောက် လာလမ်းအတိုင်း ကားကိုပြန်မောင်းလာခဲ့ပြီး မောင်းမကန်ရွာအထွက်ရှိ လမ်းခွဲတွင် မောင်းမကန်ကမ်းခြေဘက်သို့ ကွေ့ဝင်လာခဲ့ကြသည်။ မောင်းမကန်ကမ်းခြေမှ မျှော်ရစ်စေတီတော်ဆီသို့ လှမ်း၍ ဖူးမြော်ကြည့်ရာ တောင်ကုန်းပေါ်မှစေတီတော်ကို ထင်ရှားစွာ ဖူးတွေ့ကြရသည်။ ထို့အတူ စေတီတော်ခြေရင်းသို့သွယ်ထားသည့် အုတ်စောင်းတန်းကိုလည်း ခပ်ဝါးဝါးမြင်ကြရသည်။

မောင်းမကန်သည် မြန်မာနိုင်ငံရှိ အခြားသော ပင်လယ်ကမ်းခြေများကဲ့သို့ပင် ရှည်လျားကျယ်ပြန့်သော သဲသောင်ပြင်ရှိသည်။ သောင်ကမ်းတစ်လျှောက် အုန်းပင်များ အများအပြားပေါက်ရောက်နေကာ အုန်းပင်တန်းများအကြားတွင် ဆောက်ထားသည့် ဆိုင်တန်းများက ပင်လယ်ပြင်ကမ်းစပ်ကို အနားသတ်ထားသကဲ့သို့ဖြစ်နေသည်။ ကျွန်တော်တို့သည် သဲသောင်သို့ဆင်းကာ လမ်းလျှောက်ခဲ့ကြပြီး ဈေးဆိုင်တစ်ဆိုင်တွင် ထိုင်ကာ ပင်လယ်ပြင်ကိုငေးမောကြည့်လျက် ပင်လယ်စာများကို စားခဲ့ကြပါသေးသည်။

အမှိုက်များကို မည်သည့်နေရာတွင် စွန့်ပစ်ကြောင်း ကျွန်တော်မေးမိခဲ့သည်။ ဆိုင်ခန်းများက မိမိတို့ဆိုင်များမှ ထွက်လာသည့် အမှိုက်များကို ပင်လယ်ပြင်အတွင်းသို့မစွန့်ဘဲ အိတ်များဖြင့်စုကာ ရွာထဲတွင် စွန့်ပစ်ကြကြောင်း ပြောပြကြသည်။ ဈေးဆိုင်များက အမှိုက်များကို စနစ်တကျစွန့်ပစ်ကြသကဲ့သို့ ကမ်းခြေသို့လာရောက်ကြသူများကလည်း အမှိုက်များကို စနစ်တကျစွန့်ပစ်ရန် လိုအပ်လှပေသည်။

မောင်းမကန်ကမ်းခြေတွင် အမှိုက်သရိုက်များ ရှုပ်ထွေးမနေသည်ကိုလည်း သတိပြုခဲ့မိသည်။ အမှိုက်များကို သဲသောင်များပေါ်တွင် မစွန့်ပစ်ကြခြင်းဖြင့် မြန်မာနိုင်ငံရှိ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းများ သက်တမ်းရှည်ကြာစေရန် စောင့်ရှောက်ကြရမည်ဖြစ်သည်။

မောင်းမကန်မှအပြန်တွင် မောင်းမကန်ရေပူစမ်းသို့ ဝင်ရောက်ခဲ့သည်။ မောင်းမကန်ရေပူစမ်းတွင် ရေချိုးပါက ခရုသင်းစွဲနေသူများပင် ရောဂါများပျောက်ကင်းကောင်းမွန်သည်ဟုယခင်က ကြားဖူးခဲ့သည်။ ရေပူစမ်းမှ ထွက်လာသောရေများကို ပိုက်များဖြင့်သွယ်တန်းကာ ကန်များအတွင်း ထည့်ထားပြီး တစ်ခါချိုးလျှင် ငွေ ၁၀၀ ကျပ်ကောက်ခံရာ ရေချိုးနေကြသူ အမျိုးသား အမျိုးသမီးများကို တွေ့ခဲ့ရသည်။ ရေပူစိမ်လိုကြသူများအတွက် ရေပူကန်တွင် အခမဲ့စိမ်ခွင့်ပြုထားသည်။ သို့သော် ကန်ရေကလူတစ်ကိုယ်လုံး ဆင်းစိမ်နိုင်သည်အထိ မနက်သဖြင့် ခြေထောက်များကိုသာ စိမ်ခဲ့ရသည်။

ထိုင်းနိုင်ငံ ရနောင်းမြို့ရှိ ရေပူစမ်းတွင်မူ ရေပူများကိုပြွန်ဖြင့်သွယ်၍ လူအများဝင်စိမ်နိုင်သည့် အရွယ်ရှိသော အုတ်ရေကန်ကြီးကိုပြုလုပ်ပေးထားပြီး ရေပူစိမ်လိုသူများသည် ထိုကန်အတွင်းဆင်းကာ ရေပူစိမ်နေကြသည်ကို တွေ့ခဲ့ရသည်။ ထိုကန်အတွင်း ရေမစိမ်မီ အပြင်တွင်ရေချိုးကာ ခန္ဓာကိုယ်အား သန့်ရှင်းစေပြီးမှ စိမ်ခွင့်ပြုခြင်းသည်လည်း ကောင်းမွန်သော အစီအမံတစ်ရပ်ပင်ဖြစ်သည်။

ပြည်တွင်းပြည်ပမှ အလည်အပတ်လာသူများပြားသော မောင်းမကန် ရေပူစမ်းတွင် ရေပူစိမ်လိုသူများအတွက် သန့်ရှင်းသောရေပူစိမ်ကန်များ ပြုလုပ်ပေးထားမည်ဆိုပါက ပိုမိုကောင်းမွန်နိုင်မည်ဟု ထင်မိပါသည်။

မောင်းမကန်ရေပူကန်တွင် ရေကကြည်လင်နေသဖြင့် ရေမှော်ပင်လေးများကိုပါ မြင်နေကြရသည်။ ကန်ကိုပတ်ထားသည့် အုတ်ပေါင်ပေါ်တွင်ထိုင်ကာ ရေပူကန်အတွင်းသို့ ခြေထောက်ချလိုက်သည်နှင့် မခံမရပ်နိုင်အောင်ပူသွားပါသည်။ ခြေထောက်များကို ရေပေါ်သို့ဆွဲမတင်ဘဲဆက်စိမ်ထားလိုက်ရာတွင် တဖြည်းဖြည်းအပူသက်သာလာကာ ခြေချောင်းနှင့် ခြေဖမိုးများနီရဲလာသည်ကို မြင်ရသည်။ အတန်ကြာအောင်စိမ်ပြီးနောက် တစ်ကိုယ်လုံးပေါ့ပါးသွားသည်ဟု ထင်မိပါသည်။ ရေပူစိမ်ပြီးနောက် ခြေထောက်များကို ရေအသန့်ဖြင့်ဆေး၍ ကျွန်တော်တို့ပြန်လာချိန်တွင် နေစောင်းနေပြီဖြစ်သည်။

ထားဝယ်သို့ရောက်ခိုက် မောင်းမကန်သို့သွား၊ မျှော်ရစ်ရှေးဟောင်းစေတီကိုလည်းဖူး၊ ရေပူစမ်းတွင် ရေစိမ်ခဲ့ရသည့် ဤခရီးစဉ်အား ကျွန်တော် အမှတ်တရဖြစ်နေမိပါသည်။



# ညောင်တုန်းတန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူဘုရားများ ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ညောင်တုန်း နိုဝင်ဘာ ၂၁**

ညောင်တုန်းမြို့တွင် အထင်ကရဘာသာရေးပွဲတော်တစ်ခုဖြစ်သည့် တန်ဆောင်တိုင်ဘုရားပွဲတော်နှင့် နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်းရပ်ကွက်များသို့ ဒေသစာရီ ကြွချီအပူဇော်ခံပွဲကို နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်ကျင်းပရေး ဦးစီးကော်မတီက ဦးဆောင်၍ နိုဝင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် မြို့မ ၂၁ လမ်း လမ်းမတော်ဗဟိုစံကျောင်းတော်မှစတင်ကာ ရပ်ကွက်များသို့ ဒေသစာရီကြွချီ အပူဇော်ခံမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီထံမှ သိရသည်။

မဟာဝိသုတာရာမတိုက်သစ်ကျောင်းတိုက် ဘုရားဂန္ဓကုဋီတိုက်အတွင်း အပူဇော်ခံထားရှိသည့် နှစ်ကျိပ်ရှစ်ဆူဘုရားများ အပူဇော်ခံလှည့်လည်ပွဲ မစမီနှစ်ရက်ခန့်အလိုတွင် ရပ်ကွက်မှသက်ကြီးရွယ်အိုများ၊ ဘာသာရေးအသင်းအဖွဲ့ဝင်လူငယ်များ၊ ယောဂီဝတ်ရွတ်အဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက် (၁၀)ရပ်ကွက်သို့ မဲကျရာ ဘုရားဆင်းတုတော်များကို ပင့်ဆောင်ကြပြီး တန်ဆောင်မုန်းလပြည့်နေ့တွင် ယင်းမြို့ အနောက်ပိုင်းနှင့် လပြည့်ကျော် ၁ ရက်နေ့တို့တွင် မြို့အရှေ့ပိုင်းအရပ်များသို့ အန္တရာယ်ကင်းဘုရားဆင်းတုတော်များဖြင့် ပူဇော်ကြမည်ဖြစ်သည်။

**ထွန်းကျော်(ညောင်တုန်း)**

# စဉ့်ကူးမြို့နယ် ကျွန်းဦး-ရွာသာအနီး ရေလမ်းကြောင်းဟောင်းတွင် သောင်များပြန်လည်တူးဖော်

**စဉ့်ကူး နိုဝင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျွန်းဦး-ရွာသာ ကျေးရွာအနီးတွင် ရေလမ်းကြောင်းဟောင်းနေရာမှ သောင်များကို တူးဖေါ်၍ ရေးလမ်းကြောင်းပေါက်သွားစေရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းအမှတ်(၅)မှ သောင်တူးလုပ်ငန်းဆောင်ရွက်နေကြောင်း သိရသည်။

"ရေကြောင်းအဟောင်းကို ပြန်လည်ဖော်ထုတ်လိုက်ရင် ရေကြောင်းနှစ်ခုခွဲသွားလို့ စီးဆင်းတဲ့ရေထုထည် လျော့သွားပြီး ကမ်းပြိုမှုလျော့နည်းသွားမယ်။ ဒါကြောင့် ရေလမ်းကြောင်းအဟောင်းဘက်က သောင်တွေကို စက်ယန္တရားနဲ့ တူးဖော်ဖယ်ရှားတဲ့ လုပ်ငန်းလုပ်ဆောင်တာဖြစ်တယ်"ဟု မန္တလေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတိုးအောင်လင်းက ပြောသည်။

အဆိုပါသောင်တူးခြင်းလုပ်ငန်းကို နိုဝင်ဘာလဆန်းပိုင်းက စတင်လုပ်ဆောင်နေခြင်းဖြစ်ပြီး လာမည့် ဒီဇင်ဘာလတွင် လုပ်ငန်းပြီးစီးနိုင်ကြောင်း၊ လက်ရှိလုပ်ကိုင်နေသည့် သောင်တူးလုပ်ငန်းတွင် အရှည် မီတာ ၂၅၀၀၊ အကျယ် ၃၅ မီတာ၊ အနက် ရေစစ်မျဉ်းအောက် သုံးမီတာရှိကြောင်း သိရသည်။

"ကျွန်တော်တို့လုပ်ငန်းလုပ်ကိုင်ရာမှာ ပြီးမြောက်တွင်ကျယ်အောင် နံနက် ၆ နာရီကနေ ညနေ ၆ နာရီထိ တူးပါတယ်။ မှောင်ရင် ဆလိုက်မီးသုံးတယ်။ စက်ပိုင်းဆိုင်ရာကောင်းမွန်ရင် ဒီဇင်ဘာလဆန်းပိုင်းမှာပြီးမယ်"ဟု လက်ထောက်အင်ဂျင်နီယာ ဦးကျော်သန်းဝင်းက ပြောသည်။

သောင်တူးလုပ်ငန်းလုပ်ဆောင်ခြင်းဖြင့် ရေလမ်းကြောင်းကောင်းမွန်ခြင်း၊ ကမ်းပြိုမှုလျှော့ချနိုင်ခြင်း အကျိုးကျေးဇူးများကြောင့် ကျေးရွာနေပြည်သူများ၏ အိုးအိမ်မြေနေရာများနှင့် လယ်မြေများကို ကာကွယ်ပေးနိုင်ကြောင်း၊ ယခုလုပ်ဆောင်နေသည့် သောင်တူးလုပ်ငန်းအပြင် ကျွန်းဦး-ရွာသာကမ်းပါးတွင် ရေလမ်းထိန်းအဆောက်အအုံများ ဆက်လက်တည်ဆောက်ရန်ရှိပြီး သောင်တူးလုပ်ငန်းအတွက် ငွေကျပ် သန်းပေါင်း ၁၁၀၊ ရေလမ်းထိန်းအဆောက်အအုံ လုပ်ငန်းအတွက် ငွေကျပ် ၂၅၅ ဒသမ ၃ သန်း စုစုပေါင်း ငွေကျပ် ၃၆၅ ဒသမ ၃ သန်းကို အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ(၂၀)ရက်နေ့တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့

Shangri-La Hotel - Grand Ballroom ၌ ကျင်းပပြုလုပ်သော

(၂၇)ကြိမ်မြောက် အာဆီယံ နှစ်ပတ်လည် ထိပ်သီးအစည်းအဝေးပွဲ၏

ASEAN Winner for the ASEAN Business Awards (2015) အာဆီယံစီးပွားရေးထူးချွန်ဆုချီးမြှင့်ပွဲတွင်

အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံအနက်

အမျိုးသမီးစီးပွားရေးထူးချွန်လုပ်ငန်းရှင် - ပထမဆု (ASEAN Woman Entrepreneur of the Year 2015 Award) ကို

မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ်အဖြစ်

" KBZ BANK နှင့် KBZ Group of Companies " ၏ ဒုတိယ ဥက္ကဋ္ဌ

" သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး - လူမှုထူးချွန်ပထမဆင့် "မှ

လက်ခံရရှိခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဒေါက်တာမိုးမြမြ
ဒါရိုက်တာ၊ ဒဂုန်အင်တာနေရှင်နယ်လီမိတက်


telenor
မြန်မာနိုင်ငံရဲ့ အကြီးမားဆုံး 3G
ကွန်ရက်နဲ့ ပျော်ရွှင်ဖွယ်ရာပွဲတော်ချိန်ခါကို
ပို..ပိုပြီး မျှဝေခံစားကြမယ်
အကြီးမားဆုံး 3G ကွန်ရက်နဲ့ သင့်တင့်မျှတသော နှုန်းထားဖြင့်ဆက်သွယ် ချိတ်ဆက်နိုင်ပါပြီ။

## ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ စက်ရုံများမှ အထည်ထုတ်ကုန်ပစ္စည်းများကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း ရောင်းချမည်ဖြစ်ပါသည်-

၂။ **ရောင်းချမည့်ပစ္စည်းများ** - ချည်မျှင်များ၊ ပိတ်ကြမ်းများ၊ အဖြူချွတ်ဆေးဆိုး၊ ပန်းရိုက်ပိတ်များ၊ ကျား-မဝတ်ချုပ်ထည်များ၊ သက်န်းဒွိစုံအမျိုးမျိုး၊ အသင့်ချုပ်ပြီး နိုင်ငံတော်အလံအရွယ်အစား အမျိုးမျိုးနှင့် အခြားချုပ်ထည်များ

၃။ **ဈေးပြိုင်ရောင်းချမည့်ရက်** - ၂-၁၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)

၄။ **ဈေးပြိုင်ရောင်းချမည့်အချိန်** - နံနက် ၁၀း၀၀ နာရီ

၅။ **ဈေးပြိုင်ရောင်းချမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၃၆၉၊ ၀၆၇-၄၀၈၂၁၃၊ ၀၆၇-၄၀၈၃၆၂၊ ၀၁-၅၅၈၃၃၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**

## ဖခင်အမည်မှန်

ဗန်းမော်ခရိုင်၊ လွယ်ဂျယ်မြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ ဆဋ္ဌမတန်း(C)မှ မလွန်းထားထား၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင် ၁၃/နဆန(နိုင်)၀၀၀၀၉၂ ဖြစ်ပါကြောင်း။

**ဦးအောင်နိုင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၁၃၈၄၉ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7D/1882 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ သက်တမ်းလွန်ပစ္စည်းများ ရောင်းချရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း လက်အောက်ရှိ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံရှိ အောက်ပါသက်တမ်းလွန်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်-

(က) **ဓာတုဆေးရည်** ၂ မျိုး

(ခ) **စက်အရန်ပစ္စည်း** ၁၂၆ မျိုး

၂။ အိတ်ဖွင့်တင်ဒါများကို ၂၁-၁၁-၂၀၁၅ ရက်မှ ၂၄-၁၁-၂၀၁၅ ရက်အထိ ရုံးဖွင့်ရက်များ၌ နေ့စဉ် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၄-၁၁-၂၀၁၅ ရက် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၃၈၀၈၀၄၊ ၀၁-၃၈၂၀၇၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**<u>တင်ဒါဖောင်ပုံစံများထုတ်ယူရန်လိပ်စာ</u>**
**ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊**
**ရန်ကုန်မြို့**
**ဖုန်း-၀၁-၃၈၀၈၀၄၊ ၀၁-၃၈၂၀၇၀**

**<u>တင်ဒါဖောင်တင်သွင်းရန်လိပ်စာ</u>**
**ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊**
**ရန်ကုန်မြို့**
**ဖုန်း-၀၁-၃၈၀၈၀၄၊ ၀၁-၃၈၂၀၇၀**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပညာရေးဝန်ကြီးဌာန
### အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)
### ဘားအံတက္ကသိုလ်၊ ဘားအံမြို့

## ဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ဘားအံတက္ကသိုလ်၏ ဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်ဖြစ်ပါသဖြင့် ၂၀၁၃-၂၀၁၄ပညာသင်နှစ်တွင် ဘွဲ့စာမေးပွဲအောင်မြင်သူများအတွက် မဟာသုတေသနဘွဲ့၊မဟာသိပ္ပံဘွဲ့၊ ဂုဏ်ထူးဘွဲ့(သိပ္ပံ)၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဘွဲ့စာမေးပွဲအောင်မြင်သူများအတွက် မဟာသုတေသနဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့များ လျှောက်ထားနိုင်ပါသည်။

၂။ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့၊ အဝေးရောက်ဘွဲ့လျှောက်ထားလိုပါက ဘွဲ့နှင်းသဘင်လျှောက်လွှာများကို ဤတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနမှ ရယူဖြည့်စွက်ပြီး (၁-၁၂-၂၀၁၅) ရက်မှ (၃၀-၁၂-၂၀၁၅)ရက်အထိ စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနတွင်(၂"×၁½")Sticker(ကပ်ခွာ)ဓာတ်ပုံ(၃)ပုံ၊ မှတ်ပုံတင်မိတ္တူနှင့်အတူ လျှောက်လွှာတင်သွင်းနိုင်ကြပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ယူသူများအတွက်(၁၅၀၀ိ/-)ဖြစ်ပြီး အဝေးရောက်ဘွဲ့ယူလိုသူများအတွက်(၁၀၀၀ိ/-)ဖြစ်ပါသည်။

၄။ လျှောက်လွှာကိုစာတိုက်မှ ပေးပို့သည့်အခါ ပေးပို့လွှာတွင် "ဘွဲ့နှင်းသဘင်ကြေး ပေးပို့ခြင်း" ဟုဖော်ပြပြီး ပါမောက္ခချုပ် ဘားအံတက္ကသိုလ်သို့လိပ်မူ၍ လျှောက်လွှာတွင် လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အောင်မြင်သည့် ခုနှစ်၊ လ၊ ပညာသင်နှစ်၊ အထူးပြုဘာသာ၊ တက္ကသိုလ်အပြည့်အစုံကို တိကျစွာဖော်ပြရပါမည်။

၅။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မတိုင်မီက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် "အဝေးရောက်ဘွဲ့" အတွက်သာ လျှောက်ထားနိုင်ပါသည်။

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(၁)စောင် တင်သွင်းရမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် နိုင်ငံသားလက်မှတ်မူရင်းကို တင်ပြနိုင်မှသာလျှင် ဘွဲ့လက်မှတ်ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့် အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၈။ ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပါသည်။

**(မောင်မောင်)**
**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**ဘားအံတက္ကသိုလ်**

## ရွှေဥက္ကလာရေသန့်စက်ရုံမှအလိုရှိသည်

ဝန်ထမ်း ကျား(၅)ဦး + မ(၅)ဦး

အမှတ်(၁၉)၊ သုနန္ဒာလမ်းနှင့် ဘုမ္မာလမ်းထိပ်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့

နယ်ဝန်ထမ်းဦးစားပေးမည်။

နေရန်-စားရန်စီစဉ်ပေးမည်။

**ဖုန်း-၀၉-၅၁၆၂၅၀၆၊ ၀၉-၄၄၈၀၀၂၆၂၄**

## သွားကျန်းမာရေးသူနာပြုဒီပလိုမာ(Diploma in Dental Nursing)(၂)နှစ်သင်တန်းဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်နှင့်မန္တလေး)တို့တွင် ဖွင့်လှစ်မည့် သွားကျန်းမာရေးသူနာပြုဒီပလိုမာ (Diploma in Dental Nursing)သင်တန်းသို့ တက်ရောက်ရန် အောက်ပါအရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းစာမေးပွဲကို (သိပ္ပံတွဲ)ဖြင့် အောင်မြင်သူဖြစ်ရမည်။

(ဂ) လျှောက်လွှာပိတ်သည့် ၃၁-၁၂-၂၀၁၅ရက်တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ (အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်ပါ မွေးနေ့သက္ကရာဇ်အတိုင်းသာ အတည်ပြုမည်)။

(ဃ) အိမ်ထောင်မရှိသူ အပျို/လူပျို ဖြစ်ရမည်။

(င) သင်တန်းတက်ရောက်အောင်မြင်ပြီး နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက (၃)နှစ်ဆက်တိုက် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(စ) သင်တန်းတက်ရောက်ခွင့်ရရှိပြီး သင်တန်းကိုပြီးဆုံးအောင် တက်ရောက်ခြင်းမရှိလျှင်သော်လည်းကောင်း၊ သင်တန်းပြီးဆုံးအောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ်(၃)နှစ် ဆက်လက်တာဝန်ထမ်းဆောင်ခြင်း မရှိလျှင်သော်လည်းကောင်း၊ နိုင်ငံတော်မှအခါအားလျော်စွာ သတ်မှတ်ထားသောလျော်ကြေးငွေကိုပေးဆောင်ရန် ကတိခံဝန်ချုပ် ချုပ်ဆိုနိုင်သူဖြစ်ရမည်။

၃။ **လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်။**

(က) အမည်၊ အမျိုးသားမှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်။

(ခ) အသက်၊ မွေးသက္ကရာဇ် (ရက်၊ လ၊ နှစ်)။

(ဂ) မိဘအမည်နှင့် အမျိုးသားမှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်။

(ဃ) ပညာအရည်အချင်း။

(င) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်။

(စ) ဝန်ထမ်းဖြစ်ပါက လက်ရှိရာထူး/ဌာန။

၄။ **လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။**

(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်လက်မှတ် (မိတ္တူ)(၁)စောင်။

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ) (၁)စောင်။

(ဂ) နိုင်ငံရေးနှင့် ပြစ်မှုကင်းရှင်းကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း၏ ထောက်ခံစာ(မူရင်း)တစ်စောင်။

(ဃ) အိမ်ထောင်မရှိသူ အပျို/လူပျိုဖြစ်ကြောင်း သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်(သို့)ကျေးရွာအထွေထွေအုပ်ချုပ်ရေးမှူးရုံး (အုပ်ချုပ်ရေးမှူး၊ အတွင်းရေးမှူး)၏ ထောက်ခံစာ(မူရင်း) (၁)စောင်။

(င) ကိုယ်လက်အင်္ဂါချို့ယွင်းခြင်းမရှိကြောင်း၊ ကိုယ်ရောစိတ်ပါကျန်းမာကြောင်း၊ သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ဆေးထောက်ခံစာ(မူရင်း) (၁)စောင်။

(စ) လျှောက်လွှာတွင်(၆)လအတွင်းရိုက်ကူးထားသော ပီပြင်ထင်ရှားသည့် လိုင်စင်ဓာတ်ပုံ(၂)ပုံ ကျောဘက်တွင် အမည်နှင့် မှတ်ပုံတင်အမှတ်ဖော်ပြရန်။

(ဆ) ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျှင် (သင်တန်းတက်ခွင့်ရရှိပါက) ရာထူးမှနုတ်ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း သက်ဆိုင်ရာအကြီးအကဲ၏ ထောက်ခံစာ(မူရင်း) (၁)စောင်။

၅။ လျှောက်လွှာကိုညွှန်ကြားရေးမှူးချုပ်၊ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန၊ ရုံးအမှတ်(၄) နေပြည်တော်သို့ လိပ်မူ၍ လျှောက်လွှာပိတ်ရက်ဖြစ်သည့် ၃၁-၁၂-၂၀၁၅ ရက်ထက်နောက်မကျစေဘဲ ပေးပို့လျှောက်ထားရမည်။ မပြည့်စုံသည့်လျှောက်လွှာများနှင့် နောက်ကျမှရောက်ရှိလာသောလျှောက်လွှာများကို စဉ်းစားမည်မဟုတ်ပါ။

၆။ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ရရှိသူများ၏ ခုံအမှတ်စာရင်းကိုဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်နှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်နှင့်မန္တလေး) တို့တွင် ၁၃-၁-၂၀၁၆ ရက်တွင် ကြေညာထားမည်ဖြစ်သည်။ စာမေးပွဲဖြေဆိုမည့်ကတ်ပြားများကို ၄င်းရက်မှစ၍ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်တွင် ထုတ်ယူနိုင်ပါသည်။

၇။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပစစ်ဆေးသွားမည်။

**ကျင်းပမည့်ရက်** - ၁၅-၁-၂၀၁၆ ရက်

**ဘာသာရပ်** - မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ (၃)နာရီမေးခွန်းလွှာ (၁)စုံ

**ကျင်းပမည့်နေရာ** - သူနာပြု/သားဖွားသင်တန်းကျောင်း၊ နေပြည်တော်

၈။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ သူနာပြုဌာနစိတ်၊ ရုံးအမှတ်(၄)၊ နေပြည်တော် တယ်လီဖုန်းအမှတ် ဖုန်း-၀၆၇-၄၁၁၁၄၈၊ ၄၁၁၁၄၉၊ လိုင်းခွဲ ၈၁၈၊ ၈၁၉ တို့သို့လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

### MINISTRY OF AGRICULTURE AND IRRIGATION

### DEVELOPMENT OF IRRIGATION AND LAND CONSOLIDATION SCHEMES IN MYANMAR UNDER THE LINE OF CREDIT FROM EXPORT-IMPORT BANK OF INDIA

## INVITATION FOR OPEN TENDER

1. Sealed bids are invited by Agricultural Mechanization Department (AMD), Ministry of Agriculture and Irrigation (MOAI), the Republic of the Union of Myanmar (hereinafter called the employer), from the qualified and resourceful Contractors (hereinafter called the bidders) registered in India for procurement of farm machinery and implements for Development of Irrigation and Land Consolidation Schemes in Myanmar.

| Tender Description | Bidding Document Fee (USD) |
|---|---|
| Procurement of farm machinery and implements for Development of Irrigation and Land Consolidation Schemes in Myanmar | 500 |

2. The bidding documents may be purchased by the interested bidders upon submission of a formal request on payment of a non-refundable fee indicated above for each set of tender documents.

3. The bidding documents will be available from the office as noted in paragraph 8 on any working day with effect from **27.11.2015 to 7.1.2016 (from 9.00 hr. to 16.00 hr. local time).**

4. Pre-bid meeting will take place at the below address at **10.00 hr** (local time) ***on* 21st December, 2015** for discussions of various issues raised by the prospective bidders. The matters requiring clarification shall preferably be intimated by the bidders to the employer through email at **aungwinamd@gmail.com**, 07 (seven) days in advance of the date of **pre-bid meeting**, with a copy to the Project Management Consultant, i.e. WAPCOS Ltd. **(commercial@wapcos.gov.in)**

**Building No.15**
**Ministry of Agriculture and Irrigation**
**Nay Pyi Taw, The Republic of The Union of Myanmar.**

5. The bids duly completed in all respects as described in the bidding document shall be submitted, in a sealed envelope, to the employer **on or before Friday 8.1.2016** at **10.00 hr** (local time), and shall be valid for a period of **90 days** from the date of opening of bid initially, subject to the extension from time to time. The bids will be opened thereafter in the presence of the bidder's representatives at **10.00 hr.** (local time) on **8.1.2016** at the address mentioned above.

6. The bid must be accompanied, in a separate envelope duly sealed, by a bid security of **as indicated above with validity of 118 days** initially, subject to the extension from time to time as desired by the employer in the form of a Bank Guarantee issued by a Myanmar Foreign Trade Bank (MFTB). The bid without the bid security shall be summarily rejected.

7. The bid received after the expiry of the stipulated time of submission shall not be considered. The employer reserves the right to accept or reject any or all bids at on its discretion without assigning any reason whatsoever. The employer is not bound to accept the lowest offer / bid and reserves the right to negotiate with bidders.

8. Contact Address is as mentioned the following.

**Office of Director General,**
**Agricultural Mechanization Department,**
**Building No. 50, Nay Pyi Taw, The Republic of The Union of Myanmar.**
**Telephone No- +9567-431172, Fax: +95-67-431246**
**www.moai.gov.mm**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
တောင်ဥက္ကလာပမြို့နယ်
ရန်ကုန်မြို့

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၊ ပြင်ပလူနာဌာနနှင့် အစည်းအဝေးခန်းမပြင်ဆင်ခြင်းလုပ်ငန်းများအား တင်ဒါခေါ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်မည်သူမဆို လျှောက်ထားနိုင်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၁၁-၂၀၁၅ ရက်(တနင်္လာနေ့)

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၇-၁၂-၂၀၁၅ ရက်(တနင်္လာနေ့) ညနေ ၄း၀၀ နာရီ

၄။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**စုံစမ်းရန်**
**မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**အင်း၀လမ်းမကြီး၊(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၁-၅၆၃၂၇၆၊၀၉-၄၉၂၂၆၈၄၂**

---

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

တင်ဒါအမှတ် ၁၃/ရအ(ပဖတ)/သယ်ပို့(တင်ဒါ)/၂၀၁၅

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ သူငွေ့ရေအားလျှပ်စစ်စီမံကိန်းအတွက် စက်ပစ္စည်းများသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၃-၁၁-၂၀၁၅ ရက်၊ ၀၉း၀၀ နာရီ
**တင်ဒါအရောင်းပိတ်မည့်ရက်** - ၃၀-၁၁-၂၀၁၅ ရက်၊ ၁၂း၀၀နာရီ
**တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** - ၃၀-၁၁-၂၀၁၅ ရက်၊ ၁၂း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာအသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ပစ္စည်းဖြည့်တင်းရေးဌာနခွဲ**
**ဖုန်း-၀၆၇-၈၁၀၄၁၈၉၊၀၆၇-၈၁၀၄၁၉၀၊ဖက်စ်-၀၆၇-၈၁၀၄၁၉၁**

---

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန
အရိုးရောဂါအထူးကုဆေးရုံကြီး နေပြည်တော်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အရိုးရောဂါအထူးကုဆေးရုံကြီး နေပြည်တော်တွင် လာရောက်ကုသနေသော လူနာများအား ကုသပေးရန်လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းသုံး ပစ္စည်းများ (FDAအသိအမှတ်ပြုများ)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့် တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၂၂-၁၁-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၁-၁၂-၂၀၁၅ ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက် အလက်ကို သိရှိလိုပါက အောက်ပါလိပ်စာတွင် နေ့စဉ် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါ သည်။

**ဆေးရုံအုပ်ကြီး**
**အရိုးရောဂါအထူးကုဆေးရုံကြီး၊ နေပြည်တော်**
**ဥတ္တရသီရိဟိုတယ်ဇုန်အနီး၊ သစ်ဝင်တိုင်းရှာရှေ့**
**ဖုန်း-၀၆၇-၄၁၇၁၇၀**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ဒဂုံတက္ကသိုလ်

## (၂၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ဒဂုံတက္ကသိုလ် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ၊ မေလ၊ စက်တင်ဘာလ၊ အောက်တိုဘာလများတွင် ကျင်းပခဲ့သော မဟာသုတေသနဘွဲ့၊ မဟာဥပဒေဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ဘွဲ့နှင်း သဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာပုံစံများကို ၂၀၁၅ခုနှစ် ဒီဇင်ဘာလ ၇ ရက်မှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ လျှောက်လွှာများကို တင်သွင်းလျှောက်ထားနိုင်ပါသည်။ ယခင်နှစ်များက ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံ မတင်သွင်းခဲ့ကြသူများသည်လည်း အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်ပါ သည်။

၂။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ဒဂုံတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် ရယူလျက် မကြာသေးမီက ရိုက်ကူးထားသော (၂×၁½)လက်မအရွယ်၊ ဓာတ်ပုံနှစ်ပုံစီ အမျိုးသမီးများ မြန်မာအမျိုးသမီးဝတ်စုံဖြင့်၊ အမျိုးသားများ မြန်မာအမျိုးသားဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံအပြည့်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ယူဆောင် လာ၍ ပူးတွဲလျှောက်ထားရမည်။ ဤတက္ကသိုလ်မှ ယခင်ဘွဲ့ရပြီးပါက ဘွဲ့လက်မှတ်မိတ္တူကို တစ်ပါတည်းယူဆောင်လာရမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်မည်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာ ဖော်ပြရမည်။ ဘွဲ့နှင်းသဘင် တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး မတက်ရောက် ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

၄။ ဘွဲ့နှင်းသဘင်ပုံစံ တင်သွင်းသူများသည် ဘွဲ့တက်ရောက်ယူပါက ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀၀/-ကျပ် (ကျပ်တစ်သောင်းငါးရာတိတိ)ပေးသွင်းကြရမည်။ အဝေးရောက်ဘွဲ့ယူပါက အဝေးရောက်ဘွဲ့ကြေး ၁၀၀၀၀/-ကျပ် (ကျပ်တစ်သောင်းတိတိ)ပေးသွင်းကြရပါမည်။ နယ်မှ လျှောက်ထားသူများသည် သတ်မှတ်ကြေးများကို ဒဂုံတက္ကသိုလ် ငွေလက်ခံဌာနသို့ စာတိုက် ငွေပို့လွှာ(Postal Money Order)ဖြင့် ပေးပို့၍ အောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ဖော်ပြပြီး လျှောက်လွှာရှင်အမည်၊ အောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ တွဲစသည်တို့ကို တိကျစွာဖော်ပြရပါမည်။

**(သက်လွင်)**
**(ဌာနမှူး-သင်တန်းရေးရာဌာန)**
**ဒဂုံတက္ကသိုလ်**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ လမ်းဦးစီးဌာနလက်အောက်ရှိ ကနီမြို့နယ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လာဘို့- မင်းကင်း လမ်းမိုင်(၀/၀-၀/၁) မြင်းအောချောင်းတံတားတည်ဆောက်ခြင်းလုပ်ငန်း၌ အသုံးပြုရန်လိုအပ်သော တည်ဆောက်ရေးလုပ်ငန်း သုံးပစ္စည်းမျိုးစုံအား (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့်တံတားပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက် ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ယင်းမာပင်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၂၁-၁၁-၂၀၁၅ ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင်၂၁-၁၁-၂၀၁၅ ရက်မှ ၂၈-၁၁-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်းဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၉-၁၁-၂၀၁၅၊ ၁၁း၃၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ခရိုင်စီမံခန့်ခွဲမှုကော်မတီရုံး၊ယင်းမာပင်မြို့
**တင်ဒါဖွင့်ရက်/အချိန်** - ၂၉-၁၁-၂၀၁၅ ရက်၊ ၁၃း၃၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ယင်းမာပင်ခရိုင်၊ လမ်းဦးစီးဌာန**
**ဖုန်း-၀၇၁-၇၃၀၂၃၊၀၉-၇၉၁၃၁၅၇၅၂၊၀၉-၉၇၃၆၃၂၄၁၁**

---

## မိဘအမည်မှန်

၂၀၁၅ခုနှစ် မတ်လတွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ခုံအမှတ် စဘ-၅၉၉ဖြင့် ဖြေဆိုအောင်မြင်ခဲ့သော မသီရိဇော်နိုင်၏ မိဘအမည်မှန်မှာ ဦးဇော်နိုင်ဦး ၅/ရဘန(နိုင်)၁၃၀၄၇၈-ဒေါ်သန်းသန်းမြင့် ၅/ရဘန (နိုင်)၀၀၁၈၆၁ ဖြစ်ပါသည်။

---

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၂၇ယ/၂၉၅၁၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီအေး TGO-၁၈၃၃၈၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ယ/၂၁၉၄၆ Kenbo 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဦး ၉/ရမသ(နိုင်)၀၀၀၂၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရမည်းသင်း)**

---

ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
ပြင်ဦးလွင်အထွေထွေရောဂါကုဆေးရုံကြီး

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ပြင်ဦးလွင် အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများ ကုသပေးရန် FDAအသိအမှတ်ပြု လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၈-၁၁-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၁၂-၂၀၁၅ ရက် (သောကြာနေ့) ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ပြင်ဦးလွင်အထွေထွေရောဂါကုဆေးရုံကြီး**
**ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၈၅-၂၃၃၅၁**

---

**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါဟိုတယ် ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသင်တန်းဌာန(ရန်ကုန်)တွင် ဖွင့်လှစ်ပါမည်။**

| စဉ် | သင်တန်းအမျိုးအစား | အနည်းဆုံးပညာအရည်အချင်း |
|---|---|---|
| ၁။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၂။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Agencies and Tour Operation သင်တန်း(အဆင့် ၂) (Senior Travel Consultant and Sales Services | - ဟိုတယ်နှင့်ခရီးသွားသင်တန်းကျောင်းမှ ဖွင့်လှစ်သော Travel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁) အောင်မြင်ပြီးသူများ<br>- တက္ကသိုလ်မှ တစ်ခုခုမှဘွဲ့ရပြီးသူဖြစ်၍ ခရီးသွားသင်တန်းကျောင်းများမှ လက်မှတ်တစ်ခုခုဖြင့် အောင်မြင်ပြီးသူများ(သို့) ခရီးသွားလုပ်ငန်းအတွေ့အကြုံရှိသူများ |
| ၃။ | ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၄။ | အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (အဆင့် ၁) | - တက္ကသိုလ်ဝင်တန်း |
| ၅။ | အစားအစာနှင့် အဖျော်ယမကာဧည့်ခံကျွေးမွေးရေးသင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဝင်တန်း |
| ၆။ | အစားအစာနှင့် အဖျော်ယမကာ ထုတ်လုပ်ရေးသင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဝင်တန်း |
| ၇။ | အရှေ့တိုင်းအစားအစာထုတ်လုပ်ရေး သင်တန်း(အဆင့် ၁) | - ဤသင်တန်းဌာနမှ အခြေခံ(အဆင့် ၁) အစားအစာထုတ်လုပ်ရေးသင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်။ |
| ၈။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂)(စီမံ/ဘဏ္ဍာ) | - စီးပွားရေးပညာဘွဲ့ရရှိပြီးသူ(သို့)ဘွဲ့တစ်ခုခု ရပြီး စာရင်းကိုင်ပညာအခြေခံကျွမ်းကျင်သူ။ |
| | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂)(အခန်းဌာနကြီး) | - တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁)သင်တန်းတစ်ခုအောင်မြင်ပြီးသူ (သို့)တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ် ရပါမည်။ |
| | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂)(အစားအစာဌာနကြီး) | - တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁)သင်တန်းတစ်ခုအောင်မြင်ပြီးသူ (သို့)တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ် ရပါမည်။ |

